# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၀၃)


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်သမ္မတဟောင်းအား တွေ့ဆုံ

## မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံအကြား ကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ ၁၄ ယောက်မြောက်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ၊ လက်ရှိလွှတ်တော်အမတ် Hon. Gloria Macapagal -Arroyo အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကိစ္စရပ်များနှင့် ပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စင်ကာပူသံအမတ်ကြီးအား တွေ့ဆုံ**

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့် H.E. Ms.Vanessa Chan Yuen Ying က နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတဟောင်း၊ လက်ရှိလွှတ်တော်အမတ် Hon. Gloria Macapagal-Arroyo အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

သတင်းစဉ်



**ဖူးပွင့်ဝေစည်လာတော့မည့် မနောမြေ**

ဆောင်းပါး စာ ၉

**ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများ ယာယီနေထိုင်မည့်မြေနေရာအား စက်ယန္တရားများဖြင့် မြေညှိခြင်းလုပ်ငန်း ဆောင်ရွက်**

ပြည်တွင်း စာ ၁၀






**ရွှေ့ပြောင်းသွားလာသူများအတွက် DACA စီမံချက်ကို အဆုံးသတ်ရန် ထရန့်၏ ကြိုးပမ်းမှုကို အမေရိကန်တရားသူကြီး တားဆီး**

နိုင်ငံတကာ စာ ၁၄




# ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၏ မျှော်လင့်ချက်တစ်ရပ်

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် **Groupe de Recherche et d' Echanges Technologiques (GRET)** တို့သည် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါ နားလည်မှုစာချွန်လွှာသည် စားနပ်ရိက္ခာ ဖူလုံရေး၊ အသက်မွေးဝမ်းကျောင်းမှုမြှင့်တင်ရေးနှင့် သဘာဝအရင်းအမြစ်များ ထိရောက်အကျိုးရှိစွာ စီမံခန့်ခွဲရေးအတွက် ညှိနှိုင်းထားသော နားလည်မှုစာချွန်လွှာဖြစ်ပါသည်။ ဤနားလည်မှုစာချွန်လွှာသည် ချင်းပြည်နယ်အတွက် ရည်ရွယ်ထားသော နားလည်မှုစာချွန်လွှာဖြစ်၍ ပို၍လေးနက်မှုရှိသည်ဟု ဆိုရမည်ဖြစ်ပါသည်။

ချင်းပြည်နယ်ရှိ လူဦးရေသည် တစ်နိုင်ငံလုံးလူဦးရေ၏ ၀ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ဖွံ့ဖြိုးမှုနိမ့်ကျဆဲ ပြည်နယ်တစ်ခု ဖြစ်ပါသည်။ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို မဖြစ်မနေမြှင့်တင်ပေးရမည် ဖြစ်ပါသည်။ ယခုလက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာအရ ချင်းပြည်နယ်(မြောက်ပိုင်း)၊ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန်မြို့နယ်များနှင့် ချင်းပြည်နယ်(တောင်ပိုင်း)ပလက်ဝမြို့နယ်တို့တွင် စားနပ်ရိက္ခာဖူလုံဝပြောရေး၊ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးနှင့်သဘာဝအရင်းအမြစ်များကို ထိရောက်အကျိုးရှိစွာ စီမံခန့်ခွဲရေးအပါအဝင် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝင်ငွေတိုးတက်ရေးလုပ်ငန်းများအား ပြန်လည်မြှင့်တင်ပေးခြင်း စီမံကိန်းတို့ကို အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။ အထက်၌ တင်ပြထားသည့်လုပ်ငန်းစီမံကိန်းတို့ကို သုံးနှစ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**Groupe de Recherche et d' Echanges Technologiques (GRET)** သည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအတွက် လုပ်ကိုင်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပါသည်။ ဤအဖွဲ့အစည်း **(GRET)** သည် အာရှ၊ အာဖရိက၊ ဥရောပနှင့် လက်တင်အမေရိကရှိ နိုင်ငံတို့၌ ဆင်းရဲမွဲတေမှု လျှော့ချရေးနှင့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် ရည်ရွယ်ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ပါသည်။ အဆိုပါ ရည်ရွယ်ချက်များနှင့် အညီ ဤအဖွဲ့အစည်း**(GRET)** သည် လုပ်ငန်းစီမံကိန်းများ လက်တွေ့အကောင်အထည်ဖော်ခြင်းနှင့် အတူ သုတေသနနှင့် သတင်းအချက်အလက်များ ဖလှယ်ပံ့ပိုးခြင်းကိုလည်း ဆောင်ရွက်ပေးပါသည်။ ဤအဖွဲ့အစည်း **(GRET)** သည် မရှိမဖြစ်ဝန်ဆောင်မှုများကို ပံ့ပိုးပေးခြင်း၊ ရေရှည်တည်တံ့သော စားနပ်ရိက္ခာနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးမှုကို ဆောင်ရွက်ခြင်း၊ အသေးစားချေးငွေနှင့် အသေးစားလုပ်ငန်းတို့အတွက် ပံ့ပိုးခြင်းအပါအဝင် မူဝါဒပုံဖော်ချမှတ်ရေးတို့ကို ပံ့ပိုးကူညီဆောင်ရွက်ပေးပါသည်။ သို့ဖြစ်ပါ၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဤအဖွဲ့ **(GRET)** တို့ကြား လက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာသည် ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက်ပံ့ပိုးကူညီ ဆောင်ရွက်နိုင်မည်ဖြစ်၍ ဝမ်းမြောက်စွာ ဂုဏ်ပြုကြိုဆိုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ကျောင်းသား ကျောင်းသူများအား မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**မော်လမြိုင် ဇန်နဝါရီ ၁၀**

မွန်ပြည်နယ် မုဒုံမြို့ မြို့မ (၁) ရပ်ကွက် အထကကျောင်းဝင်းအတွင်း ဇန်နဝါရီလ ပထမပတ်က ဆင့်ဗမအကြိမ်မြောက် စာပေဟောပြောပွဲကျင်းပခဲ့ရာ အဆိုပါဟောပြောပွဲတွင် မြို့နယ်ရဲမှူး မြအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး နှင့်ပတ်သက်၍လည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်၍လည်းကောင်း၊ လူကုန်ကူးမှု မူခင်းများနှင့်ပတ်သက်၍လည်းကောင်း အသိပညာပေးဟောပြောခဲ့ကြသည်။

ဟောပြောပွဲသို့ မြို့နယ်ပညာရေးမှူး၊ အထကကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေ ပြည်သူများ စုစုပေါင်းအင်အား ၃၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မော်လမြိုင် (ကိုယ်ပွား)**

# ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးအား ထပ်ဆင့်ပူဇော်

**မိတ္ထီလာ ဇန်နဝါရီ ၁၀**

၂၀၁၇ ခုနှစ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆပ်ကပ်လှူဒါန်းခြင်းခံရသော မိတ္ထီလာမြို့ အသောကာရုံရေလည် စာသင်တိုက်ဆရာတော်နှင့် သဒ္ဓမ္မဝံသာရုံ (နဂါးရုံ) ကျောင်းတိုက်ဆရာတော်တို့အား ထပ်ဆင့် ဂုဏ်ပူဇာသဘင် အခမ်းအနားကို ဇန်နဝါရီ ၉ရက်က မိတ္ထီလာမြို့ သီရိမင်္ဂလာ ရပ်ကွက်ရှိ အောင်မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဘွဲ့ခံဆရာတော်နှစ်ပါး အမှူးပြုသော ပင့်သံဃာတော် ၄၅ ပါး ကြွရောက်တော်မူခဲ့ပြီး မိတ္ထီလာမြို့ နယ်မြေခံတပ်မဌာနချုပ်မှ ဗိုလ်မှူးကြီး ဝင်းနိုင်၊ မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအုန်းဌေးနှင့် ဧည့်သည်တော်များ၊ အလှူရှင်များ တက်ရောက်ပြီး အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ သာသနာရေး အကျိုးတော်ဆောင် ဦးကျော်ညွန့်က ဘွဲ့ခံဆရာတော်နှစ်ပါး၏ ထေရုပ္ပတ္တိကို ဖတ်ကြားပူဇော်ခဲ့သည်။

ထို့နောက် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ရရှိတော်မူသော မိတ္ထီလာမြို့ အသောကာရုံရေလည် စာသင်တိုက်ဆရာတော်အား ခရိုင်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တော် ရရှိသော သဒ္ဓမ္မဝံသာရုံ (နဂါးရုံ) စာသင်တိုက် ဆရာတော်အား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစိုးအောင်ကလည်းကောင်း ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များက ဘွဲ့ခံဆရာတော်နှစ်ပါး အမှူးပြုသော ပင့်သံဃာများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **ဘိုဘို(မလှိုင်)**

# မြန်မာ့ပဲမျိုးစုံ ဈေးကွက်မြှင့်တင်ရေးဖိုရမ် တရုတ်နိုင်ငံတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၀**

မြန်မာ့ပဲဈေးကွက်မြှင့်တင်ရေးဖိုရမ်ကို ဇန်နဝါရီ ၈ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ရှိ မြန်မာ့ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံး ညီလာခံခန်းမ၌ကျင်းပရာ နန်နင်းမြို့အခြေစိုက် ကောင်စစ်ဝန်ချုပ်ရုံးများမှ ကောင်စစ်ဝန်ချုပ်များ၊ တရုတ်- အာဆီယံ ကုန်စည်ပြပွဲအတွင်းရေးမှူးချုပ်ရုံး၊ ကွမ်းရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီးပွားရေးဌာန၊ တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သည်များ အသင်း( ကွမ်းရှီး ) တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပဲ၊ နှမ်းကုန်သည်များ အသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်တင် ဦးဆောင်သောမြန်မာနိုင်ငံ ပဲ၊ နှမ်းကုန်သည်များအသင်းဝင် ကုမ္ပဏီကိုးခုနှင့် တရုတ်နိုင်ငံမှ ကုမ္ပဏီ ၉၀ ကျော် တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရနန်နင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကောင်စစ်ဝန်ချုပ်ဦးစိုးသက်နောင်က အမှာစကားပြောကြားသည်။

**ရှင်းလင်းဖြေကြား**

ထို့နောက် မြန်မာနိုင်ငံပဲ၊ နှမ်းကုန်သည်များအသင်းမှ ဦးအောင်ထွန်း၊ မြန်မာကုန်သွယ်ရေး ကိုယ်စားလှယ် ဒေါက်တာသက်လွင်ဦးနှင့် တာဝန်ရှိသူများမှ မြန်မာ့ပဲမျိုးစုံဈေးကွက်၊ ပဲများ၏ အာဟာရဓာတ်များ၊ စားသောက်ကုန်လုပ်ငန်းအသုံးပြုပုံများနှင့် ရှေ့အလားအလာများကို ဆွေးနွေးခဲ့ကြသည်။ မြန်မာကုန်သွယ်ရေး ကိုယ်စားလှယ်မှ တက်ရောက်လာကြသည့်တရုတ်လုပ်ငန်းရှင်များ၏သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ခင်းကျင်းပြသ**

မြန်မာ့ပဲမျိုးစုံ ဈေးကွက်မြှင့်တင်ရေးဖိုရမ်တွင် ဧည့်သည်တော်များအား မတ်ပဲ၊ ပဲစင်းငုံတို့ဖြင့် ပြုလုပ်ထားသော တရုတ် ပုံစံအစားအသောက်များကို မြည်းစမ်းကျွေးမွေးခြင်း၊ မြန်မာ ပဲနမူနာများ၊ ပဲ အခြေခံစားသောက်ကုန်များဖြစ်သည့်ပဲကြာဆန်၊ ပဲဆန်၊ ပဲမုန့်၊ ပဲကြော်များနှင့် ပဲပင်ပေါက်များကိုခင်းကျင်းပြသခြင်းများ ပြုလုပ်ခဲ့သည်။

**ဆက်လက်ကျင်းပ**

မွန်းလွဲပိုင်းတွင် မြန်မာ-တရုတ်ကုန်သည် လုပ်ငန်းရှင်များသည် B to B Business Matching ကို ဆက်လက်ကျင်းပခဲ့သည်။ မြန်မာပဲမျိုးစုံမြှင့်တင်ရေးဖိုရမ်သည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့မှ မြန်မာ့ပဲမျိုးစုံ ဈေးကွက်သစ်ရရှိရေးအတွက် ပထမဦးဆုံးအကြိမ် ပြည်ပတွင် ဦးစီးပြုလုပ်သော ဈေးကွက်မြှင့်တင်ရေးပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ချက်ကြံသီးနှံ စိုက်နည်းစနစ် ကွင်းသရုပ်ပြ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့တွင် ချက်ကြံသီးနှံ စိုက်နည်းစနစ် ကွင်းသရုပ်ပြခြင်းအား ဇန်နဝါရီ ၁၀ ရက်က ပျဉ်းမနားမြို့ ညောင်ပင်သာကျေးရွာအုပ်စု သနပ္ပင်ဆိပ်ကျေးရွာရှိ တောင်သူ ဦးကြည်၏ စံပြစိုက်ခင်း လေးကေတွင် ကျင်းပခဲ့သည်။



အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က ချက်ကြံသီးနှံစိုက်နည်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သကြားထွက်သီးနှံဌာန ညွှန်ကြားရေးမှူး ဒေါ်ရည်ရည်မွန်၊ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်ဦးကြိုင်၊ ပျဉ်းမနားသကြားစက်ရုံမှူး ဦးခင်မောင်အေးတို့က ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသော ကြံစိုက်တောင်သူများမှ အသီးသီးဆွေးနွေးတင်ပြကြသည်။ ယင်းနောက် သိရှိလိုသည်များကို တောင်သူများက မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် လက်တွေ့စိုက်ပျိုးလျက်ရှိသည့် ကြံစိုက်စက်ဖြင့် စိုက်နည်းစနစ်၊ တစ်ဆစ်ခြင်းစိုက်နည်းစနစ်၊ အတန်းကျယ်စိုက်နည်းစနစ်၊ တောင်သူပုံမှန်စိုက်နည်းစနစ်များကို တောင်သူများ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၀-၁-၂၀၁၈

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၀၀/၈၂၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၉၅/၈၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၉ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၉ | ·၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၉ | ·၁ |
| ထိုင်း | တစ်ဘတ် | ၄၁ | ·၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ | ·၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၆ | ·၂ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာ-စင်ကာပူ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H. E. Ms. Vanessa Chan Yuen Ying အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-စင်ကာပူ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H. E. Ms. Vanessa Chan Yuen Ying တို့ တွေ့ဆုံဆွေးနွေးစဉ်။**

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နှင့် ပူတာအိုမြို့နယ်တို့မှ ဂျိမ်းဖောနှင့် ရဝမ်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်နှင့် ရှင်းလက်ဝဒေသတို့မှ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းမြို့နယ်မှ ရှမ်း၊ 'ဝ' နှင့် လားဟူတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံး၊ ပင်လောင်း၊ ဆီဆိုင်မြို့နယ်တို့မှ ပအိုဝ်းတိုင်းရင်းသား၊ တိုင်းရင်းသူများ ပါဝင်သော လေ့လာရေးအဖွဲ့အား ယနေ့ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းခန်းမ၌ တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များအား နှစ်စဉ်ခေါ်ယူ၍ လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမိနိုင်ငံတော်ကြီးအတွင်း တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်ရင်းနှမများပမာ၊ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ အတူတကွနေထိုင်လာခဲ့ကြသည့် "မြန်မာ" တည်းဟူသော တိုင်းရင်းသားများဖြစ်ကြသည့်အတွက် မြန်မာစိတ်ဓာတ်ကို အခြေခံ၍




**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် နယ်စပ်ဒေသ တိုင်းရင်းသား၊ တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

သတင်းစဉ်

ကောင်းမွန်မှန်ကန်သော ခံယူချက်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်များ ရှင်သန်ခိုင်မာလာစေရန်၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် လေ့လာတွေ့ရှိပြီး လေ့လာရေးခရီးစဉ်မှ ရရှိသည့် အတွေ့အကြုံကောင်းများကို မိမိတို့ရပ်ရွာ ဒေသဖွံ့ဖြိုးရေးအတွက် ထိရောက်စွာ ပြန်လည်အသုံးချနိုင်ရန် ဖြစ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးသည် အမျိုးသားနိုင်ငံရေး၏ အဓိကအချက်ဖြစ်ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဝေးလံခေါင်သီပြီး ဆက်သွယ်သွားလာရန် ခက်ခဲသည့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် နှစ် ၃၀ နှစ်ရှည်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူဝါဒ လေးရပ်၊ ရည်မှန်းချက်ခုနစ်ချက်၊ လုပ်ငန်းစဉ် ၁၈ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကိုလည်း နိုင်ငံတော်၏ ဘဏ္ဍာငွေအရ တတ်စွမ်းသရွေ့ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့် စကားအတိုင်း နောင်တစ်ချိန်တွင် မိမိတို့နိုင်ငံ၊ မိမိတို့ဒေသ၏ ကြီးလေးသည့် တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများဖြစ်သည့်အတွက် နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် သားကောင်း သမီးမွန်များ ဖြစ်စေရန်၊ ကဏ္ဍအားလုံးတွင် ထူးချွန်ထက်မြက်သူများဖြစ်လာစေရန် စဉ်ဆက်မပြတ် ကြိုးစားကြရန် လိုပါကြောင်း မှာကြားသည်။

ထို့နောက် တိုင်းရင်းသား၊ တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင်များကိုယ်စား ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်မှ ကချင်တိုင်းရင်းသူ မဒါရှီပန်စင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး တိုင်းရင်းသား၊ တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင်များက ၎င်းတို့၏ ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားအဖွဲ့များအား ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေး-မူဆယ် ကုန်သွယ်မှုလမ်းကြောင်းပိတ်ဆို့မှု ရှင်းလင်းရေးနှင့် လျင်မြန်ချောမွေ့စေရေး လုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဇန်နဝါရီ ၁၀**

မန္တလေး-မူဆယ် ကုန်သွယ်မှုလမ်းကြောင်း ပိတ်ဆို့မှု ရှင်းလင်းရေးနှင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**



**အဓိကကုန်သွယ်မှုလမ်းကြောင်း**

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အဓိက ကုန်သွယ်ဖက် နိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုရာတွင် နှစ်စဉ်လယ်ယာထွက်ကုန်တင်ပို့မှု ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှုမှာ ပိုမိုမြင့်တက်လာပြီး မန္တလေး-မူဆယ် ကုန်သွယ်မှုလမ်းကြောင်းတွင် တန်ချိန် ကိုးသန်းမှ ၁၀ သန်းအထိ သယ်ယူပို့ဆောင်နေသည့် အဓိက ကုန်သွယ်မှုလမ်းကြောင်း ဖြစ်သည့်အတွက် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကို အရေးကြီးကိစ္စအနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကုန်သွယ်မှုလုပ်ငန်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည့် ကုန်သွယ်မှုမြင့်မားတိုးတက်ရေး၊ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် ယခု ယာဉ်ကြောပိတ်ဆို့မှုအတွက် ဆောင်ရွက်မည့်အစီအစဉ်များ ညှိနှိုင်းတင်ပြရန် ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဆိုပါလမ်း၌ BOT စနစ်ဖြင့် ဆောင်ရွက်နေသည့် Oriental House Co., Ltd နှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြကြသည်။

**ယာဉ်ပိတ်ဆို့မှုမရှိစေရေး**

အဆိုပါ အစည်းအဝေးတွင် လမ်းကြောင်းပိတ်ဆို့မှု မရှိစေရေးအတွက် နောင်ချို၊ ဂုတ်တွင်း၌ ကုန်တင်ယာဉ်များထားရှိရန်၊ ဆယ်တင်ယာဉ်များထားရှိရန်၊ ယာဉ်များ တန်ပိုတင်ဆောင်ခြင်း မပြုရန်၊ ယာဉ်ပိတ်ဆို့မှုမရှိစေရေး အချိန်နှင့် စေလွှတ်ရန်၊ ယာဉ်ပိတ်ဆို့ပါက အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းရန်နှင့် အခြားနေရာများမှပါ ယာယီတားဆီးသွားရန်၊ ယာဉ်ကြောရှင်းလင်းမှုအတွက် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အား ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းပေးပြီး ဆက်သွယ်မှု၊ ကွပ်ကဲမှု၊ သတင်းထုတ်ပြန်မှုများ ဆောင်ရွက်ပေးရန်၊ စည်းကမ်းပျက်ယာဉ်နှင့် ယာဉ်မောင်းများ ဥပဒေနှင့်အညီ အရေးယူရန်၊ လမ်းပြုပြင်ခြင်း၊ တိုးချဲ့ခြင်းလုပ်ငန်းများ၊ လမ်းဘေး ရေမြောင်းပြုလုပ်ခြင်းလုပ်ငန်းများအား Oriental House Co., Ltd မှ သတ်မှတ်ချိန်အတိုင်း ပြီးစီးရေး ဆောင်ရွက်ရန်တို့ကို ဆုံးဖြတ်တာဝန်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုရီးယားနှင့် ပူးပေါင်းဆောင်ရွက်သည့် ပဲပုပ်အထွက်ကောင်းမျိုးများ ကွင်းသရုပ်ပြ

**ကလော ဇန်နဝါရီ ၁၀**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယား KOPIA-RDA တို့ ပူးပေါင်းဆောင်ရွက်သော ပဲပုပ်အထွက်ကောင်းမျိုးများ ရွေးချယ်ခြင်းနှင့် စိုက်ပျိုးနည်းစနစ်ဖော်ထုတ်ခြင်း စီမံကိန်းမှ ပဲပုပ်အထွက်ကောင်းမျိုးများအား စိုက်နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ဇန်နဝါရီ ၉ ရက်က ကလောမြို့နယ် ဘော်နှင်းကျေးရွာအုပ်စု မြက်ဆက်(တောင်)ကျေးရွာ တောင်သူဦးရွှေဘို၏ စိုက်ခင်း၌ ကျင်းပသည်။

ပညာပေးသရုပ်ပြပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒေါက်တာမာမာဝင်းက တောင်သူများအား စမ်းသပ်ကွက်စိုက်ပျိုးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စမ်းသပ်စိုက်ကွက်များ၌ စိုက်ပျိုးထားသည့် Seeder စနစ်၊ တောင်သူကြဲခင်းစနစ်နှင့် အထွက်ကောင်း ပဲပုပ်မျိုးကွဲများဖြစ်သည့် ရေဆင်း-၆၊ ရေဆင်း-၁၁၊ ရေဆင်း-၁၅နှင့် ဒေသဝါကြီးမျိုးများ၏ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေတို့ကို လက်တွေ့ကွင်းဆင်းပြသခဲ့သည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သက်သက်အေးနှင့် ဝန်ထမ်းများ၊ စီမံကိန်းတာဝန်ရှိသူများ၊ ပဲပုပ်စိုက်ပျိုးတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❊ *ကျောဖုံးမှ*

အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆမ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့က အဖွင့်မိန့်ခွန်း ပြောကြားကြသည်။

**ဆွေးနွေး**

ယင်းနောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တိုးတက်မှုများအား သုံးသပ်ခြင်းနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့က ဆွေးနွေးကြသည်။

အစည်းအဝေး၌ ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် ယခု ကျင်းပသည့် ဒုတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး နိုင်ငံခေါင်းဆောင်များ အစည်းအဝေးတွင် ပါဝင်တက်ရောက်ပြီး အဆွေတော်တို့နှင့် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ခွင့်ရသည့်အတွက် ဂုဏ်ယူမိပါကြောင်း။

လွန်ခဲ့သည့် သုံးနှစ်ကာလက မြန်မာနိုင်ငံ နေပြည်တော်တွင် အဆိုပြုခဲ့သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်သည် ယခုဆိုလျှင် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသည့် ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ယန္တရားတစ်ခုအဖြစ်သို့ ဖြစ်ပေါ်တိုးတက်လာခဲ့ပြီ ဖြစ်ပါကြောင်း။

**အဓိကကျ**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး မူဘောင်အတွင်းမှ ဆောင်ရွက်လျက်ရှိကြသည့် လုပ်ငန်းစဉ်များအားလုံး၏ အဓိကအနှစ်သာရမှာ ဒေသတွင်း လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း ငြိမ်းချမ်းရေးကို တိုးမြှင့်ထိန်းသိမ်းရေးပင် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုသည်မှာ မိမိတို့ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်ရေးနှင့် သာယာဝပြောရေးတို့အတွက် အဓိကကျသည့် အခြေခံများဖြစ်ပါကြောင်း။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ တစ်မူထူးခြားသည့် ဝိသေသလက္ခဏာမှာ လက်တွေ့ကျခြင်း၊ ထိရောက်မှုရှိခြင်း၊ စီမံကိန်းများ အကောင်အထည်ဖော်မှုများကို အသားပေးသည့် လုပ်ငန်းစဉ်ဖြစ်ခြင်း၊ ထိရောက်မြန်ဆန်သည့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ဖြစ်ပါကြောင်း။




ဒုတိယသမ္မတ ဦးမြင့်ဆွေ ဒုတိယအကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

မိမိတို့ မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးနှင့် မဲခေါင်ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေးတို့အတွက် တူညီသည့် ဘုံရည်မှန်းချက်များ ရှိကြပါကြောင်း။

မိမိတို့နိုင်ငံများ ကြုံတွေ့နေရသည့် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများနှင့် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် မဲခေါင်နိုင်ငံများနှင့် နှစ်နိုင်ငံချင်း ဆက်ဆံရေး၊ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးမှု၊ အပြန်အလှန် ယုံကြည်နားလည်မှုများ ပိုမိုအားကောင်းလာအောင် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**အားကောင်းရန် လိုအပ်**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများစွာရှိသည့် မဲခေါင်ဒေသသည် အောင်မြင်ဖြစ်ထွန်းသည့် ဖွံ့ဖြိုးတိုးတက်ရေးရပ်ဝန်း (Growth Centre) တစ်ခုဖြစ်လာစေရန် ဒေသတွင်း၌ ချောမွေ့သည့် ပေါင်းစည်းဆက်နွယ်မှု အားကောင်းရန် လိုအပ်ပါကြောင်း။

အရည်အသွေးပြည့်ဝသည့် အခြေခံအဆောက်အအုံများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့အတွက် ကောင်းမွန်သည့်အခြေခံများ၊ ထုတ်လုပ်မှုစွမ်းရည် တိုးတက်လာမှုများ၊ အင်စတီကျူးရှင်းများ အားကောင်းလာမှုများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာဖလှယ်မှုများသည် မဲခေါင်ဒေသကြီး၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိအဖြစ် လိုအပ်ချက်များ ဖြစ်ပါကြောင်း။

**ယန္တရားတစ်ခုဖြစ်**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးသည် အာဆီယံအသိုက်အဝန်း တည်ထောင်ခြင်းအပါအဝင် ဒေသတွင်း ကြိုးပမ်းအားထုတ်မှုများကို ပိုမိုထိရောက်စွာ အားသစ်လောင်းပေးသည့် ယန္တရားတစ်ခု ဖြစ်ပါကြောင်း။

မဲခေါင်-လန်ချန်း အဖွဲ့ဝင် ခြောက်နိုင်ငံသည် ပထဝီအရရော ယဉ်ကျေးမှုအရပါ နီးကပ်စွာ ဆက်နွယ်လျက်ရှိပြီး အစိုးရချင်းသာမက ပြည်သူများအချင်းချင်းကြား၌ပါ အိမ်နီးချင်းကောင်းပီသမှုနှင့် အစဉ်အလာ ချစ်ကြည်ရင်းနှီးမှုတို့ ရှိကြပါကြောင်း။

ပြည်သူအချင်းချင်း ပိုမိုထိတွေ့ဆက်ဆံမှုသည် ဒေသတွင်းရည်မှန်းချက်တူပြီး သဟဇာတဖြစ်သည့် လူမှုအသိုက်အဝန်းတစ်ခု တည်ထောင်ရာတွင် အင်မတန်အရေးပါသည့် အရာတစ်ခု ဖြစ်ပါကြောင်း၊ ထိုသို့ ထိတွေ့ဆက်ဆံမှုများကို အဖွဲ့ဝင်နိုင်ငံများ၏ ယဉ်ကျေးမှု၊ ပညာရေးနှင့် ပညာရှင်အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်ဖလှယ်ခြင်းတို့ဖြင့် တိုးမြှင့်သွားရန် လိုအပ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်ရေး ဦးစားပေးကဏ္ဍများတွင် လုပ်ငန်းယန္တရားများ ထူထောင်ပြီး ပူးတွဲလုပ်ငန်းအဖွဲ့များ အောင်မြင်စွာ ဖွဲ့စည်းပြီးဖြစ်သည်ကို သိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ပူးတွဲလုပ်ငန်းအဖွဲ့များသည် ပူးပေါင်းဆောင်ရွက်ရေး တစ်ခုလုံးကို လက်တွေ့ကျကျ အကောင်အထည်ဖော်သည့် အဖွဲ့များဖြစ်ကြသည့်အတွက် အင်မတန်မှ အရေးပါပါကြောင်း။

မဲခေါင်-လန်ချန်း၏ မဟာဗျူဟာများသည် အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာများ၊ "Belt and Road Initiative" အပါအဝင် အာဆီယံကဲ့သို့ ဒေသတွင်းအဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေမှုရှိရန် အရေးကြီးကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း။

မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည့် ပထမအသုတ် စီမံကိန်း ၁၃၂ ခုကို အပြီးသတ်ရွေးချယ် အတည်ပြုခဲ့သည့်အတွက် တရုတ်နိုင်ငံကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါကြောင်း၊ ယင်းစီမံကိန်းများထဲတွင် မြန်မာနိုင်ငံမှ အဆိုပြုတင်သွင်းသည့် စီမံကိန်း ၁၀ ခုလည်း ပါဝင်ပါကြောင်း။

ထို့ပြင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း ဒုတိယအသုတ်အဖြစ် အတည်ပြုခဲ့သည့် စီမံကိန်း ၂၁၄ ခုသည် ယင်းစီမံကိန်းများကို မဲခေါင်နိုင်ငံများ၏ ပြည်သူများ အကျိုးကျေးဇူးရရှိစေမည်ဟု ယုံကြည်ပါကြောင်း။

**တွန်းအားတစ်ရပ်ဖြစ်**

ယင်းစီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ခြင်းဖြင့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုကို ပြည်သူများ ပိုမိုသိမြင်နားလည်လာစေမည်ဖြစ်သလို မဲခေါင်-လန်ချန်း မူဘောင်အောက်မှ ဆောင်ရွက်သွားမည့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအတွက် တွန်းအားတစ်ရပ်ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း။

**တန်ဖိုးထား**

လာမည့် ငါးနှစ်တာအတွင်း အကောင်အထည်ဖော်မည့် မဲခေါင်-လန်ချန်း ငါးနှစ်တာ လုပ်ငန်းစီမံချက်ကို အားသွန်ခွန်စိုက် ပြုစုရေးသားခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ပူးပေါင်းညှိနှိုင်းရေးအဖွဲ့၊ အတွင်းရေးမှူးရုံးအဖွဲ့ဝင်များ၏ ကြိုးပမ်းအားထုတ်မှုကို တန်ဖိုးထားပါကြောင်း။

ယင်းလုပ်ငန်းစီမံချက်တွင် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအသစ်များ ထည့်သွင်းထားသည်ကို တွေ့ရပါကြောင်း၊ ယင်းကဏ္ဍအများစုကို တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းစဉ်များတွင်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းစီမံချက်သည် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုကို အထိရောက်ဆုံးနှင့် စနစ်တကျရှိစေမည်ဟု ယုံကြည်ပါကြောင်း။

ယခုအတည်ပြုမည့် ယင်းလုပ်ငန်းစီမံချက်သည် မဲခေါင်-လန်ချန်း အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးအတွက် လမ်းပြမြေပုံတစ်ခုသဖွယ်သာမက မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံကောင်းတစ်ခုအဖြစ်လည်း ရှိနေမည်ဟု ယုံကြည်ပါကြောင်း။

ထိရောက်မြန်ဆန်သည့် ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ယန္တရားအသစ်တစ်ရပ်ဖြစ်သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဖွံ့ဖြိုးတိုးတက်ရေးကွာဟမှုကို လျှော့ချနိုင်မှုနှင့် ပြည်သူအချင်းချင်းအကြား ချစ်ကြည်ရင်းနှီးမှုတို့ ဖော်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေမည်ဟု ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးကို အစဉ်အလေးထားခဲ့သည့်နည်းတူ အနာဂတ်တွင်လည်း ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် အကျိုးကျေးဇူးရရှိမှု ဆိုသည့်မူများကို လက်ကိုင်ထားပြီး တရုတ်နိုင်ငံ၊ မဲခေါင်နိုင်ငံများနှင့်အတူ တက်ကြွစွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**တက်ရောက်**

ယင်းနောက် ဒုတိယသမ္မတသည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်က လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ပူးတွဲဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ဒုတိယသမ္မတသည် ပူးတွဲဥက္ကဋ္ဌများက ကျင်းပပြုလုပ်သည့် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သတင်းစာရှင်းလင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် ဇနီးတို့က မဲခေါင်-လန်ချန်း နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဒုတိယသမ္မတသည် နံနက်ပိုင်းက ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိပြီး သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူး၊ သံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။

**သတင်းစဉ်**

# မောင်တောမြို့နယ် အင်းဒင်ကျေးရွာသုသာန်၌ အမည်မသိရုပ်အလောင်းများတွေ့ရှိမှုနှင့် ပတ်သက်ပြီး တပ်မတော်မှ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အင်းဒင်ကျေးရွာသုသာန်၌ လူများအား သတ်ဖြတ်မြှုပ်နှံထားကြောင်း သတင်းပို့တိုင်ကြားလာမှုအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်ခဲ့မှု ရှိ၊ မရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ဦးစီးသည့်အဖွဲ့သည် အခင်းဖြစ်ပွားရာ နယ်မြေဒေသသို့ သွားရောက်စစ်ဆေးခဲ့ရာ အင်းဒင်ကျေးရွာမှ ရွာသားအချို့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမား ၁၀ ဦးကို သတ်ဖြတ်ခဲ့သည်မှာ မှန်ကန်ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ပါဝင်ပတ်သက်သူ ရွာသားများနှင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ (Rules of Engagement) အား ချိုးဖောက်ခဲ့သော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က ယနေ့သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါထုတ်ပြန်ချက်တွင် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ဦးဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ အင်းဒင်ကျေးရွာအုပ်စုအတွင်းရှိ အခင်းဖြစ်ပွားခဲ့သည့် နေရာများကို သွားရောက်၍ တပ်မတော်သား သက်သေ ၂၀ ဦး၊ နယ်ခြားစောင့် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် သုံးဦး၊ အမှတ်(၈) လုံခြုံရေးတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၁၃ ဦး၊ အင်းဒင်ရွာသား ခြောက်ဦးနှင့် ဌာနဆိုင်ရာဝန်ထမ်း ခြောက်ဦးတို့ကို စစ်ဆေးခဲ့ကြောင်း။

စစ်ဆေးတွေ့ရှိချက်များအရ အင်းဒင်ကျေးရွာအုပ်စုတွင် တိုင်းရင်းသားရွာများဖြစ်သော အင်းဒင်(ရခိုင်)ရွာ၊ ပဲရုံ(နတလ)ရွာ နှစ်ရွာနှင့် ဘင်္ဂါလီရွာ သုံးရွာ ပါဝင်ကြောင်း၊ တိုင်းရင်းသား နှစ်ရွာတွင် အိမ်ခြေ ၁၇၆ လုံး၊ လူဦးရေ ၆၄၀ ရှိပြီး ဘင်္ဂါလီ သုံးရွာတွင် အိမ်ခြေ ၈၀၀၊ လူဦးရေ ၆၀၀၀ ခန့်ရှိကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် တိုက်ခိုက်မှုဖြစ်ပြီးနောက်ပိုင်း ဘင်္ဂါလီများမှာ တိုင်းရင်းသားများအပေါ် တင်းမာစွာ ဆက်ဆံပြီး ခြိမ်းခြောက်မှုများ ပြုလုပ်လာခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် အင်းဒင်ကျေးရွာသား ဦးမောင်နီ လယ်တောသို့သွားစဉ် အကြမ်းဖက်သမားများက ဝိုင်းဝန်းဖမ်းဆီးသတ်ဖြတ်ခဲ့ပြီး ဩဂုတ် ၂၅ ရက်က စတင်၍ အင်းဒင်တိုင်းရင်းသားရွာကို တုတ်၊ ဓားများကိုင်ပြီး အဝေးမှ နေ့၊ ည လူအုပ်ဖြင့် ဝိုင်းဝန်းခြိမ်းခြောက်ကြကြောင်း၊ ရွာသားများသည် ကြောက်ရွံ့ထိတ်လန့်လျက် အိမ်တွင်မနေရဲဘဲ အင်းဒင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် သွားရောက်စုပေါင်းနေထိုင်ခဲ့ရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း ကျေးရွာများ၏ အကူအညီတောင်းခံမှုအရ အချိန်မီရောက်ရှိ လုံခြုံရေးဆောင်ရွက်ပေးခဲ့ရကြောင်း။

အင်းဒင်ကျေးရွာတွင် လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁ ရက်တွင် ပင်လယ်ကမ်းစပ်ဘက်သို့ နယ်မြေရှင်းလင်းစဉ် အကြမ်းဖက်အင်အား ၂၀၀ ခန့်က တုတ်၊ ဓားများကိုင်ဆောင်ကာ ဝိုင်းရံတိုက်ခိုက်ခဲ့သဖြင့် သေနတ်မိုးပေါ်ထောင်ဖောက်၍ သတိပေးတားမြစ်ခဲ့ပြီး လိုက်လံဖမ်းဆီးရာ အကြမ်းဖက်သမား ၁၀ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း ဖော်ပြထားသည်။

ထို့ပြင် ဖမ်းဆီးရမိအကြမ်းဖက်သမား ၁၀ ဦးအား စက်တင်ဘာ ၁ ရက် ညပိုင်းတွင် စာသင်ကျောင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးမေးမြန်းချက်များအရ ၎င်းတို့သည် အကြမ်းဖက်အဖွဲ့များနှင့် ဆက်နွယ်မှုရှိနေကြောင်း၊ ကျေးရွာ၌ နေထိုင်စဉ် မော်လဝီဆရာများက အကြမ်းဖက်လုပ်ငန်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ရန် စည်းရုံးခံထားရသူများဖြစ်သည်ကို သိရှိရကြောင်း။

၎င်းအကြမ်းဖက်သမား ၁၀ ဦးအား လုပ်ထုံးလုပ်နည်းနှင့် အညီ ရဲစခန်းသို့ အပ်နှံရမည်ဖြစ်သော်လည်း အင်းဒင်နယ်မြေရဲစခန်းရှိ မော်တော်ယာဉ်နှစ်စီးအား သင်္ဘောကွေ့ကျေးရွာတွင် အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက် မီးရှို့ဖျက်ဆီးခဲ့ခြင်း၊ ထိုအချိန်ကာလတွင် ၎င်းနယ်မြေဝန်းကျင်တစ်ဝိုက်၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိခြင်း စသည်တို့ကြောင့် ၎င်းတို့အား သုသာန်သို့ ခေါ်ဆောင်သတ်ဖြတ်ရန် ဆုံးဖြတ်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အင်းဒင်ကျေးရွာမှ ရွာသားအချို့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမား ၁၀ ဦးကို သတ်ဖြတ်ခဲ့သည်မှာ မှန်ကန်ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ပါဝင်ပတ်သက်သူရွာသားများနှင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ (Rules of Engagement) အား ချိုးဖောက်ခဲ့သော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဖြစ်စဉ်နှင့် ပတ်သက်၍ အထက်ဌာနအဆင့်ဆင့်သို့ တင်ပြခဲ့ခြင်းမရှိကြောင်း တွေ့ရှိရသဖြင့် ဖြစ်စဉ်တွင် တိုက်ရိုက်ပါဝင်ပတ်သက်မှုမရှိသော်လည်း ကွပ်ကဲရန်တာဝန်ရှိသူများကိုလည်း လိုအပ်သလို ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်း သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်မှ ဆောင်ရွက်နေမှု အခြေအနေများဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ် Gen. Koji YAMAZAKI က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗေဟျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက် အကြမ်းဖက်သမားများက ဒေသခံပြည်သူများအား အကြမ်းဖက်တိုက်ခိုက်ခဲ့မှုအပေါ် တပ်မတော်မှ ဖြေရှင်းဆောင်ရွက်မှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် တပ်မတော်မှ ဆောင်ရွက်နေမှု အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး အဖြစ် ခန့်အပ်ခြင်းခံရသည့် Mrs. Dorothee Janetzke-Wenzel အား ယနေ့မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ် ပိုမိုနီးကပ်စွာဆက်ဆံနိုင်ရေး ဆောင်ရွက်မည့် အခြေအနေ၊ မြန်မာ့တပ်မတော်၏စစ်မှုထမ်းခြင်းဆိုင်ရာကိစ္စရပ်များနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ အမျိုးသမီး စစ်မှုထမ်းများ တာဝန်ထမ်းဆောင်နေမှု၊ လွှတ်တော်တွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ တာဝန်ပေးအပ်ထားမှု၊ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်မှ ဆောင်ရွက်နေမှု အခြေအနေများအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့် Mrs. Dorothee Janetzke-Wenzel အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# မြန်မာ-ဂျပန် တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ချစ်ကြည်လေးစားမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၀**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဂျပန်မြေပြင် ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့ စစ်ဦးစီးချုပ် Gen. Koji YAMAZAKI အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗေဟျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ရှေးဦးစွာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဂျပန်မြေပြင် ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဂျပန်မြေပြင် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ် Gen. Koji YAMAZAKI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဗေဟျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် သဘာဝဘေး အန္တရာယ်များ ကြုံတွေ့ရချိန် ကူညီကယ်ဆယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဆေးဘက်သုတေသနလုပ်ငန်းနှင့်ပတ်သက်၍ နည်းပညာအချက်အလက် ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေး လုပ်ငန်းစဉ် (Humanitarian Assistance and Disaster Relief- HADR) ဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန် ချစ်ကြည်လေးစားမှု၊ တန်ဖိုးထားယုံကြည်မှုကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီးသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ ခွဲစိတ်ကုသမှုပါရဂူ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်မြတ်က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ်များ (HADR)နှင့် ပတ်သက်၍ ဆွေးနွေးရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာရှ အကြီးဆုံး အပြည်ပြည်ဆိုင်ရာ ဆေးသိပ္ပံပညာနီးနှောဖလှယ်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံ ဆရာဝန်အသင်းအောက်ရှိ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့က ဦးစီးကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဆေးသိပ္ပံပညာ နီးနှောဖလှယ်ပွဲနှင့် အာရှပစိဖိတ် အသည်းရောဂါညီလာခံကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ လာမည့် ဖေဖော်ဝါရီလလယ်အတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာရှင်များအဖွဲ့ထံမှ သိရသည်။

ရန်ကုန်မြို့၌ လာမည့် ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပမည့် ဆေးသိပ္ပံပညာအပြည်ပြည်ဆိုင်ရာ နီးနှောဖလှယ်ပွဲကြီးတွင် ပြည်ပနိုင်ငံများမှ အစာအိမ်၊ အူလမ်းကြောင်း ကမ္ဘာ့အဆင့်ရှိ ပါရဂူ ၁၆ ဦး၊ အသည်းရောဂါသိပ္ပံပညာရှင် ကမ္ဘာ့ထိပ်သီးပါရဂူ ၃၄ ဦးတို့ ပါဝင်တက်ရောက် ဆွေးနွေးမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ယခုအကြိမ်သည် ပဉ္စမအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။



**အာရှအကြီးဆုံး အပြည်ပြည်ဆိုင်ရာဆေးသိပ္ပံပညာ နီးနှောဖလှယ်ပွဲနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းစဉ်။**

"ဒီနှစ် ကျင်းပမယ့် နီးနှောဖလှယ်ပွဲကြီးမှာ နိုင်ငံတကာကအစာအိမ်နဲ့ အူလမ်းကြောင်း ဆရာဝန်ကြီးတွေ၊ အသည်းရောဂါ ပါရဂူကြီးတွေ လာရောက် ဆွေးနွေးမှာပါ၊ ဆွေးနွေးမယ့်အပိုင်းကတော့ ခေတ်မီကုထုံးတွေ ဖြစ်မယ်၊ ရိုးရိုးရောဂါအကြောင်းတွေကိုတော့ သိပ်မဆွေးနွေးတော့ဘူး၊ ခေတ်မီအစာအိမ် အူလမ်းကြောင်း ကုထုံးတွေ၊ ဥပမာ- အစာအိမ်ကင်ဆာ အစောဆုံး ဘယ်လိုသိမလဲ၊ ယနေ့ သည်းခြေပြွန်မှာ ဘာရောဂါတွေ အဖြစ်များလဲ၊ မခွဲမစိတ်ဘဲမှန်ပြောင်းနဲ့ ဘယ်လို ကုသမလဲ၊ မှန်ပြောင်းနဲ့ကြည့်တဲ့နည်းတွေ၊ ပြွန်အတုထည့်တာတို့၊ ပြွန်ထဲကို မှန်ပြောင်းနဲ့ ကြည့်တဲ့နည်းတွေ၊ အသစ်ပေါ်လာတဲ့ နည်းပညာအရ သရက်ရွက်မှာရှိတဲ့ အရည်ဖောက်တာတွေ၊ ဝမ်းဗိုက်ထဲမှာရှိတဲ့ အာရုံကြောကို မှန်ပြောင်းနဲ့ ထုံဆေးထိုးတာတွေ စတဲ့ နောက်ဆုံးပေါ် ကုသနည်းတွေကို အဓိကထား ဆွေးနွေးသွားမှာပါ၊ ဒီမှာက အဲဒီလောက်ကုန်ကျမှု မရှိဘဲ တက်ရောက်ခွင့်ရမယ့်အပြင် မေးခွင့်၊ ဆွေးနွေးခွင့်ရမှာဖြစ်တော့ ဆေးလောက ဆရာဝန်တွေအတွက် အများကြီးအကျိုးရှိမှာဖြစ်ပါတယ်"ဟု ဒေါက်တာသိန်းမြင့် (ပါမောက္ခ၊ဌာနမှူး၊ အစာအိမ်နှင့် အူလမ်းကြောင်းဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး) က ယနေ့မွန်းလွဲ ၂နာရီတွင် ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသော စာနယ်ဇင်း ရှင်းလင်းပွဲတွင် ပြောကြားသည်။

ယခုကျင်းပမည့် အာရှအကြီးဆုံး အပြည်ပြည်ဆိုင်ရာ ဆေးသိပ္ပံပညာနီးနှောဖလှယ်ပွဲကြီးကို ဦးဆောင်ကျင်းပမည့် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့ကြီးကို မြန်မာနိုင်ငံ၌ ၂၀၀၄ ခုနှစ်မှစတင်ကာ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းဆရာဝန်များ အရည်အသွေးမြင့်မားစေရန် စဉ်ဆက်မပြတ် နီးနှောဖလှယ်ပွဲများ၊ ဆေးပညာပေးခြင်းများ၊ ဆေးနှင့်ဆိုင်သောသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ပြည်သူလူထုအတွက် ထိရောက်သောကုသမှုများကို နယ်လှည့်ကုသပေးရန် အဓိကရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ယခုကျင်းပမည့် နီးနှောဖလှယ်ပွဲကြီးတွင် ပြည်တွင်းဆရာဝန်များနှင့် ဆေးဘက်ဆိုင်ရာဝါသနာပါသော ပြည်သူများအနေဖြင့် လူဦးရေကန့်သတ်ထားသဖြင့် တက်ရောက်လိုပါက အမြန်ဆုံးစာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ **သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

## ထိုင်းနိုင်ငံအတွင်း အထောက်အထားမမှန်ကန်သည့် အလုပ်သမားများအား ပြန်လည်စစ်ဆေးအရေးယူမှုများ စတင်ဆောင်ရွက်လျက်ရှိ

**နခွန်ပထုံ ဇန်နဝါရီ ၁၀**

ထိုင်းနိုင်ငံအတွင်း လာရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် အထောက်အထား မမှန်ကန်၊ မပြည့်စုံသည့်အလုပ်သမားများအား ပြန်လည်စစ်ဆေးအရေးယူမှုများ စတင်ဆောင်ရွက်လျက်ရှိကြောင်း ဇန်နဝါရီ ၉ ရက်က သိရသည်။

ထိုင်းနိုင်ငံ နခွန်ပထုံနယ်မြေ၌ မြန်မာအလုပ်သမားအများစု လုပ်ကိုင်လျက်ရှိသည့် စက်ရုံနှစ်ရုံသို့ ထိုင်းပူးပေါင်းအဖွဲ့များ ဝင်ရောက်စစ်ဆေးရာ အလုပ်ရှင်အမည်မပြောင်းရသေးသည့် အလုပ်သမား ၄၀ ခန့် ဖမ်းဆီးခံခဲ့ရကြောင်း၊ အဆိုပါစစ်ဆေးမှုခံရသည့် အလုပ်ရှင်နှင့် အလုပ်သမားများအား ထိုင်းအစိုးရက ထုတ်ပြန်ထားသည့် အလုပ်သမားဥပဒေသစ်ဖြင့် အရေးယူခံရဖွယ်ရှိကြောင်း၊ အထူးသဖြင့် ဝါ့ပါမစ်နှင့် နေထိုင်ခွင့်အထောက်အထားများ မှန်ကန်အောင် ပြင်ဆင်ထားကြရေး ထိုင်းနိုင်ငံအတွင်း မြန်မာ့အလုပ်သမားများအရေး အကူအညီပေးလျက်ရှိသည့် လူမှုအဖွဲ့အစည်းများမှ အသိပေးနှိုးဆော်ထားကြောင်း ထိုင်းနိုင်ငံမှလာသည့် သတင်းများအရ သိရသည်။ **ကျော်စိုး (ကော့သောင်း)**

## မိုးညိုမြို့၌ မူခင်းအသိပညာပေး

**မိုးညို ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စိန်လွင် ဦးဆောင်မှုဖြင့် ဇန်နဝါရီ ၆ ရက်က မိုးညိုမြို့နယ် သခင်လှရှိန်ရပ်ကွက် မူဝံကားဂိတ်၌ လည်းကောင်း၊ မြို့နယ်စည်ပင်သာယာဈေးရှေ့၌ လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇော်ခန့်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး ကျော့ဟန်နှင့် ပြခန်းတာဝန်ခံ ဒုတိယရဲအုပ်အောင်ဇော်မင်းတို့အဖွဲ့က မူခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး ဟောပြောခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များကို လာရောက်လေ့လာကြည့်ရှုသော ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်လာရောက်လေ့လာသော ပြည်သူများအား ပညာပေး ဆွေးနွေးကြကြောင်း သိရသည်။ **ကိုမင်း(မိုးညို)**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်မှုများ

စုသက်မှူး (မရမ်းကုန်း)

လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရှိကြသည်။ လူတိုင်းခွဲခြားမှုမရှိစေဘဲ အခွင့်အရေးနှင့် လွတ်လပ်ခွင့်အားလုံး ခံစားခွင့်ရှိသည်။ မည်သူ့ကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်းမပြုရ။ မည်သူမျှ မိမိ၏ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်၊ မိသားစု၊ နေအိမ် သို့မဟုတ် စာပေးစာယူကိစ္စရပ်များတွင် မတရား ဝင်ရောက်စွက်ဖက်ခြင်း မခံရစေရ။ လူတိုင်းတွင် လွတ်လပ်စွာ သွားလာခွင့်ရှိသည်။ လူတိုင်းတွင် လွတ်လပ်စွာတွေးခေါ်ခွင့်နှင့် ကိုးကွယ်ခွင့်ရှိသည်။ လူတိုင်းလူမှုဘဝလုံခြုံရေး ရယူပိုင်ခွင့်ရှိသည် စသဖြင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ဖော်ပြထားသည်။

**ကော်မရှင်ဖွဲ့စည်းမှု**

မြန်မာနိုင်ငံတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရန်နှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရန်တို့အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာလက အဖွဲ့ဝင် ၁၁ ဦးနှင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာ ၆ ရက်မှစကာ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ငါးဦး စုစုပေါင်း ကော်မတီဝင် ခုနစ်ဦးဖြင့် လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ကော်မရှင်တွင် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် အသိပညာပေးဌာန၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၊ ဥပဒေရေးရာဌာန၊ နိုင်ငံတကာ ဆက်ဆံရေးဌာန၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနဟူ၍ ဌာနငါးခု ဖွဲ့စည်းထားပြီး နိုင်ငံအနှံ့ လှည့်လည်ဆွေးနွေးဟောပြောခြင်း၊ တိုင်ကြားစာများ၊ ပြဿနာများ ဖြေရှင်းပေးခြင်း၊ အရေးကြီးသောကိစ္စရပ်များ ကြုံတွေ့ရသည့်အခါ ကွင်းဆင်းစစ်ဆေးခြင်း၊ အကျဉ်းထောင်နှင့် အကျဉ်းစခန်းများကို စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**အသိပညာပေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကို ဆောင်ရွက်ရာတွင် ၂၀၁၇ ခုနှစ်အတွင်း ပူတာအို၊ မချမ်းဘော၊ ကောလင်း၊ ဝန်းသို၊ မိုင်းယောင်း၊ မိုင်းဆတ် စသည့် မြို့နယ်များ အပါအဝင် မြို့နယ် ၁၅ မြို့နယ်တွင် လူ့အခွင့်အရေးဆိုင်ရာဟောပြောပွဲများ ပြုလုပ်ခဲ့သည်။ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တွင်လည်း တပ်မတော်အရာရှိကြီးများအတွက် လူ့အခွင့်အရေးဘာသာရပ်များကို ကော်မရှင်စတင်ဖွဲ့စည်းချိန်မှစ၍ ပို့ချခဲ့ရာ လေးကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။ အလားတူ စစ်ဦးစီးတက္ကသိုလ်တွင် သုံးကြိမ်၊ ခြေလျင်တပ်ရင်းမှူးသင်တန်းတွင် ၁၀ ကြိမ်၊ တပ်ခွဲမှူးသင်တန်းတွင် ၁၀ ကြိမ် ပို့ချခဲ့ပြီးဖြစ်သည်။ ရဲအရာရှိများအတွက် လူ့အခွင့်အရေးသင်တန်းကိုလည်း ၂၀၁၇ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် သုံးကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးဌာနများကို လူ့အခွင့်အရေးဆိုင်ရာဟောပြောပွဲများ ပြုလုပ်ခဲ့ရာ ၂၀၁၅ ခုနှစ်က ဌာန ၄၀၊ ၂၀၁၇ ခုနှစ်တွင် ၃၄ ဌာနတို့၌ ဟောပြောမှုများလုပ်ခဲ့သည်။ ဗဟိုဝန်ထမ်းတက္ကသိုလ်တွင်လည်း ၇၂ ကြိမ် ဝန်ထမ်းပေါင်း လူဦးရေ သုံးသောင်းကျော်ခန့်ကို သင်တန်းပို့ချခဲ့ပြီး ဖြစ်သည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အစိုးရအရာထမ်းများအတွက် အလုပ်ရုံသင်တန်းများကို ၂၀၁၄ ခုနှစ်က ပြည်နယ် ခုနစ်ခု၊ ၂၀၁၅ ခုနှစ်မှာ တိုင်းဒေသကြီး ခုနစ်ခုနှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တို့တွင် ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ တွင် ခရိုင်အဆင့် လေးခရိုင်ကို ဆောင်ရွက်ပေးခဲ့သည်။

**ရပ်ရွာအခြေပြုအလုပ်ရုံဆွေးနွေးပွဲများ**

အခြားအလုပ်ရုံသင်တန်းများဖြစ်သည့် ရပ်ရွာအခြေပြုအလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၅ ခုနှစ်တွင် ၁၄ ကြိမ်၊ ၂၀၁၆ ခုနှစ်တွင် အကျဉ်းထောင်အရာရှိများအတွက် အလုပ်ရုံသင်တန်း နှစ်ကြိမ်လုပ်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် အမျိုးသမီးအဖွဲ့အစည်းများအတွက် နှစ်ကြိမ်၊ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို တစ်ကြိမ်၊ စည်ပင်သာယာ ရဲတပ်ဖွဲ့ဝင်များအတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို တစ်ကြိမ် ပြုလုပ်နိုင်ခဲ့သည်။




ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း

ထို့ပြင် အကျဉ်းထောင်များစစ်ဆေးခြင်းကို ၂၀၁၆ ခုနှစ်တွင် အကျဉ်းထောင်ရှစ်ခုနှင့်အကျဉ်းစခန်း ငါးခု စုစုပေါင်း ၁၃ ခု စစ်ဆေးနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အကျဉ်းထောင်ပေါင်း ၂၈ ထောင်နှင့် အလုပ်စခန်း ၂၄ ခု စစ်ဆေးနိုင်ခဲ့သည်။ အကျဉ်းထောင်များစစ်ဆေးရာတွင် ဘူးသီးတောင် အကျဉ်းထောင်ကို သုံးကြိမ် စစ်ဆေးမှု ပြုလုပ်ခဲ့သည်။

**အကျဉ်းထောင်များစစ်ဆေးခြင်း**

ထိုသို့ အကျဉ်းထောင်များကို သွားရောက်စစ်ဆေးစဉ် အကျဉ်းသားများ၏ အခက်အခဲများ၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို အကျဉ်းထောင်ဝန်ထမ်းများ မျက်ကွယ်တွင် လွတ်လပ်စွာ တင်ပြခွင့်ပြုခဲ့သဖြင့် အကျဉ်းထောင်များတွင် ၃၂၀ ဦးနှင့် အကျဉ်းစခန်းများတွင် ၁၃၃ ဦး၊ စုစုပေါင်း ၄၅၃ ဦး သတင်းပို့မှုရှိခဲ့သည်။ ၂၀၁၇ ခုနှစ်ထဲတွင် ရဲစခန်းအချုပ်ခန်း ပေါင်း ၄၈ ခု၊ တရားရုံး အချုပ်ခန်း ၄၅ ခုနှင့် ဆေးရုံအချုပ်ခန်း ၁၂ ခုကို စစ်ဆေးနိုင်ခဲ့သည်။

**ကွင်းဆင်းစုံစမ်းစစ်ဆေးမှုများ**

ကွင်းဆင်းစုံစမ်းစစ်ဆေးမှုများကို တိုင်စာအရအပြင် Facebook နှင့် သတင်းဂျာနယ်များမှာ တွေ့ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များကိုလည်း ကွင်းဆင်းစစ်ဆေးခဲ့သည်။ ၂၀၁၇ ခုနှစ်ထဲတွင် တိုင်စာအရ ၁၆ ကြိမ် စစ်ဆေးခဲ့ပြီး တိုင်စာမဟုတ်ဘဲနှင့် စစ်ဆေးမှု ခုနစ်ကြိမ် စုစုပေါင်း ၂၃ ကြိမ် ကွင်းဆင်းစစ်ဆေးမှုများ လုပ်နိုင်ခဲ့သည်။

မကြာသေးခင်ကလည်း ခနေဖြူမြို့တွင် ဖြစ်ခဲ့သည့် ၁၁ နှစ်အရွယ် သမီးအရင်းနှင့် ၈ နှစ်အရွယ် တူဖြစ်သူတို့အား နှိပ်စက်ညှဉ်းပန်းမှု ဖြစ်စဉ်ကိုလည်း တိုင်စာအရမဟုတ်ဘဲ Facebook တွင်ရသည့် သတင်းရလျှင်ရချင်း ကလေးနှစ်ယောက်ကို ကယ်တင်နိုင်ရေး ဆောင်ရွက်ခဲ့သည့်အပြင် ကလေးများအား နှိပ်စက်ညှဉ်းပန်းသူကိုလည်း အရေးယူရန် တိုက်တွန်းဆောင်ရွက်နိုင်ခဲ့သည်။

**ရခိုင်ဒေသသို့သွားရောက်စစ်ဆေးမှု**

အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် တိုင်စာအရကွင်းဆင်းစစ်ဆေးမှု ၁၆ ကြိမ်နှင့် အခြားသတင်းများနှင့် လိုအပ်ချက်အရ ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ရာတွင် ၂၀၁၇ ခုနှစ်ထဲ၌ ရခိုင်ပြည်နယ်မောင်တောဒေသသို့ နှစ်ကြိမ်သွားရောက်စစ်ဆေးခဲ့သည်။ ပထမအကြိမ် သွားရောက်စဉ်က တိုင်းရင်းသားများ၏ လူ့အခွင့်အရေး ချိုးဖောက်ခံရနေသလား၊ ဘင်္ဂါလီများ လူ့အခွင့်အရေး ချိုးဖောက်ခံနေရသလား စသဖြင့် ကိစ္စရပ်များကို လေ့လာခဲ့ရာ ဟိန္ဒူလူမျိုးများနှင့် မြို၊ ဒိုင်းနက်၊ ခမီ စသည့် တိုင်းရင်းသားများအပေါ် အကြမ်းဖက်သမားများက လူ့အခွင့်အရေး ချိုးဖောက်နေမှုများကို တွေ့ခဲ့သည့်အတွက် အများပြည်သူသိအောင်သတင်းထုတ်ပြန်မှုများ ပြုလုပ်ခဲ့သည်။

ဒုတိယအကြိမ်အဖြစ် ၂၀၁၇ ဒီဇင်ဘာလထဲမှာ စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောဒေသများသို့ သွားရောက်လေ့လာသည့်အခါ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် ဘင်္ဂါလီများကို လက်ခံမည့် အစီအစဉ်နှင့် ပြင်ဆင်ထားရှိမှု အပိုင်းများ၊ ဒုက္ခသည်စခန်းမှာနေပြီး ကိုယ့်အရပ်ကိုယ့်ဒေသသို့ မပြန်ရသေးသည့် ဟိန္ဒူဒုက္ခသည်စခန်းများကိုလည်း လေ့လာခဲ့သည်။ ထို့အပြင် အကြမ်းဖက်သမားများကြောင့် ရွာများဆုံးရှုံးပြီး သေကျေပျက်စီးမှုများစွာဖြင့် ဒုက္ခရောက်ခဲ့ကြသည့် မြို၊ ဒိုင်းနက်၊ ခမီ စသည့် တိုင်းရင်းသားများအတွက် လုံခြုံစိတ်ချရသည့်နေရာများတွင် ကျေးရွာသစ်များ ပြန်လည်တည်ဆောက်မည့် နေရာများကိုလည်း သွားရောက်လေ့လာခဲ့သည်။

**တိုင်ကြားမှုအများဆုံးအမှုများ**

၂၀၁၆ ခုနှစ်တွင် တိုင်စာ ၆၁၁ စောင် ရခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် နိုဝင်ဘာလထိ ၄၁၄ စောင်ရရှိခဲ့သည်။ ယင်းတိုင်ကြားစာ ၄၁၄ စောင်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဖြေရှင်းဆောင်ရွက်ပေးရန် မေတ္တာရပ်ခံခဲ့သည့်ကိစ္စ ၂၇၆ စောင်ရှိခဲ့သည်။ တချို့မှာရှင်းလင်းသည့် တိုင်ကြားစာများ၊ တချို့ဥပဒေလမ်းကြောင်းအရ ဆောင်ရွက်ရမည့်ကိစ္စများ၊ အချင်းချင်း ပုဂ္ဂလိက ပြဿနာများကြောင့် အကြောင်းပြန်ကြားမှု ၁၁၂ စောင်ရှိခဲ့သည်။ တချို့တိုင်ကြားစာများမှာ လူ့အခွင့်အရေးနှင့်ပတ်သက်မှုမရှိသည့်အတွက် မှတ်တမ်းတင်ထားသည့် အမှုသုံးမှုရှိပြီး အချို့ကာယကံရှင်များက တိုင်ကြားသည့်ကိစ္စ ပြေလည်သွားသဖြင့် တိုင်ကြားမှုရုပ်သိမ်းခြင်း သုံးမှုရှိခဲ့သည်။

တိုင်ကြားမှုအများဆုံးအမှုများမှာ မြေယာကိစ္စများဖြစ်သည်။ မြေယာကိစ္စတွင် ကျူးကျော်အိမ်များ ဖယ်ရှားခံရမှု၊ ကရင်ပြည်နယ်တွင် မြေများသိမ်းဆည်းခံရမှု စသည့်ပြဿနာများ တိုင်ကြားမှုရှိခဲ့ပြီး အကျဉ်းအလုပ်စခန်းတွင် ကျောက်ခဲထိမှန်ဒဏ်ရာရသည့်ဒဏ်ရာကို ကုသမပေးသည့်တိုင်စာ ရရှိခဲ့ပြီး စစ်ဆေးချက်အရ တာဝန်ရှိသည့် အကျဉ်းထောင်အရာရှိကို ဝန်ကြီးဌာနက အရေးယူခဲ့သည်။ ဒဏ်ရာရသည့်အကျဉ်းသားကိုလည်း ဆေးရုံတင်ကုသမှု ရရှိအောင် လုပ်ဆောင်ပေးနိုင်ခဲ့သည်။

**၂၀၁၆-၂၀၁၇ ခုနှစ် လုပ်ဆောင်ချက် အားသာချက်၊ အားနည်းချက်များ**

အရင်နှစ်များနှင့် နှိုင်းစာပါက တိုးတက်မှုများစွာ လုပ်ဆောင်လာနိုင်ခဲ့သည်ကို တွေ့ရမှာဖြစ်သည်။ ဥပမာ- ၂၀၁၆ ခုနှစ်က အကျဉ်းထောင် ရှစ်ခုစစ်ခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် အကျဉ်းထောင် ၂၈ ထောင် စစ်ခဲ့သဖြင့် သုံးဆခန့် ပိုလုပ်နိုင်ခဲ့သည်။ အကျဉ်းစခန်းများအား ၂၀၁၆ ခုနှစ်က စခန်းငါးခု စစ်ဆေးခဲ့ရာက ၂၀၁၇ ခုနှစ်တွင် ၂၄ ခု စစ်နိုင်ခဲ့သည့်အတွက် ငါးဆနီးပါး ပိုမိုလုပ်နိုင်ခဲ့သည်။ ရဲစခန်း အချုပ်ခန်းများအား ၂၀၁၆ ခုနှစ်က ၁၆ ခု စစ်ဆေးခဲ့ရာက ၂၀၁၇ ခုနှစ်တွင် ၄၈ ခု စစ်ဆေးနိုင်ခဲ့သည့်အတွက် သုံးဆခန့် ပိုလုပ်နိုင်ခဲ့သည်။ တရားရုံး အချုပ်ခန်းများအား ၂၀၁၆ ခုနှစ်က ငါးခန်း စစ်နိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ၄၅ ခန်းထိ စစ်နိုင်ခဲ့သည့်အတွက် ကိုးဆပိုပြီး လုပ်နိုင်ခဲ့သည်။ ဆေးရုံအချုပ်ခန်းများအား ၂၀၁၆ ခုနှစ်က ငါးခန်း စစ်ဆေးခဲ့ရာက ၂၀၁၇ ခုနှစ်တွင် ၁၂ ခန်း စစ်နိုင်ခဲ့သဖြင့် နှစ်ဆကျော် လုပ်ဆောင်နိုင်ခဲ့သည်။

အကျဉ်းသားများနှင့် လွတ်လပ်စွာတွေ့ဆုံမေးမြန်းရာတွင်လည်း အရင်နှစ်က ၁၁၅ ဦး ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၄၅၃ ဦးထိ တွေ့ဆုံမေးမြန်းနိုင်ခဲ့သည့်အတွက် တွေ့ဆုံသတင်းပို့နိုင်သူ လေးဆခန့် တိုးတက်လာသည်။ ကွင်းဆင်းစစ်ဆေးမှုများကိုလည်း ၂၀၁၆ ခုနှစ်က ခြောက်ကြိမ် ကွင်းဆင်းခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ၂၃ ကြိမ် ကွင်းဆင်းစစ်ဆေးနိုင်ခဲ့သဖြင့် လေးဆခန့် တိုးတက်လာသည်။ ထို့အပြင် ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင်လည်း ရေဒီယို၊ တီဗွီသတင်းစာများတွင် တိုင်စာများ တိုင်ကြားနိုင်သည့် ကြော်ငြာစာများ ထည့်လိုက်သည့်အခါ ပြည်သူလူထု၏ယုံကြည်ကိုးစားမှု တိုးတက်လာသဖြင့် တိုင်စာများ ပိုမိုတိုးတက်ရရှိလာခဲ့သည်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ ပူးပေါင်းကူညီမှုများလည်း ယခင်ထက် တိုးတက်လာသည်။

**တိုင်ကြားနိုင်**

လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားနိုင်သည်။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေး သဘောတူစာချုပ်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ပါ လူ့အခွင့်အရေးများ ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၊ အမှတ်(၂၇)၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ Email address protection@mnhrc.org.mm သို့ဖြစ်စေ-

(၁) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ လက်ကိုင်ဖုန်းနှင့် ဖက်စ်တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(၂) တိုင်တန်းသူ (အခြားသူအတွက် တိုင်တန်းပေးခြင်းဖြစ်ပါက ထိုသူ)သည် မည်ကဲ့သို့ မူလအခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြလျက် လိုအပ်ပါက မှတ်တမ်းဓာတ်ပုံ၊ အသံ၊ ဗီဒီယိုဖိုင်နှင့် အထောက်အထားမိတ္တူများ ပူးတွဲပေးပို့ရန်။

(၃) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက် လက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

**ကော်မရှင်မှ စုံစမ်းစစ်ဆေးခြင်းမပြုလုပ်သည့် တိုင်တန်းချက်များ**

- တရားရုံးတစ်ရပ်ရပ်တွင် အမှုဖွင့်တိုင်တန်းထားသည့် အမှုကိစ္စ
- တရားရုံးတစ်ရပ်ရပ်တွင် စစ်ဆေးဆဲ အမှုကိစ္စ၊ တရားရုံး၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်ဝင်ရောက်ဆဲ အမှုကိစ္စ
- တရားရုံးတစ်ရပ်ရပ်က အပြီးသတ် ဆုံးဖြတ်ချက် ချမှတ်ပြီးသော အမှုကိစ္စတို့ဖြစ်သည်။

**လူ့အခွင့်အရေး၏ ဝိသေသ လက္ခဏာများ**

- လူ့အခွင့်အရေးသည် လူသားအားလုံးနှင့် သက်ဆိုင်သည်။
- လူ့အခွင့်အရေးသည် လူတိုင်းအတွက် မွေးရာပါ အခွင့်အရေးဖြစ်သည်။
- လူ့အခွင့်အရေးကို ဖယ်ရှားနုတ်ပယ်လို့မရ။
- လူ့အခွင့်အရေးများကို ခွဲခြမ်းလို့မရ။
- လူ့အခွင့်အရေးများသည် အပြန်အလှန် အမှီသဟဲပြုနေသည်။

သို့ဖြစ်လျှင် လူသားအားလုံး၏ မွေးရာပါဂုဏ်သိက္ခာနှင့် တန်းတူညီမျှရှိပြီး ဖယ်ရှားထုတ်ပယ်၍မရသော လူ့အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် ကမ္ဘာပေါ်တွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့အတွက် အခြေခံအုတ်မြစ်ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရန်နှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရန်တို့အတွက် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အကြောင်း အများပြည်သူ သိရှိနိုင်စေရန် ရေးသားလိုက်ရပါသည်။ ။

> **"နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေး သဘောတူစာချုပ်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ပါ လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း တိုင်ကြားနိုင်သည်"**

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၀

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်( ၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံတို့သို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့လျက်ရှိကြသည်။**

### ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီဟာဆာနယ်လ် ဘိုကီးယား မူအစ်ဇာဒင် ဝါဒူလာက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်၊ အစိုးရနှင့် မြန်မာပြည်သူများသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် နှစ်ထောင်းအားရ ဖြစ်မိပါသည်။ ဘရူနိုင်း ဒါရုဆလမ်နှင့် မြန်မာနိုင်ငံတို့ကြား သံတမန်ဆက်ဆံရေး ၂၅နှစ်ပြည့် အထိမ်းအမှတ် ကျင်းပခဲ့ကြောင်း၊ နှစ်နိုင်ငံကြား အာဆီယံမှတစ်ဆင့် တန်ဖိုးရှိသော ရင်းနှီးခင်မင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာမည်ဟု မျှော်လင့်ကြောင်း ဖော်ပြပါရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုကီးယား မူအစ်ဇာဒင် ဝါဒူလာက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ နှစ်( ၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်၊ အစိုးရနှင့် မြန်မာပြည်သူများထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် အလွန်ရွှင်လန်း ဝမ်းမြောက်မိပါသည်။ ဘရူနိုင်း ဒါရုဆလမ်နှင့် မြန်မာနိုင်ငံတို့ကြား သံတမန်ဆက်ဆံရေး ၂၅နှစ်ပြည့် အထိမ်းအမှတ်ဖြစ်သောကြောင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်သလို နှစ်နိုင်ငံပြည်သူများကြား ချစ်ကြည်ရင်းနှီးမှုအတွက်လည်း အလွန်ဝမ်းသာပီတိ ဖြစ်ရပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် အဆွေတော်၏ စိတ်အားထက်သန်မှုအပေါ် စာနာနားလည် သဘောပေါက်ပါကြောင်း အထူးသဖြင့် အဆွေတော်၏ လွန်ခဲ့သော အောက်တိုဘာလ ဘရူနိုင်း ဒါရုဆလမ်ခရီးစဉ်နှင့် ယင်းခရီးစဉ်တွင် နှစ်နိုင်ငံဆက်ဆံရေး ကာလရှည်ကြာ ဖြစ်ထွန်း တိုးတက်နေမည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိပါသည်။

### ကမ္ဘောဒီးယားနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာဆီနာ ပါတိုင်းတဲ့ချို ဟွန်ဆင်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ကမ္ဘောဒီးယားအစိုးရနှင့် ပြည်သူများကိုယ်စား မြန်မာနိုင်ငံ၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် ဖော်ရွေရင်းနှီးသော မြန်မာပြည်သူများသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။

ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံသည် အပြန်အလှန်လေးစားမှုနှင့် စည်းလုံးညီညွတ်မှုဟူသော ဘက်ပေါင်းစုံမူဘောင်ကို အခြေခံကာ ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုနှင့် ဖော်ရွေပျူငှာလှိုက်လှဲသော ဆက်ဆံရေးကို ကျင့်သုံးလျက်ရှိကြောင်း၊ ယခုလိုကောင်းမွန်သော နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုခိုင်မာဖြစ်ထွန်းလာမည်ဟု ယုံကြည်လျက်ရှိပါကြောင်း၊ ထို့အပြင် နှစ်နိုင်ငံ ပြည်သူများသာမက ဒေသတွင်းမှာပါ ကောင်းမွန်သော ပျော်ရွှင်မှုနှင့် ပြည့်စုံကြွယ်ဝမှုတို့ကို လက်ခံရရှိမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြပါရှိပါသည်။

ထို့အပြင် အစိုးရ၏ ကောင်းမွန်သည့်စီးပွားရေး တည်မြဲစွာ ဖြစ်ပေါ်နေမှုနှင့် အောင်မြင်ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဝမ်းသာအားရဖြစ်မိပါကြောင်း၊ အဆွေတော်မှတစ်ဆင့် မြန်မာပြည်သူများ အစစအရာရာ အဆင်ပြေပါစေဟု ဆုတောင်းလိုက်ကြောင်း၊ ထို့အတူ အဆွေတော်လည်း ကာယသုခ၊ ဉာဏသုခတို့နှင့် ပြည့်စုံပြီး အောင်မြင်မှုအပေါင်း ခညောင်းပါစေကြောင်း ဆက်လက်ဖော်ပြထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝါရင့်ဝန်ကြီး၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ပရပ်ဆုတ်ခ်ခွန်းက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ နှစ်(၇၀) ပြည့်လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်လာသည့်အတွက် ဝမ်းသာပီတိဖြစ်မိပါကြောင်း၊ နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုကျယ်ပြန့်သည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမှ အောင်မြင်သော အကျိုးရလဒ်များ ဖြစ်ပေါ်တိုးတက်လာမည်ဟု မျှော်လင့်ပါကြောင်း၊ အဆွေတော်၏လုပ်ငန်းတာဝန်များကို ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ အောင်အောင်မြင်မြင်နှင့် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူ ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမင်းချစ်ဦး | ကျောင်းအုပ်ကြီး ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန |
| (ခ) | ဦးမင်းသူ | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက် သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးသိန်းဇော် ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ) အဆောက်အဦ ဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အဆောက်အဦ ဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ခ) | ဒေါ်မေတိုးဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ဂ) | ဒေါ်တင်မိုးမိုး ဒုတိယညွှန်ကြားရေးမှူးချုပ် ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ် ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေ စည်းမျဉ်းဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဦးအောင်ကိုမြင့် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်)၊ ဦးမြတ်သူဝင်း(အထွေထွေအတွင်းရေးမှူး)၊ ဒေါက်တာမျိုးမြတ်မောင်(တွဲဖက်အတွင်းရေးမှူး)၊ ဒေါ်အေးသဉ္ဇာမောင် (အလုပ်အမှုဆောင်)၊ i-school ၏ အစီအစဉ်မန်နေဂျာ ဦးရဲဝင်း၊ Myanmar Deaf Community Development Association ၏ အစီအစဉ်ဒါရိုက်တာ ဦးကျော်ကျော်တို့ ဦးဆောင်သော အဖွဲ့အား ယနေ့ မွန်းလွဲ ၃နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်မှ တာဝန်ရှိသူများက မီဒီယာဖော်ပြမှုတွင် မိုးလေဝသ သတင်း၊ အရေးပေါ်သတင်းနှင့် အရေးကြီးကဏ္ဍတိုင်းတွင် လက်သင်္ကေတပြ ဘာသာစကား (Sign Language) နှင့် Crawl Bar ထည့်သွင်းပေးနိုင်ရေး၊ မျက်မမြင်လက်စမ်းစာ (Braille) ဖြင့် ဖတ်ရှုနိုင်သော သတင်းစာ စမ်းသပ်ထုတ်ဝေပေးနိုင်ရေး၊ မသန်စွမ်းသူများအတွက် Online Platform နှင့် အကူအညီပေးရေး Call Centre အကြောင်းကို ပြည်သူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် အခမဲ့ ထုတ်လွှင့်ပေးနိုင်ရေး၊ မသန်စွမ်းမှုဆိုင်ရာ သုတ၊ ရသဖြစ်ရုပ်မှန် ဇာတ်လမ်းများကို TV Channel များတွင် ပိုမိုထုတ်လွှင့်ပေးရေး စသည်တို့ကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် မသန်စွမ်းသူများအတွက် လက်ရှိထုတ်လွှင့်ဆောင်ရွက်ပေးလျက်ရှိသည့် အစီအစဉ်များနှင့် တိုးမြှင့်ဦးစားပေး ထုတ်လွှင့်နိုင်မည့် အစီအစဉ်၊ မသန်စွမ်းသူများ အသင်းချုပ်နှင့် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ နှစ်ဖက် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ရန်ကုန် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ မကွေးတိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ စတုတ္ထနှစ် အောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူများ၊ အလုပ်သင် ဆရာဝန်များနှင့် ကြီးကြပ်သူ ဆရာ ဆရာမများ ပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၃ ရက်မှ ၇ ရက်အထိ မကွေးတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် သွားနှင့်ခံတွင်း စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအဖွဲ့တွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်မှ စတုတ္ထနှစ် ဘီဒီအက်စ်(၁/၂၀၁၇) သင်တန်းအောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူ ၁၅၀ ၊ အလုပ်သင်ဆရာဝန် ၃၀ နှင့် ဆရာ ဆရာမ ၂၀ စုစုပေါင်း ၂၀၀ ပါဝင်ပြီး မကွေးတိုင်း ဒေသကြီးရှိ ပခုက္ကူ၊ ရေစကြို၊ ဆိပ်ဖြူနှင့် မြိုင်မြို့နယ်များအတွင်း ပြည်သူ့အကျိုးပြု သွားနှင့်ခံတွင်း စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူ ၃၁၄၁ ဦးအား ပညာပေးဟောပြောခဲ့ကြပြီး ၃၅၈၁ ဦးအား သွားနှင့်ခံတွင်း စစ်တမ်းကောက်ယူ၍ ဝေဒနာရှင် ၂၁၄၀ အား အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

### တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် ဇန်နဝါရီ ၁၀**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

# မကွေးတိုင်းဒေသကြီး ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃/ ၂၀၁၈**
**၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)**

**မကွေးတိုင်းဒေသကြီး ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများအား ယင်းတို့၏ သဘောဆန္ဒအလျောက် တိုင်းဒေသကြီးဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်-

(၁) ဦးစိုးမြင့် — စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(၂) ဦးနေမျိုးကျော် — အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ မုခ်ဦးနှင့် ပြခန်းမုခ်ဦး ဖွင့်ပွဲကျင်းပ

လွိုင်ကော် ဇန်နဝါရီ ၁၀

**၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ပွဲတော်အား ဇန်နဝါရီ ၉ ရက်မှ ၁၉ ရက်အထိ ၁၁ ရက်တိုင်တိုင် ရိုးရာအားကစားပြိုင်ပွဲများ၊ တိုင်းရင်းသားအကပြိုင်ပွဲများ၊ ပြခန်းပြိုင်ပွဲများ၊ သစ်သီးဝလံပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။**

(၆၆)နှစ်မြောက် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီက လွိုင်ကော်မြို့ စာတိုက်ဝိုင်းအနီးရှိ ပွဲတော်အဝင်မုခ်ဦး၌ ကျင်းပရာ ပွဲတော်မုခ်ဦးကို ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးနှင့် စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကယားပြည်နယ်နေ့ ပြခန်းမုခ်ဦးအား နံနက် ၈ နာရီခွဲက ပွဲတော်ကွင်းအတွင်းရှိ ပြခန်းများရှေ့၌ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ကယားပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ဆက်လက်၍ ကယားပြည်နယ်အစိုးရအဖွဲ့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

**ကိုစိုင်း(လွိုင်ကော်)**




# ကရင်ပြည်နယ် ဘားအံမြို့ လူမှုအခြေပြုဗဟိုဌာန၌ လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) များကို ကျင်းပလျက်ရှိရာ လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့ လူမှုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။

**မည်သူမဆို တက်ရောက်နိုင်**

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ကရင်ပြည်နယ် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ စာရေးဆရာ မင်းဝေဟင်၊ စာရေးဆရာမ နှင်းဝေငြိမ်းနှင့် ဒေသခံလူငယ်ကိုယ်စားလှယ် မနန်းထက်ထက်လင်းစိုးတို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# SME နှစ်ဆင့်ချေးငွေစီမံကိန်း ပထမအဆင့် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဇန်နဝါရီ ၁၀**

နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း SMEs များ ပါဝင်မှုသည် ၉၉ ရာခိုင်နှုန်းရှိပြီး SME များ ဖွံ့ဖြိုးတိုးတက်လာပါက ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး တစ်ဦးချင်းဝင်ငွေပါ တိုးတက်လာမည် ဖြစ်ပါသည်။ သို့ဖြစ်ရာ မြန်မာ့စီးပွားရေးဘဏ်မှ SMEs လုပ်ငန်းများအား ဘဏ္ဍာငွေပံ့ပိုးကူညီရန် JICA မှ တရားဝင်ဖွံ့ဖြိုးမှု အကူအညီချေးငွေ (ODA) ချေးငွေရယူ၍ SME နှစ်ဆင့်ချေးငွေစီမံကိန်း ပထမအဆင့် (Phase-1) ကို တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းတွင် အကျုံးဝင်သော SMEs လုပ်ငန်းများ**

၂၀၁၅ ခုနှစ် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ-၂(က)၊(ခ) တွင် ပါရှိသည့် SME သတ်မှတ်ချက်နှင့်ညီညွတ်သည့် အောက်ဖော်ပြပါ SME လုပ်ငန်းများ ချေးငွေရယူနိုင်ပါသည်-

(က) ကုန်ထုတ်လုပ်မှုလုပ်ငန်း
(ခ) လုပ်သားအခြေပြုလုပ်ငန်း
(ဂ) လက်လီရောင်းဝယ်ရေးလုပ်ငန်း
(ဃ) လက္ကားရောင်းဝယ်ရေးလုပ်ငန်း
(င) ဝန်ဆောင်မှုလုပ်ငန်း
(စ) အခြား

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းတွင် အကျုံးမဝင်သော လုပ်ငန်းများ**

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူရန် အရည်အသွေးပြည့်မီမှုရှိသော လယ်သမားများ
(ခ) အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ
(ဂ) ဘဏ္ဍာရေးနှင့် အာမခံလုပ်ငန်း
(ဃ) အဖိုးတန် သတ္တုရောင်းဝယ်ရေးလုပ်ငန်းများ
(င) အရက်ဆိုင်များနှင့် ပျော်ပွဲစားရုံလုပ်ငန်း
(စ) ဖြေဖျော်မှု၊ တင်ဆက်မှု (နိုင်ငံခြားခရီးသွားလုပ်ငန်းမပါ) လုပ်ငန်း
(ဆ) လက်နက်၊ ခဲယမ်းထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းစသည့် လုပ်ငန်းများအား ငွေထုတ်မချေးပါ။

| စဉ် | JICA SME နှစ်ဆင့်ချေးငွေစီမံကိန်း ချေးငွေထုတ်ချေးခြင်းအတွက် သတ်မှတ်ချက် | |
|---|---|---|
| ၁ | SME လုပ်ငန်းတစ်ခုသို့ ထုတ်ချေးနိုင်သည့် ငွေပမာဏ | အများဆုံး (၅၀၀) သန်း |
| ၂ | ချေးငွေအား အသုံးပြုရာတွင် သတ်မှတ်ချက် | Fixed Assets အတွက် ၈၀% Working Capital အတွက် ၂၀ % |
| ၃ | ချေးငွေအတိုးနှုန်း | ၁ နှစ်လျှင် ၈.၅ % |
| ၄ | ချေးငွေသက်တမ်း | ၃ နှစ်မှ ၅ နှစ်ထိ |

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းပထမအဆင့် Phase-1 တွင် ချေးငွေရယူရန် ဆက်သွယ်လျှောက်ထားနိုင်သည့် ဘဏ်များမှာ -**

(၁) အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်
(၂) မြန်မာ့ရှေ့ဆောင်ဘဏ်
(၃) မြန်မာနိုင်ငံသားများဘဏ်
(၄) ဧရာဝတီဘဏ်
(၅) ကမ္ဘောဇဘဏ်
(၆) သမဝါယမဘဏ်

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းပထမအဆင့် (Phase-1) ဆောင်ရွက်မှုအခြေအနေ**

JICA မှ တရားဝင်ဖွံ့ဖြိုးမှုချေးငွေရယူရန် ငွေရေးကြေးရေးဆိုင်ရာ ပါဝင်ဆောင်ရွက်သည့် အဖွဲ့အစည်း (Participating Financial Institution) (PFIs) အဖြစ် ပုဂ္ဂလိကဘဏ် ၆ ဘဏ်မှတစ်ဆင့် ငွေကျပ် ၅၇၆၃၄ သန်းအား SME လုပ်ငန်းရှင် ၂၆၉ ဦးသို့ ချေးငွေများ ထုတ်ချေးခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါထုတ်ချေးငွေများအနက်မှ ပြန်လည်ပေးဆပ်လာသော အရင်းငွေရပ်များအား လှည့်ပတ်ရန်ပုံငွေစာရင်းတွင် ထားရှိ၍ ပြန်လည်ထုတ်ချေးလျက်ရှိရာ စီမံကိန်းစတင်ချိန်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ စုစုပေါင်း SMEs လုပ်ငန်းရှင် ၂၉၂ ဦးသို့ စုစုပေါင်းငွေကျပ် ၆၁၁၄၆ ဒသမ ၉၈ သန်းအား ထုတ်ချေးခဲ့ပြီး SMEs လုပ်ငန်းအသစ်များကို ဆက်လက်ထုတ်ချေးသွားမည် ဖြစ်ပါသည်။

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်း (Phase-1) တွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ထုတ်ချေးထားမှုအခြေအနေ**

ကျပ်သန်းပေါင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဦးရေ | ငွေပမာဏ |
|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီနယ်မြေ | - | - |
| ၂ | ကချင်ပြည်နယ် | ၁ | ၈၀.၀၀ |
| ၃ | ကယားပြည်နယ် | - | - |
| ၄ | ကရင်ပြည်နယ် | ၁ | ၃၀.၀၀ |
| ၅ | ချင်းပြည်နယ် | - | - |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၆ | ၁,၆၉၁.၀၀ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၁ | ၃၀၀.၀၀ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၂၆ | ၂,၇၄၁.၇၅ |
| ၉ | မကွေးတိုင်းဒေသကြီး | ၁၀ | ၁,၅၇၅.၀၀ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၅၀ | ၁၁,၃၃၈.၀၀ |
| ၁၁ | မွန်ပြည်နယ် | ၂ | ၁၄၅.၀၀ |
| ၁၂ | ရခိုင်ပြည်နယ် | ၃ | ၄၇၀.၀၀ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၁၁၃ | ၂၉,၈၁၂.၄၈ |
| ၁၄ | ရှမ်းပြည်နယ် | ၁၇ | ၃,၀၃၃.၀၀ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၄၂ | ၉,၉၃၀.၇၅ |
| | စုစုပေါင်း | ၂၉၂ | ၆၁,၁၄၆.၉၈ |

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်း (Phase-1) တွင် ကဏ္ဍအလိုက် ထုတ်ချေးထားမှုအခြေအနေ**




**JICA SME Two-Step Loan စီမံကိန်းဒုတိယအဆင့် (Phase-2) ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်**

JICA SME Two-Step Loan စီမံကိန်းဒုတိယအဆင့် (Phase-2)တွင် ချေးငွေဂျပန်ယန်း ၁၄၉၄၉ သန်း ရယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းဒုတိယအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ပါက ငွေရေးကြေးရေးဆိုင်ရာ ပါဝင်ဆောင်ရွက်သည့်အဖွဲ့အစည်း (PFIs) ဖြစ်သော ဘဏ်များအား အသစ်ပြန်လည်ရွေးချယ်သွားမည်ဖြစ်ပြီး အဆိုပါဘဏ်များမှ တစ်ဆင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးသို့ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ချေးသွားရန် စီစဉ်ဆောင်ရွက်ထားပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# ဖူးပွင့်ဝေစည်လာတော့မည့် မနောမြေ

**ကျော်လင်း (ဆောက်လုပ်ရေး)**

**ကချင်ပြည်နယ် မြောက်ပိုင်းဒေသများသည် ညို့ညို့မှိုင်းမှိုင်းတောင်တန်းကြီးများဖြင့် အလွန်လှသည်။ ရေခဲတောင်များ၊ ရေတံခွန်စိမ့်စမ်းများ၊ လူ ၁၀ ဦးခန့် ဖက်ရသော နှစ်ရာချီသက်တမ်းရှိ သစ်ပင်ကြီးများ၊ သဘာဝအတိုင်း လှပစွာစီးဆင်းနေသော မေခမြစ်ဖျားပိုင်း၊ မလိခမြစ်ဖျားပိုင်းတို့သည် အလွန်သာယာရှုမောဖွယ်ကောင်းသော် လည်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် လူနေကျဲပါးသည့် ဒေသဖြစ်သည်။ ဒေသခံရဝမ်တိုင်းရင်းသားများနှင့် လီဆူတိုင်းရင်းသားများ နေထိုင်ကြသည်။ မိုးတွင်းကာလတွင် မြစ်ကြီးနားမှ ပူတာအို ၂၁၈ မိုင် လမ်းတစ်လျှောက် ဗွက်တန်းကြီးများဖြင့် သွားလာ၍ မရလောက်အောင် အလွန်ခက်ခဲခဲ့သည်။ မိုးတွင်းတွင် မြစ်ကြီးနား ဆန်၊ ဆီ၊ ဆား၊ စျေးနှုန်းနှင့် ပူတာအိုစျေးနှုန်းတို့မှာ နှစ်ဆနီးပါးတက်သွားသလို ပူတာအိုမှ ခြေကျင်လျှောက်ရသော နောင်မွန်း၊ ပန်နန်းဒင်တို့တွင် ထိုထက်ပို၍ ကုန်စျေးနှုန်းကြီးမြင့်တော့သည်။**

**လမ်းပန်းဆက်သွယ်ရေးတိုးတက်လာ**

အစိုးရသစ် တက်လာသောအချိန်တွင် တိုင်းရင်းသားများ နေထိုင်သော ပြည်နယ်၊ တောင်တန်းဒေသများ၏ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ညွှန်ကြားချက်များရှိ၍ စီမံချက်များ ချမှတ်လုပ်ဆောင်ခဲ့သည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့တွင် တိုင်းရင်းသားသွေးချင်းတို့အတွက် စီမံချက်များချမှတ်လုပ်ဆောင်ခဲ့ရာ နှစ်နှစ်အတွင်းလမ်းပန်းဆက်သွယ်ရေးမှာ ထူးခြားစွာတိုးတက်လာခဲ့သည်။ ကချင်ပြည်နယ်တွင် ယခင်က မြစ်ကြီးနားမှ ပူတာအိုသို့ မိုးတွင်းကာလတွင် ခက်ခဲစွာ သုံးညအိပ်ခန့် သွားရသော်လည်း ယခုအခါ နေ့ချင်းပေါက် ရောက်ရှိပြီဖြစ်ပါသည်။ ပူတာအိုမှ နောင်မွန်းသို့ ယခင်က လေးညအိပ်ခန့် လားဖြင့် သွားရသောခရီးကို ယခုအခါ လေးနာရီခန့်ဖြင့် မော်တော်ယာဉ်ဖြင့် သွားနိုင်ပြီဖြစ်ပါသည်။ နောင်မွန်းမှသည် ကော့သောင်းဆီသို့ Documentary တွင်လည်း သေချာစွာတင်ပြထားပါသည်။ ယခင်က မိုးတွင်းကာလတွင် မြစ်ကြီးနားကုန်စျေးနှုန်းထက် ပူတာအို ကုန်စျေးနှုန်း၊ နောင်မွန်းကုန်စျေးနှုန်းတို့မှာ နှစ်ဆသုံးဆခန့်ကြီးနေရာမှ ယခုနှစ်နှစ်အတွင်း ကားလမ်းများ ကောင်းမွန်လာ၍ မြစ်ကြီးနားစျေးနှုန်းနှင့် ပူတာအို၊ နောင်မွန်းကုန်စျေးနှုန်းတို့မှာ အတူတူလောက်နီးနီး (အနည်းငယ်သာကွာ) ဖြစ်သွားပါတော့သည်။



ယခု အဆင့်မြှင့်တင်လျက်ရှိသော မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း အခြေအနေ

**အဆင့်မြှင့်တင်ဆောင်ရွက်**

မဂွေဇမှ ခေါင်လန်ဖူးလမ်းအပိုင်း ၆၅ မိုင် လေးဖာလုံကိုလည်း ယခုအခါ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တပ်မတော်အင်ဂျင်နီယာများဖြင့် ကျောက်တောင်များကို မိုင်းခွဲဖောက်လုပ်လျက်ရှိပြီး လမ်းပေါက်သွားပါက ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆက်လက်၍ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မော်တော်ယာဉ်ဖြင့် သွားနိုင်တော့မည်**

နောင်မွန်းမှ ပန်နန်းဒင်လမ်းအပိုင်းသည် ၃၄မိုင် ငါးဖာလုံ ယခင်က လားလမ်းသာရှိခဲ့ရာမှ ယခု နှစ်နှစ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖောက်လုပ်ခဲ့ရာ ယခုနှစ် မတ်လတွင် ပြီးစီးမည်ဖြစ်ပြီး နောင်မွန်းမှ ပန်နန်းဒင်သို့ မော်တော်ယာဉ်ဖြင့် သွားနိုင်တော့မည်ဖြစ်ပါသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းချက်အရ ပန်နန်းဒင်မှ ခါကာဘိုရာဇီတောင်တန်း၏ အခြေဂူဘားရွာသို့ သွားသည့်လမ်းကို နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တပ်မတော်အင်ဂျင်နီယာများက စတင်၍ ဖောက်လုပ်သွားမည်ဖြစ်ပြီး ကျောက်တောင်မိုင်းခွဲ၍ လမ်းအူကြောင်းဆောင်ရွက်ခြင်း၊ မြေသားလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးချိန်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆက်လက်၍ လမ်းအဆင့်မြှင့်တင်သွားမည်ဖြစ်ပါသည်။

ပူတာအို-နောင်မွန်းလမ်းပေါ်တွင် ရပ်ဘော့ရွာကလေးရှိ၍ အလွန်သာယာလှပပါသည်။ ပူတာအို-နောင်မွန်းလမ်းပေါ်တွင်ရှိသော ကဆန်ခချောင်းကို ယခုအခါ တံတားထိုးပြီးချိန်တွင် ပူတာအိုမှ နောင်မွန်းသို့ အလွယ်တကူသွားရောက်နိုင်ပြီဖြစ်ပါသည်။ ရပ်ဘော့ရွာ ကလေးအတွင်းမှ တိုင်းရင်းသားရဝမ်လူမျိုးတစ်ဦးကို လမ်းပန်းဆက်သွယ်ရေးအခြေအနေအကြောင်းမေးရာ "ဟိုးအရင်က ပူတာအိုကနေ ခြေကျင်လျှောက်ရတယ်၊ သုံးရက်လောက် နားနားပြီးလျှောက်ရတယ်၊ အခု လိုင်းကားနဲ့ နေ့ချင်းပြန်သွားတယ်"ဟု ဝမ်းသာအားရသော အပြုံးဖြင့် ပြန်ဖြေလာပါသည်။






ပူတာအိုဒေသမှ ရေခဲတောင်များ

**ရေခဲဖုံးနေသော ခါကာဘိုရာဇီ**

ကချင်ပြည်နယ် မြောက်ဖျားပူတာအိုလွင်ပြင်သည်လည်းကောင်း၊ ထိုမှတစ်ဆင့် မြောက်ဘက် မချမ်းဘော၊ နောင်မွန်း၊ ပန်နန်းဒင်နှင့် ခေါင်လန်ဖူး မြို့လေးများသည် လည်းကောင်း အလွန်သာယာလှပသည်။ ဂူဘား၊ ဒဇွန်းဒမ်း၊ ရွာလေးများရောက်ရင်တော့ တစ်နှစ်ပတ်လုံးရေခဲဖုံးနေသော ခါကာဘိုရာဇီတောင်တန်းကြီးကို တွေ့နေရသည်။ ပေ ၃၀၀ ကျော်မြင့်သောလူ ၁၀ ဦးခန့် ဖက်ရသည့်သစ်ပင်ကြီးတွေ၊ ရေတံခွန်များ၊ စိမ့်စမ်းများ၊ ထရုံ လူပုကလေးများစသည်ဖြင့် အလွန်စိတ်ဝင်စားစရာကောင်းသော၊ သဘာဝအရင်းအမြစ်များရှိသောဒေသဖြစ်သည်။

ယခုအခါ နောင်မွန်းသို့ ကားလမ်းပေါက်ပြီဖြစ်သည်။ ထိုမှတစ်ဆင့် ပန်နန်းဒင်သို့ ယခုနှစ်အတွင်း ကားလမ်းပေါက်မည်။ ထိုမှတစ်ဆင့် ခါကာဘိုရာဇီ၊ ဂူဘားအထိ ကားလမ်းများပေါက်အောင် ဝန်ကြီးဌာန သုံးခုပူးပေါင်းဖောက်လုပ်ကြမည်။ ၂၀၁၉ နှစ်ကုန်လျှင် ခေါင်လန်ဖူးသို့ ကားလမ်းပေါက်မည်။ ထိုကားလမ်းများပြီးရင်တော့ အလွန်လှသော ခါကာဘိုရာဇီဒေသသည် ပြည်တွင်းခရီးသွားများ၊ ပြည်ပခရီးသွားများဖြင့် ပြည့်နှက်၍ အလွန်တိုးတက်ဖွံ့ဖြိုးလာမည့် အလားအလာ အလွန်ကောင်းသော ဒေသကြီး ဖြစ်လာတော့မည် ဖြစ်ပါသည်။ ။

**"ယခုအခါ နောင်မွန်းသို့ ကားလမ်းပေါက်ပြီဖြစ်သည်။ ထိုမှတစ်ဆင့် ပန်နန်းဒင်သို့ ယခုနှစ်အတွင်း ကားလမ်းပေါက်မည်။ ထိုမှတစ်ဆင့် ခါကာဘိုရာဇီ၊ ဂူဘားအထိ ကားလမ်းများပေါက်အောင် ဝန်ကြီးဌာနသုံးခု ပူးပေါင်းဖောက်လုပ်ကြမည်။ ၂၀၁၉ နှစ်ကုန်လျှင် ခေါင်လန်ဖူးသို့ ကားလမ်းပေါက်မည်"**



မကြာမီဖွင့်လှစ်တော့မည့် ကဆန်ချချောင်းကူး ရပ်ဘော့တံတား

# ပညာရေးတိုးတက်ဖွံ့ဖြိုးပါက နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် ကျန်ရှိသည့်ကဏ္ဍများ တိုးတက်ဖွံ့ဖြိုးနိုင်

**မောင်တော ဇန်နဝါရီ ၁၀**

အမျိုးသားလွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါ်နော်မြစေးနှင့် ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်ကြီးများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မောင်တောမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါ်နော်မြစေးက ပညာရေးသည် နိုင်ငံတိုင်းအတွက် အရေးကြီးပါကြောင်း၊ ပညာရေးတိုးတက်ဖွံ့ဖြိုးပါက နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် ကျန်ရှိသည့်ကဏ္ဍများ တိုးတက်ဖွံ့ဖြိုးနိုင်ပါကြောင်း၊ မိမိတို့အားလုံးသည် ပညာရေးဝန်ထမ်းများ ဖြစ်ပါကြောင်း၊ မိမိတို့တာဝန်သည်လည်း အင်မတန် မွန်မြတ်သည့် တာဝန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကလေးများအားလုံးအတွက် စေတနာအပြည့်အဝဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မောင်တောမြို့နယ် ပညာရေးမှူး ဦးခင်အောင်က ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ် ပညာရေးဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မောင်တောမြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်ကြီးများက ပညာရေးနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပညာရေးမြှင့်တင်မှု ကော်မတီအဖွဲ့ဝင်များက ပညာရည်တိုးတက်မှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အကြံပြု ဆွေးနွေးကြသည်။

အခမ်းအနားသို့ မောင်တောမြို့နယ်အတွင်းရှိ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်း-အောင်ရဲသွင်၊ ဓာတ်ပုံ- ကိုမင်း**



# ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ မာန်အောင်မြို့နယ် ဒေသခံများနှင့် တွေ့ဆုံ

**မာန်အောင် ဇန်နဝါရီ ၁၀**

ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြသန်း၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များသည် ကျောက်ဖြူခရိုင် မာန်အောင်မြို့သို့ ဇန်နဝါရီ ၉ ရက် နံနက် ၈ နာရီခန့်က ရောက်ရှိပြီး မာန်အောင်မြို့နယ်ခန်းမတွင် မာန်အောင်မြို့နယ် ဒေသခံများနှင့် တွေ့ဆုံခဲ့သည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှက ပြည်နယ်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းရန်လိုအပ်ပါကြောင်း၊ ဒေသမတည်ငြိမ်မှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များထဲတွင် အဆင်းရဲဆုံး ပြည်နယ်တစ်ခုဖြစ်နေပါကြောင်း၊လက်ရှိဖြစ်ပွားခဲ့သော အရေးကိစ္စကို ကမ္ဘာက အာရုံစိုက်လျက်ရှိပြီး တတ်နိုင်သည့်ဘက်မှ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ပြည်နယ်လွှတ်တော်အနေဖြင့် အစိုးရအဖွဲ့၏ လုပ်ဆောင်မှုများကို လိုအပ်သလို ထိန်းကျောင်းရမည့်တာဝန်ရှိပါကြောင်း၊ ဥပဒေနှင့်မညီညွတ်သည်များကိုလည်း ပြည်သူများအနေဖြင့် အကြံပြုတင်ပြရန်လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး မာန်အောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်က မာန်အောင်မြို့နယ် ဒေသအချက်အလက်များ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ဒေသခံများက ဒေသလိုအပ်ချက်များ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်နယ်ဝန်ကြီးတစ်ဦးအား တာဝန်ထမ်းဆောင်ရန်မသင့်ကြောင်း လွှတ်တော်မှ ဆုံးဖြတ်ခဲ့သည့် ကိစ္စရပ်များအား မေးမြန်းခဲ့ကြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို ရှင်းလင်းဖြေကြားခဲ့ပြီး မာန်အောင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ ယင်းနောက် မာန်အောင်ကျွန်းပတ်လမ်းတစ်လျှောက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုပြီး ဒေသခံများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ **မြတ်ဝေ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများ ယာယီနေထိုင်မည့် မြေနေရာအား စက်ယန္တရားများဖြင့် မြေညှိခြင်းလုပ်ငန်းဆောင်ရွက်

**မောင်တော ဇန်နဝါရီ ၁၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများ ယာယီနေထိုင်ရန်အတွက် လှဖိုးခေါင်ကျေးရွာအုပ်စုအတွင်း အဆောက်အအုံဆောက်လုပ်မည့် မြေနေရာအား စက်ယန္တရားများဖြင့် မြေညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ မွန်းလွဲပိုင်းက မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

**စိစစ်လက်ခံ**

"ဘင်္ဂလားဒေ့ရှ်ဘက်ကို ထွက်သွားတဲ့သူတွေကိုပြန်လည် လက်ခံရေးအတွက် ငါးခုရန့် တောင်ပြိုလက်ဝဲမှာ စိစစ်လက်ခံမယ်၊ ပြီးရင် အခုလုပ်ငန်းဆောင်ရွက်နေတဲ့ အဆောက်အအုံတွေမှာ ယာယီထားမယ်"ဟု မြေညှိလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။



အဆိုပါ မြေညှိခြင်းလုပ်ငန်းအား 25TH Group မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး ဇန်နဝါရီ ၇ ရက်မှ စတင်၍ ဘက်ဟိုး ရှစ်စီး၊ ဘူဒိုဇာ လေးစီးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ကိုမင်း၊ဓာတ်ပုံ-အောင်ရဲသွင်**

# မောင်တောမြို့နယ်၌ တိရစ္ဆာန်များထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၁၀**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ရွှေရင်အေး(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်း ကျင်ရှိ ရန်အောင်မြေ (တိုင်းရင်းသား) ကျေးရွာတွင် နွားတစ်ကောင်နှင့် ငါးခူရ စခန်းပတ်ဝန်းကျင်ရှိ ကပ္ပကောင်း (တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်တစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားတစ်ကောင်နှင့် ဆိတ်နှစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၇၆ ကောင်နှင့် ဆိတ် ၇၄၃ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တော၌ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပိတ်ထားသောကျောင်းများ ဆက်လက်ဖွင့်လှစ်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၀**

မောင်တောဒေသတွင် ဩဂုတ် ၂၅ ရက် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းစုစုပေါင်း ၆၅၀ ရှိသည့်အနက် ၄၂၄ ကျောင်းကို ပိတ်ထားခဲ့ရာမှ ကျောင်း ၄၆ ကျောင်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ်အတွင်း ၉၈ ကျောင်း၊ ဘူးသီးတောင်မြို့နယ်အတွင်း ၁၇၅ ကျောင်းနှင့် ရသေ့တောင်မြို့နယ်အတွင်း ၁၀ ကျောင်း စုစုပေါင်း ၂၈၃ ကျောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ကျောင်းသား ကျောင်းသူများ ပြန်လည် ပညာသင်ကြားလျက်ရှိကာ မောင်တောဒေသအတွင်း ၄၆ ကျောင်း ထပ်မံ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့် ကျောင်းစုစုပေါင်း ၉၅ ကျောင်း ကျန်ရှိနေကြောင်း သိရသည်။

**သတင်းစဉ်**

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ပိတ်ထားခဲ့ရသော အခြေခံပညာကျောင်းများအား ပြန်လည်ဖွင့်လှစ်ပြီး အခြေအနေ (၃-၁-၂၀၁၈ ရက်နေ့အထိ)

| စဉ် | အကြောင်းအရာ | မောင်တော မြို့နယ် | ဘူးသီးတောင် မြို့နယ် | ရသေ့တောင် မြို့နယ် | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | စာရင်းရှိ | ၁၈၃ | ၂၂၁ | ၂၄၆ | ၆၅၀ | |
| | (က) အထက်တန်း | ၁၆ | ၁၀ | ၁၃ | ၃၉ | |
| | (ခ) အလယ်တန်း | ၁၀၉ | ၁၀၇ | ၅၉ | ၂၇၅ | |
| | (ဂ) မူလတန်း | ၅၈ | ၁၀၄ | ၁၇၄ | ၃၃၆ | |
| ၂ | ပြန်လည်ဖွင့်လှစ်ပြီးကျောင်းများ | ၉၈ | ၁၇၅ | ၁၀ | ၂၈၃ | |
| | (က) အထက်တန်း | ၁၄ | ၁၀ | ၂ | ၂၆ | |
| | (ခ) အလယ်တန်း | ၄၁ | ၇၂ | ၇ | ၁၂၀ | |
| | (ဂ) မူလတန်း | ၄၃ | ၉၃ | ၁ | ၁၃၇ | |
| ၃ | ထပ်မံဖွင့်လှစ်မည့်ကျောင်း | ၇ | ၃၉ | - | ၄၆ | |
| | (က) အထက်တန်း | - | - | - | - | |
| | (ခ) အလယ်တန်း | ၆ | ၂၉ | - | ၃၅ | |
| | (ဂ) မူလတန်း | ၁ | ၁၀ | - | ၁၁ | |
| ၄ | ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့်ကျောင်း | ၇၈ | ၇ | ၁၀ | ၉၅ | |
| | (က) အထက်တန်း | ၂ | - | - | ၂ | |
| | (ခ) အလယ်တန်း | ၆၂ | ၆ | ၃ | ၇၁ | |
| | (ဂ) မူလတန်း | ၁၄ | ၁ | ၇ | ၂၂ | |

Source; ရခိုင်ပြည်နယ်အစိုးရအဖွဲ့ (၃.၁.၂၀၁၈)

# မိုးဆက်လက်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးဆက်လက်ရွာနိုင်သည်။ **မိုး/ဇလ**

# တောင်ငူမြို့မစျေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြု၍ မီးငြိမ်းသတ်ရေး သရုပ်ပြ

**တောင်ငူ ဇန်နဝါရီ ၁၀**

တောင်ငူမြို့မစျေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး စနစ်တကျ ကိုင်တွယ်အသုံးပြု၍ မီးငြိမ်းသတ်ရေး သရုပ်ပြပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြခြင်းကို ယနေ့တွင် တောင်ငူမြို့မစျေးကြီး စက်တန်းထိပ်၌ ဆောင်ရွက်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအမ်လှသောင်းနှင့်အဖွဲ့ ၊ အင်ဂျင်နီယာမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ခရိုင်မီးသတ်ဦးစီးဌာနမှူး ၊ မီးသတ်ယာဉ် ငါးစီးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဝင် ၂၀၊ စျေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စျေးသာယာရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် စျေးသူစျေးသား ၁၀၀ခန့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။



**သတင်းစဉ်**

## နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း မီးအချက်ပြမှု မှန်ကန်စွာအသုံးပြုနိုင်ရေး အသိပေးနှိုးဆော်ချက်

၁။ နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏ လက်ယာဘက်မီးဖြင့် မှန်ကန်စွာ အချက်ပြခြင်းကို (၁.၉.၂၀၁၇)ရက်နေ့ နံနက် ၆နာရီမှစတင်၍ တစ်နိုင်ငံလုံးရှိ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌ ယာဉ်မောင်းအများစုက လက်ခံပြောင်းလဲကျင့်သုံးနေကြပြီဖြစ်ပါသည်။

၂။ သို့သော် ကားကြီးယာဉ်မောင်းအချို့အပါအဝင် ယာဉ်မောင်းအချို့သည် အမှန်မီးအချက်ပြမှုစနစ်ကို ပြောင်းလဲလိုက်နာကျင့်သုံးမှုမရှိဘဲ လွဲမှားနေဆဲဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ အများပြည်သူ သွားရောက်လိုသည့် ခရီးစဉ်တစ်လျှောက် ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဖော်ပြပါ အချက်ပြမီးစနစ်အမှန်အား ရာနှုန်းပြည့်တစ်ပြေးညီ လိုက်နာကျင့်သုံးရေးသည် လွန်စွာအရေးပါသည့်အချက်ဖြစ်ပါသည်။

၃။ သို့ပါ၍ ယာဉ်မောင်းတိုင်းက နောက်မှကျော်တက်လိုသော မော်တော်ယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏ လယ်ယာဘက်မီးဖြင့် မှန်ကန်စွာ အချက်ပြခြင်းကို ပိုမိုအလေးထားလိုက်နာ ကျင့်သုံးကြပါရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမှန်ဖြစ်စေရေး ပူးပေါင်းဆောင်ရွက်ကြပါရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

● *ကျောဖုံးမှ*

ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် အကြိုခြေစစ်ပွဲ ပထမအဆင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် နှစ်ရာသီဆက်တိုက် ဇွဲကပင်အသင်းကို အဝေးကွင်း၌ ရှုံးနိမ့်ခဲ့သောကြောင့် ရှုံးကြွေးပြန်ဆပ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ ဇွဲကပင်အသင်းမှာလည်း ရာသီစတင်ခါနီးတွင် နည်းပြချုပ်အပြောင်းအလဲ ပြုလုပ်ထားသောကြောင့် အသင်းအနေအထားကို စောင့်ကြည့်ရမည်ဖြစ်သည်။

မဟာယူနိုက်တက်အသင်းကို အသင်းအမည်ပြောင်းလဲထားသည့် စစ်ကိုင်းယူနိုက်တက်အသင်းသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မုံရွာကွင်းကို အိမ်ကွင်းအဖြစ်လက်ခံကျင်းပမည်ဖြစ်ပြီး ရခိုင်အသင်းနှင့် ပွဲမတိုင်မီ အိမ်ကွင်းဖွင့်ပွဲနှင့် အသင်းပရိသတ်ထံ မိတ်ဆက်အပ်နှံပွဲကို ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် ရတနာပုံအသင်းသည် ရောဝတီအသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး MFF Charity Cup ပြိုင်ပွဲတွင်ဗိုလ်စွဲထားသည့် ရန်ကုန်အသင်းမှာမူ ဟံသာဝတီအသင်းနှင့်အဝေးကွင်းကစားရမည်ဖြစ်ရာ ရလဒ်ကောင်းရရန် ရုန်းကန်ရဖွယ်ရှိနေသည်။

ရန်ကုန်အသင်းသည် ဇန်နဝါရီ ၇ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် MFF Charity Cup ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့ပြီး ယခုရာသီတွင် ပြည်တွင်းပြိုင်ပွဲနှစ်ခု၏ ချန်ပီယံဆုအတွက် ယင်းနှစ်သင်းသာ အဓိကယှဉ်ပြိုင်ရဖွယ်ရှိနေသည်။

**သတင်း-ညီမြတ်သော်တာ**

## KBZ Bank Women's League ပြိုင်ပွဲတွင် YREO အသင်း ဂိုးတစ်ဒါဇင်ဖြင့် အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၃) ဒုတိယနေ့အဖြစ် YREO အသင်းနှင့် တက္ကသိုလ်အသင်းသည်ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ YREO အသင်းက ၁၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

YREO အသင်းသည် နှစ်ပွဲဆက်နိုင်ပွဲပျောက်ခဲ့သော်လည်း တက္ကသိုလ်အသင်းကို ဂိုးပြတ်သွင်းပြီး ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ YREO အသင်း၏ပထမဆုံးနိုင်ပွဲအတွက် တိုက်စစ်မှူး မြတ်နိုးခင်က ခြေစွမ်းပြကစားသွားပြီးတစ်ဦးတည်းရှစ်ဂိုးသွင်းယူကာ ယနေ့ပွဲ၏ အကောင်းဆုံးဘောလုံးသမားဆုကိုပါရယူနိုင်ခဲ့သည်။ YREO အသင်းအတွက် အနိုင်ဂိုးများကို မြတ်နိုးခင်က ၃၊ ၂၇၊ ၂၉၊ ၄၁၊ ၄၉၊ ၅၆၊ ၆၉၊ ၈၅ မိနစ်တွင် ရှစ်ဂိုး၊ ဆွေမာအောင်က ၆၄၊ ၇၂မိနစ်တွင် နှစ်ဂိုး၊ နွယ်နီဦး ၅၅ မိနစ်နှင့် ဘွေလျှံကမ်က ၆၆ မိနစ်တွင်တစ်ဂိုးစီသွင်းယူခဲ့သည်။ တက္ကသိုလ်အသင်းမှာမူ သုံးပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ တတိယနေ့ကို ဇန်နဝါရီ ၁၁ ရက် (**ယနေ့**) တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**



## သက်ငယ်မုဒိမ်းကြိုတင်ကာကွယ်ရေး အသိပညာပေး

**သထုံ ဇန်နဝါရီ ၁၀**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၏ ညွှန်ကြားချက်၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်း၏ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၉ ရက် နံနက် ၁၁ နာရီက သထုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်၊ နယ်မြေခံရဲစခန်းမှူး ရဲအုပ်သိန်းနိုင်တို့က ဒုံဝန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား သက်ငယ်မုဒိမ်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**နန္ဒကျော်စွာ**

# တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာ မေးခွန်းများနှင့် အဖြေများ

**မေး။ ။ တိရစ္ဆာန်ကောင်ရေစာရင်း ဘာကြောင့် ကောက်ယူပါသလဲ။**

ဖြေ။ ။ လက်ရှိ တိရစ္ဆာန်ကောင်ရေစာရင်းကို အနီးစပ်ဆုံး သိရှိဖို့ ဖြစ်ပါတယ်။

**မေး။ ။ ယခင်က တိရစ္ဆာန်ကောင်ရေစာရင်းကို ကောက်ယူခဲ့ဖူးသလား။**

ဖြေ။ ။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်ကောင်ရေစာရင်းကို ၁၉၇၉-၁၉၈၀ ခုနှစ်မှ ၁၉၉၃-၁၉၉၄ ခုနှစ်အထိ နှစ်စဉ်ကောက်ယူခဲ့ပါတယ်။ ၁၉၉၃-၉၄ မှ ယနေ့အထိ ကောင်ရေစာရင်းအား မြေပြင်တွင် ကောက်ယူနိုင်ခဲ့ခြင်းမရှိဘဲ စာရင်းကိန်းဂဏန်းတွက်ချက်နည်းဖြင့်သာ စာရင်းပြုစုမှတ်တမ်းတင်ခဲ့ပါတယ်။

**မေး။ ။ ယခုလို တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူဖို့အတွက် ဘယ်လိုပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပါသလဲ။**

ဖြေ။ ။ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ စတင်၍ FAO-LIFT စီမံကိန်းနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ စီမံကိန်းအဆင့် ရှေ့ပြေးကောက်ယူခြင်းကို စီမံကိန်းမြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအားလုံးတွင် အိမ်တိုင်းစေ့ ကောက်ယူခြင်း (ရာနှုန်းပြည့်)ကို ဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၏ ၆၀ ရာခိုင်နှုန်းသော ရပ်ကွက်၊ ကျေးရွာများရှိ အိမ်ထောင်စုအားလုံးကို ရှေ့ပြေးစာရင်း ထပ်မံကောက်ယူခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံတွေကိုအခြေခံပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူနိုင်ရေးအတွက် ကောက်ကွက်များ သတ်မှတ်ခြင်း၊ မေးခွန်းလွှာများပြင်ဆင်ခြင်း၊ ကောက်ယူမည့်နည်းစနစ်များနဲ့ အခြေခံစံနှုန်းများသတ်မှတ်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး။ ။ ၂၀၁၈ မှာ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူဖို့ အသေးစိတ်ပြင်ဆင်ခဲ့မှုများကို သိပါရစေ။**

ဖြေ။ ။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်၊ မြို့နယ်ဦးစီးမှူးများအတွက် စာရင်းကောက်ယူခြင်း ဆရာဖြစ်သင်တန်းများကို ၂၀၁၇ ခုနှစ် ဩဂုတ်လမှစတင်ကာ သုံးကြိမ်ပို့ချခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် လက်တွေ့ကွင်းဆင်း ကောက်ယူရမည့် စာရင်းကောက်များ ကျွမ်းကျင်နားလည်မှုရှိစေရန်၊ စာရင်းကောက်ရာတွင် လွယ်ကူလျင်မြန်စေရန်နှင့် စာရင်းတိကျမှန်ကန်မှုရှိစေရန်အတွက် ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်းတွင် မြို့နယ်တိုင်းမှာ ဆင့်ပွားသင်တန်းများပို့ချပြီး တစ်မြို့နယ်လျှင် တစ်ရွာနှုန်းနဲ့ ကောင်ရေစာရင်းကို လက်တွေ့ကောက်ယူစေခဲ့ပါတယ်။ စာရင်းကောက်အားလုံးအတွက် သင်တန်းများကိုလည်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ စာရင်းကောက်ရာမှာ လိုအပ်တဲ့ လုပ်ငန်းသုံးပစ္စည်းများ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူများ သိရှိစေရန် ရည်ရွယ်၍ ပိုစတာများနဲ့ ဆိုင်းဘုတ်များကိုလည်း မြို့နယ်အားလုံးမှာ တပ်ဆင်ထားပြီး နှိုးဆော်သတင်းများနဲ့ သီချင်းများကိုလည်း ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာနဲ့ ဂျာနယ်များမှာ အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြပေးလျက်ရှိပါတယ်။ လက်ကမ်းစာစောင်များကိုလည်း ကျေးရွာများအထိရောက်အောင် ဖြန့်ဝေပေးနေပါတယ်။

**မေး။ ။ တိရစ္ဆာန်ကောင်ရေစာရင်းကို ဘယ်အချိန်တွေမှာ၊ ဘယ်နေရာတွေမှာ ကောက်ယူမလဲ။**

ဖြေ။ ။ ၂၀၁၈ ခုနှစ်တွင် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အထိ ကောက်ယူသွားမှာ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောနေရာဒေသများမှာတော့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ ဆက်လက် စာရင်းကောက်ယူသွားမှာ ဖြစ်ပါတယ်။

ကောက်ကွက်အနေနဲ့ တစ်နိုင်ငံလုံးရှိမြို့နယ်အားလုံးမှာ ကောက်ယူသွားမှာဖြစ်ပြီး စာရင်းအင်းဆိုင်ရာ ပညာရှင်များရဲ့ တွက်ချက်မှုအပေါ် အခြေခံပြီး တစ်မြို့နယ်ချင်းရဲ့ ရပ်ကွက်၊ ကျေးရွာများမှ နှစ်ဆယ်ရာခိုင်နှုန်းကို ကျပန်းစနစ်နဲ့ ရွေးချယ်ထားပါတယ်။ ရွေးချယ်ထားတဲ့ ရပ်ကွက်၊ ကျေးရွာများရှိ အိမ်ထောင်စုအားလုံးကို တစ်အိမ်တက်တစ်အိမ်ဆင်း သွားရောက်ပြီး တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူပါမယ်။

**မေး။ ။ တိရစ္ဆာန်ကောင်ရေ စာရင်းကို ကောက်ယူတာ အခွန်ကောက်ဖို့လား။**

ဖြေ။ ။ တိရစ္ဆာန်ကောင်ရေစာရင်းကို သိရှိနိုင်ရန်သာ စာရင်းကောက်ယူသွားမှာ ဖြစ်ပါတယ်။ ပြည်သူတို့ထံမှအခွန်အခကောက်ယူဖို့မဟုတ်ပါ။ ပြည်သူတို့၏ ပိုင်ဆိုင်မှုကိုစစ်ဆေးခြင်းလည်းမဟုတ်ပါ။

**မေး။ ။ ယခုကောက်ယူမယ့် တိရစ္ဆာန်ကောင်ရေစာရင်းမှာ ဘယ်တိရစ္ဆာန်အမျိုးအစားတွေကို ကောက်ယူပါသလဲ။**

ဖြေ။ ။ အိမ်ထောင်စု တစ်ခုချင်းအလိုက် မွေးမြူထိန်းကျောင်းနေကြတဲ့ နွား၊ ကျွဲ၊ မြင်း၊ ဆိတ်၊ သိုး၊ ဝက်၊ ခွေး၊ ကြက်၊ ကြက်ဆင်၊ မန်ဒါလီ၊ ဘဲ၊ ဘဲငန်း၊ နွားနောက် စတဲ့ တိရစ္ဆာန်တွေရဲ့ စာရင်းကို ကောက်ယူသွားမှာဖြစ်ပါတယ်။

**မေး။ ။ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရင် ဘယ်လို အကျိုးကျေးဇူးတွေ ရှိနိုင်မလဲ။**

ဖြေ။ ။ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းဖြင့် အမှန်တကယ် မွေးမြူထားရှိမှု၊ ထုတ်လုပ်နိုင်မှု၊ စားသုံးရန်လိုအပ်မှု၊ ပိုလျှံမှုစသည့် အချက်များကို သိရှိလာပြီး မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ခိုင်မာသော မူဝါဒများချမှတ်ခြင်း၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစီမံချက်များ စနစ်တကျရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ခြင်းနဲ့ စျေးကွက်များဖော်ဆောင်သွားနိုင်ခြင်းတို့ကို ဆောင်ရွက်လာနိုင်မှာဖြစ်တဲ့အတွက် မွေးမြူထုတ်လုပ်သူနဲ့ စားသုံးသူများအတွက် အကျိုးကျေးဇူးများကို ရရှိလာနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူများအနေဖြင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းလုပ်ငန်းမှာ မိမိတို့တတ်စွမ်းသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံအပ်ပါတယ်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့က စတင်၍ မြန်မာနိုင်ငံ၏ မြို့နယ်တိုင်းမှ ရပ်ကွက်/ကျေးရွာများရှိ အိမ်ထောင်စုများတွင် မွေးမြူထားသော တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူပါမည်။**

**တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေး၊ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး**

# ကသာမြို့နယ် အောင်ချမ်းသာရွာအနီး၌ ဦးခေါင်းဒဏ်ရာဖြင့် လင်းပိုင်အသေတစ်ကောင် ရေစီးဖြင့်မျောပါလာ

**မန္တလေး ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အောင်ချမ်းသာရွာအနီး ဧရာဝတီမြစ်ကမ်း လင်းပိုင်ထိန်းသိမ်းရေး ဇရိယာ



ပြင်ပတွင် ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီခွဲခန့်က ဦးခေါင်းဒဏ်ရာဖြင့် သေဆုံးနေသော လင်းပိုင်(အထီး) တစ်ကောင်သည် ရေစီးနှင့်အတူ မျောပါလာကြောင်း ကသာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကိုလတ်က ပြောသည်။

"မနက် ၁၀ နာရီ ၁၅ မိနစ်လောက်မှာ ရေလုပ်သားတွေက ဖုန်းဆက်အကြောင်းကြားတာနဲ့ ကျွန်တော်တို့ သွားကြည့်ပြီး စစ်ဆေးတာတွေ လုပ်ပါတယ်၊ အသက်ရှုပေါက်အနီးမှာ သစ်သားစအနည်းငယ်နဲ့ ပေါက်ပြဲဒဏ်ရာ သွေးစတွေကို တွေ့ရှိရတယ်၊ အထက်ပိုင်းကနေ ရေစီးကြောင်းအတိုင်း မျောပါလာတာပါ၊ ဘာကြောင့်လဲဆိုတာ စုံစမ်းဆဲပါ"ဟု ၎င်းက ပြောသည်။

အဆိုပါသေဆုံးလျက် မျောပါလာသော လင်းပိုင်ကို ကသာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ကိုလတ်နှင့်အဖွဲ့နှင့် မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းမြင့်တို့က လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြပြီး ၎င်းလင်းပိုင်ကို မွန်းလွဲ ၁ နာရီခွဲခန့်တွင် သဖန်းကိုင်းရွာ အရှေ့ရေလယ်ကျွန်း၌ မြေမြှုပ်ခဲ့ကြောင်း သိရသည်။

သေဆုံးနေသည့် လင်းပိုင်မှာ အလျား ခုနစ်ပေ၊ လုံးပတ် လေးပေ လေးလက်မရှိ၍ ယခုသေဆုံးမှုမှာ နှစ်လအတွင်း ဒုတိယမြောက်ဖြစ်ကာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်ကလည်း ကသာမြို့နယ် ကျောက်ပုံရွာအနီး ကမ်းစပ်၌ အလျား ခုနစ်ပေခွဲ၊ လုံးပတ် လေးပေ ရှစ်လက်မရှိ လင်းပိုင်အသေ တစ်ကောင် မျောပါရောက်ရှိလာခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

"ကျွန်တော်တို့အနေနဲ့ လင်းပိုင်ကျက်စားရာနေရာတွေက ကျေးရွာတွေမှာ လင်းပိုင်ထိန်းသိမ်းရေးဟောပြောပွဲတွေ လုပ်သွားမယ်၊ ဧရာဝတီလင်းပိုင်ဆိုတာက နိုင်ငံအတွက် မျိုးသုဉ်းလုနီးပါးရှားပါးသတ္တဝါဖြစ်လို့ ရေရှည်တည်ရှိအောင် ကျွန်တော်တို့ ဝိုင်းဝန်းထိန်းသိမ်းရမှာပါ" ဟု ဦးအောင်ကိုလတ်က ဆက်လက် ပြောကြားသည်။

ငါးလုပ်ငန်းဦးစီးဌာန နှင့် WCS (သားငှက်ထိန်းသိမ်းရေး)တို့က ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးအတွက် လင်းပိုင်ထိန်းသိမ်းရေးဇရိယာအတွင်း ကျေးရွာများမှ ရေလုပ်သားများအား အသိပညာပေး ဟောပြောခြင်းတို့နှင့်အတူ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလက ကောက်ယူခဲ့သည့် စာရင်းများအရ မန္တလေးမှ ဗန်းမော်အထိ ၆၉ ကောင်ခန့်ရှိကြောင်း သိရပြီး ၂၀၁၇ ခုနှစ်က ဧရာဝတီလင်းပိုင် သုံးကောင် သေဆုံးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်**

**ဓာတ်ပုံ-ငွေအိုး(ကသာ)**

## ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို စတင်တရားစွဲဆို

**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေဖြင့် ဖမ်းဆီးခံရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တရားရုံး၌ ရုံးထုတ်ပြီး စတင်တရားစွဲဆိုမှုအပေါ် တရားစွဲဆိုခံရသူတို့ဘက်မှ အာမခံလျှောက်ထားကြောင်း အဆိုပါ တရားရုံးမှ သိရသည်။

**ယနေ့ရုံးထုတ်**

ယနေ့ ရုံးထုတ်မှုနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တရားရုံးမှ သတင်းပြန်ကြားရေး အရာရှိ ဒုတိယခရိုင်တရားသူကြီး(၆) ဦးရဲလွင်က "ဒီကနေ့ ကျွန်တော်တို့ တရားရုံးကို စွဲဆိုတင်ပို့တဲ့ ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှုအမှတ် ၄ မှာတော့ သက်ဦးမောင်(ခေါ်)ဝလုံးနဲ့ ကျော်စိုးဦး(ခေါ်)မိုးအောင်တို့နှစ်ဦးကို မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေ ပုဒ်မ ၃(၁)(ဂ) အရ တရားစွဲဆိုတင်ပို့တဲ့ အမှုကို လက်ခံရရှိပါတယ်၊ သူတို့နှစ်ဦးရဲ့ ရှေ့နေတွေကနေပြီးတော့ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၉၇/၂ အရ အမှုအတောအတွင်း အချုပ်လွတ် ထုချေခွင့် အာမခံလျှောက်ထားပါတယ်" ဟု ပြောကြားသည်။

**စတင်တရားစွဲဆို**

အဆိုပါ တရားစွဲဆိုခံရသူ ရိုက်တာသတင်းထောက်နှစ်ဦးမှာ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် နယ်မြေရဲစခန်းက (ပ) ၁၂၉၈/၂၀၁၇၊ ၁၉၂၃ ခုနှစ် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေ ပုဒ်မ ၃(၁)(ဂ) တို့ဖြင့် ဒုတိယရဲမှူးကြီး ယုနိုင်က တရားလိုအဖြစ် အမှုဖွင့်လှစ်ခဲ့ပြီး အမှုနှင့်ပတ်သက်၍ တရားစွဲဆိုနိုင်ရန်အတွက် ဒီဇင်ဘာ ၁၃ ရက်နှင့် ၂၇ ရက်တို့တွင် မင်္ဂလာဒုံမြို့နယ် တရားရုံး၌ ချုပ်ရက် (ရမန်)များ ရယူခဲ့ကာ ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းခရိုင်တရားရုံးတွင် စတင်တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါ အမှုကို ဆက်လက်ကြားနာစစ်ဆေးနိုင်ရန်အတွက် မြောက်ပိုင်းခရိုင်တရားရုံးက ဇန်နဝါရီ ၂၃ ရက်သို့ ချိန်းဆိုလိုက်ပြီး ယင်းနေ့တွင် အမှုမှ တရားလိုဖြစ်သူ ဒုတိယရဲမှူးကြီး ယုနိုင်ကို စတင်စစ်ဆေးနိုင်ရန်အတွက် တရားရုံးမှ ရဲပုံစံ ၁၀၄ သမ္မန်စာပုံစံကို တရားလိုဘက်သို့ ထုတ်ဆင့်ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

**ဇော်ကြီး(ပဏီတ)**

## ဘောဂသီရိကားဝင်းအတွင်း၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မူးယစ်တပ်ဖွဲ့စုမှ ဒုရဲအုပ် အောင်ဖြိုးဝေနှင့် ပျဉ်းမနားမြို့မရဲစခန်းမှ ဒုရဲအုပ် သက်နိုင်ဦးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၉ ရက် နံနက် ၈ နာရီက ပျဉ်းမနားမြို့နယ် ဘောဂသီရိကားဝင်းအတွင်း၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့သည် ဘောဂသီရိကားဝင်းအတွင်းရှိ ရွှေတောင်ရိုးကားဂိတ်အနီး သတင်းအရ စောင့်ဆိုင်းနေစဉ် သက်ဝေ(ခ)ဆင်မ (၃၄ နှစ်) နေရောင်ပြအင်းဘုရားလမ်း ပုဗ္ဗသီရိမြို့နယ်နေသူ မောင်းနှင်ပြီး နောက်မှ ခွန်ထွန်းမြင့်ထွန်း (၃၄ နှစ်) အမှတ် ၂၃ လော်လမ်း ဦးကြည်ခန့်ရပ်ကွက် တောင်ကြီးမြို့နေသူ လိုက်ပါလာသော နံပါတ်မပါ ရင်ဇင်း ၁၁၀ ဆိုင်ကယ်အား ရပ်တန့် စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၇ ပြား (ကာလတန်ဖိုး ငွေကျပ် ၁၉၄၁၀၀၀)နှင့် ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ သက်ဝေ (ခ) ဆင်မနှင့် ခွန်ထွန်းမြင့်ထွန်းတို့အား ပျဉ်းမနားရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲရဲ (ပျဉ်းမနား)**

## စိတ်ကြွရူးသွပ်ဆေးပြား၊ ဘိန်းစိမ်း၊ ဘိန်းဖြူနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မူးယစ်တပ်ဖွဲ့စု-၁၀၁ နေပြည်တော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၉ ရက်က ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိ ရဲဇာနည်(ခ)ဇာနည် နေထိုင်သည့် နေအိမ်ကို ရှာဖွေရာ ရဲဇာနည်(ခ)ဇာနည်၊ အောင်ဘိုဘို၊ အောင်ထွန်းမိုးနှင့် ရဲထွဋ်ဝင်း(ခ)ဖိုးသကြ်န်တို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြားငါးပြားကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်က မူးယစ်တပ်ဖွဲ့စု-၃ မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ အမှတ် ၅ ရပ်ကွက်ရှိ မမွန်းဂျာနှင့် အောင်ဟိန်းတို့၏ နေအိမ်ကို ရှာဖွေရာ အောင်ဟိန်း၊ မမွန်းဂျာနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၊ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၅ ပြားတို့ကို လည်းကောင်း၊ အလားတူ ညနေ ၅ နာရီက မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာသင်္ချိုင်းအနီး မော်ဟန်-နမ္မချီး ကားလမ်းတွင် မလုဂျာ မောင်းနှင်ပြီး မခွန်တောင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၈၀ ကို လည်းကောင်း။

ထို့အတူ မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု-၁၈ မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ် ယင်းမာပင်မြို့မိုင်တိုင်အမှတ်(၃၄/၆) အနီးတွင် ခရီးသည်တင် မှန်လုံမော်တော်ယာဉ်ကို ရှာဖွေရာ ခရီးသည် ထွန်းရွှေ၏ လွယ်အိတ်အတွင်းမှ ဘိန်းစိမ်း လေးထုပ်(စုစုပေါင်း ဘိန်းစိမ်းအလေးချိန် ၄ ဒသမ ၄ ကီလို)ကိုလည်းကောင်း၊ အလားတူ ညနေ ၅ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု-၁၇ မန္တလေးမြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်ဆည်မြို့ ရဲစုရပ်ကွက် ကျောက်ဆည်-တံတားဦးလမ်းနှင့် မြို့ပတ်လမ်းထောင့်၌ မျိုးတင့် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိသည်။

အလားတူ မွန်းလွဲ ၃ နာရီက မူးယစ်တပ်ဖွဲ့စု-၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးကားလမ်း၌ အုံးညွန့် မောင်းနှင်ပြီး မကံမေ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်နှင့် ရွှေကျော် မောင်းနှင်ပြီး မခင်ရို လိုက်ပါလာသည့် မော်တော်ဆိုင်ကယ် နှစ်စီး ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၃၃ ခွက် (ဘိန်းဖြူ အလေးချိန် ၃၆၃ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀၊ ငွေကျပ် ၁၀ သိန်းနှင့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို လည်းကောင်း။

ထို့အတူ ဇန်နဝါရီ ၈ ရက် နံနက် ၁ နာရီက တပ်မတော်သားများသည် မိုင်းဆတ်မြို့နယ် လွယ်လတ်တန် တပ်စခန်းနှင့် ချောင်းဆုံတပ်စခန်းကြား၌ ဓာတ်မီးရောင်များ တွေ့ရှိရသဖြင့် နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် ကျဟဲ၊ ဇော်မိုင်း၊ ကျဖေး၊ ပါလဲ၊ ကျခတ်ပယ်၊ ယားသိနှင့် ကျဗူးတို့ ခုနစ်ဦးအား တွေ့ရှိရပြီး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၁၁၀၀၊ M-22 သေနတ် သုံးလက်၊ ကျည်အိမ် သုံးခု၊ ကျည် ၆၃ တောင့်နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့၍ မိုင်းဆတ် မြို့မရဲစခန်းသို့ လာရောက် လွှဲပြောင်းအပ်နှံခဲ့ပြီး ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။**(အောက်ပုံ)** **ကိုရဲ**



## အင်းလေးကန်အတွင်း စက်လှေနှစ်စင်းတိုက်မိ

**ညောင်ရွှေ ဇန်နဝါရီ ၁၀**

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားကျောင်းတော် မြောက်ဘက်မုခ်ရေပြင်၌ ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီခန့်က အင်းပေါ်ခုံကျေးရွာနေ ကိုသားငယ်မောင်းနှင်လာသော နိုင်ငံခြားသားခရီးသွားဧည့်သည် ဒတ်ချ်နိုင်ငံသားနှစ်ဦး၊ ဗြိတိန်နိုင်ငံသားနှစ်ဦး တင်ဆောင်လာသည့် စက်လှေနှင့် နန်းဟူးကျေးရွာနေ ကိုအောင်အောင်ဦး မောင်းနှင်လာသည့် စက်လှေတို့ တိုက်မိခဲ့ရာ စက်လှေတိမ်းမှောက်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တရားမဝင် ကုန်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးခဲ့ရာ အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀ ဒသမ ၀၇၆ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၆၇၈ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၇ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃ ဒသမ ၇၅၄ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၉ ရက်က မန္တလေးသို့သွားရောက်မည့် Canter ခြောက်ဘီးယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မိုးကာလိပ် 900 Kg၊ ကော်ဇောလိပ် 2980 Kg၊ စားပွဲခင်း 1200 Kg နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆ ဒသမ ၁၂၀ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုဏ္ဏားကျွန်းမြို့နယ်၌ ကူးတို့လှေနစ်မြုပ်ကာ သုံးဦးသေဆုံး

**ပုဏ္ဏားကျွန်း ဇန်နဝါရီ ၁၀**

ပုဏ္ဏားကျွန်းမြို့နယ် ငှက်ကြီးကျွန်းကျေးရွာနှင့် အင်ဖုံပြင်ကျေးရွာအကြားရှိ မြစ်ငယ်တွင် ဇန်နဝါရီ ၉ ရက် ညနေ ၄ နာရီခွဲက ကူးတို့လှေနစ်မြုပ်၍ ကျောင်းသူနှစ်ဦးနှင့် လှေသမားတစ်ဦး ရေနစ်သေဆုံးသွားကြောင်း အင်ဖုံပြင်ကျေးရွာ အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

ဖြစ်စဉ်မှာ အင်ဖုံပြင်ကျေးရွာမှ ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့မှာ ငှက်ကြီးကျေးရွာရှိ မူလွန်ကျောင်းသို့ မြစ်ငယ်ကိုဖြတ်၍ ကူးတို့လှေဖြင့်သွားရာ လောင်းလှေပေါက်ပြီး ရေဝင်နစ်မြုပ်၍ သေဆုံးခဲ့ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဇံလှက ပြောသည်။ သေဆုံးသူများမှာ အင်ဖုံပြင်ကျေးရွာမှ အဋ္ဌမတန်းကျောင်းသူ မကျော့ဆန်းခင်၊ ဆဋ္ဌမတန်းကျောင်းသူ မချိုဝင်းဦးနှင့် ကူးတို့လှေသမား ဦးစောဖြူတို့ဖြစ်ကြောင်း သိရသည်။ လှေနစ်မြုပ်၍ သေဆုံးခဲ့သော ကျောင်းသူနှစ်ဦး၏ မိသားစုအား ပုဏ္ဏားကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလူငယ်အဖွဲ့ (PDYO)က ငွေကျပ် ၅၀၀၀၀ စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**နီနီ(ပြန်/ဆက်)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ပွဲတော်ကွင်းအတွင်းတွင် သံဃာတော်အပါး (၉၀၀)ဖြင့် လေးရက်တိုင်တိုင် အသံမစဲမဟာပရိတ်တော်၊ မဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲနှင့် ပဋ္ဌာန်းသိမ်းအောင်ပွဲအခမ်းအနားမှ သံဃာတော်အပါး(၁၀၀၀၀) မဟာသံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး၏ပြည်သူပြည်သားများလိုလားတောင့်တနေသော ငြိမ်းချမ်းရေးရရှိပြီး အေးချမ်းစည်ပင်ဖွံ့ဖြိုးတိုးတက်ကာ ဘေးရန်အန္တရာယ်ကင်းဝေးစေရေးအတွက် မိုးထိမိုးမိရွှေတောင်ကြီး ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအဖွဲ့ကြီးမှ မတည်လှူဒါန်းကျင်းပသော ပထမအကြိမ်၊ မဟာပရိတ်တော်၊ မဟာပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲနှင့် သံဃာတော်အပါး(၁၀၀၀၀)မဟာသံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကြီးကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**နေ့ရက်(အစ-အဆုံး)** - ၁၃၇၉ခုနှစ်၊ တပို့တွဲလဆန်း ၁ရက်မှ တပို့တွဲလဆန်း လေးရက်အထိ ၁၇-၁-၂၀၁၈ရက်မှ ၂၀-၁-၂၀၁၈ရက်အထိ

**အခမ်းအနားအဖွင့်** - နံနက် ၉နာရီ(၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၁ရက်) ၁၇-၁-၂၀၁၈(ဗုဒ္ဓဟူးနေ့)

**ပဋ္ဌာန်းအောင်ပွဲ** - နံနက် ၉နာရီ(၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၄ရက်) ၂၀-၁-၂၀၁၈ရက်(စနေနေ့)

**တစ်ကြိမ်လျှင် သံဃာတော်အပါး(၉၀)ဖြင့် ပူဇော်မည်ဖြစ်ပြီး စုစုပေါင်း ပဋ္ဌာနဘာဏက သံဃာတော်အပါး(၉၀၀)ဖြစ်ပါသည်။**

**သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီး** - ၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၄ရက် မွန်းလွဲ ၂နာရီ၊ ၂၀-၁-၂၀၁၈ရက်(စနေနေ့)

**နေရာ** - ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ပွဲတော်ကွင်း၊ နေပြည်တော်

သံဃာတော်အပါး(၉၀၀)ဖြင့် မဟာပရိတ်တော်/မဟာပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲသို့ ကြွရောက်ကုသိုလ်တော်ပါဝင်နိုင်ပါကြောင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပါဝင်ကုသိုလ်ယူလိုသူများအနေဖြင့် ဦးကျော်မင်းနိုင် (ရွှေတောင်ကြီးဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအဖွဲ့) ဖုန်း-၀၉-၇၉၆၁၀၀၆၀၁၊ ဦးဖြိုးစည်သူတိုးမြင့် ဖုန်း-၀၉-၅၅၀၂၆၇၅တို့သို့ (၁၅-၁-၂၀၁၈)ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းကုသိုလ်ပြုနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

**မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးကော်မတီ**

---

## 'သတိပေးနှိုးဆော်ချက်'

ရန်ကုန်မြို့တော်အတွင်း မောင်းနှင်သွားလာလျက်ရှိသော မော်တော်ယာဉ်မောင်းနှင်သူများမှာ နေ့စဉ်စည်းကမ်းချိုးဖောက်မှုများကြောင့် ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုများ၊ ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယာဉ်မရပ်ရနေရာ၌ ရပ်တန့်ထားသော ယာဉ်များ၊ ယာဉ်နှစ်ထပ်ရပ်တန့်ထားသောယာဉ်များ၊ ဖြူနီကျား ရေးဆွဲထားသည့်နေရာတွင် ရပ်ထားသောယာဉ်များ၊ အချက်ပြမီးပွိုင့်ဧရိယာအတွင်း ရပ်တန့်ထားသော ယာဉ်များအား မော်တော်ယာဉ် ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

---

## တာယာဟောင်း၊ ဘက်ထရီဟောင်းနှင့် သံတိုသံစဟောင်းများ လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ အင်ဂျင်နီယာဌာန၊ ရေယာဉ်နှင့်ပို့ဆောင်ရေးဌာနစိတ်ရှိ အောက်ဖော်ပြပါ အသုံးမလိုပိုလျှံသော တာယာဟောင်း၊ ဘက်ထရီဟောင်းနှင့် သံတို သံစဟောင်းများအား မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) တာယာဟောင်းမျိုးစုံ | (၅၂၁) လုံး | လပ်ပုံ(၂)ပုံ |
| (ခ) ဘက်ထရီဟောင်းမျိုးစုံ | (၃၈၈) လုံး | လပ်ပုံ(၂)ပုံ |
| (ဂ) သံတိုသံစဟောင်းမျိုးစုံ (၁၁ဒသမ၇၀၂တန်) | | လပ်ပုံ(၂)ပုံ |

၂။ **လေလံတင်ရောင်းချမည့်နေရာ** - ရေယာဉ်နှင့်ပို့ဆောင်ရေးဌာနစိတ်

၃။ **လေလံတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၆-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၉း၃၀နာရီ

၄။ **လေလံလျှောက်လွှာနှင့်စည်းကမ်းချက် ပုံစံရောင်းချမည့်ရက်နှင့်နေရာ** - ၁၅-၁-၂၀၁၈ မှ ၂-၂-၂၀၁၈အထိ ရေယာဉ်နှင့်ပို့ဆောင်ရေးဌာနစိတ် (ကြည့်မြင်တိုင်) ဖုန်း-၀၉-၄၂၁၇၃၀၁၀၀၊ ၀၁-၅၃၅၈၉၁

**လေလံတင်ရောင်းချရေးအဖွဲ့**

---

**အမည်မှန်**

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်နေ ဦးနေလင်း ၁၀/မလမ(နိုင်)၁၄၈၁၈၁၏ သမီး မအေးချမ်းသူ၏ အမည်မှန်မှာ မအိမ်စည်သူ ဖြစ်ပါကြောင်း။

---

## မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း ဖိတ်ကြားလွှာ

(၁) မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း၏ ၂၀၁၈ခုနှစ်၊ တတိယအကြိမ်မြောက် နှစ်ပတ်လည် ''စုံညီတွေ့ဆုံပွဲ''ကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြန်မာ့လက်ရွေးစင်ဟောင်းများအားလုံး (အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများပါ) တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(၂) ''စုံညီတွေ့ဆုံပွဲ''မကျင်းပမီ (၂၁-၁-၂၀၁၈)ရက်တွင် အသင်း၏ အမှုဆောင်အဖွဲ့ကို ပြန်လည်ရွေးကောက်ဖွဲ့စည်းတင်မြှောက်မည်ဖြစ်ပါသဖြင့် **ရာသက်ပန်အသင်းဝင်များထဲမှ အမှုဆောင်အဖြစ် ရွေးချယ်ခံရန် စိတ်ဝင်စားသူများအားလုံး မပျက်မကွက်** တက်ရောက်၍ ဆန္ဒမဲပေးနိုင်ရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

**အမှုဆောင်အသစ်များရွေးချယ်ခြင်း** - ၂၁-၁-၂၀၁၈ ရက်၊ (ကြာသပတေးနေ့)
နံနက် (၀၉း၀၀)နာရီ
အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၊
မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း ရုံးခန်း

**နှစ်ပတ်လည်စုံညီတွေ့ဆုံပွဲ** - ၂၈-၁-၂၀၁၈ ရက်၊ (တနင်္ဂနွေနေ့)
နံနက်(၀၉း၀၀)နာရီ
အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ ၊
မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း ရုံးခန်း

---

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက် ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်းနှင့် လမ်း(၉၀)ထောင့်၊ အမှတ်(၅၉)နေ ဦးဇော်ခိုင်မြင့်(ခ)ပေါလ် ၁၂/မဂတ(နိုင်)၀၀၅၀၃၆၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်(၅)ရပ်ကွက်၊ သီဂီ(၂)လမ်း၊ အမှတ် ၂၅၃နေ ဒေါ်ဥမ္မာအောင် ၁၂/သကတ(နိုင်)၁၈၈၇၁၈တို့နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရန်ပြေ(၃)ရပ်ကွက်၊ ရန်အောင်လမ်း၊ အမှတ် ၉နေ ကျွန်မဒေါ်မေအိမ့်ဒါလီမွန် ၁၂/ဒပန(နိုင်)၀၄၅၄၅၆မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်အမည်ပါရှိသူ ဦးဇော်ခိုင်မြင့်(ခ)ပေါလ်မှ ၁၅-၁၂-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၈)တွင် ရန်ကုန်တိုင်း ဒေသကြီး၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် ၂၆၅/ခ၊ မြေညီထပ်အခန်းနှင့် ပတ်သက်၍ ကြေညာခဲ့ပါသည်။ အဆိုပါတိုက်ခန်းအား တိုက်ခန်းဖိုး၏ ၅၉ဒသမ၀၉ ရာခိုင်နှုန်းကို ကျွန်မမှ ဦးဇော်ခိုင်မြင့်ထံသို့ ပေးချေထားပြီးဖြစ်ပါသည်။ ထို့နောက် ဦးဇော်ခိုင်မြင့်မှ ကျွန်မအား အဆိုပါတိုက်ခန်းကို လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ သို့ပါသော်လည်း ဦးဇော်ခိုင်မြင့်မှ ကနဦးကတိပြုခဲ့သည့် တိုက်ခန်းအင်္ဂါရပ်များ မညီညွတ်သည့်အတွက် ပြန်လည်ပြင်ဆင်ပေးခြင်းမရှိသည့်အပြင် တိုက်ခန်းအား ဆိုင်ဖွင့်နိုင်ကြောင်း ၎င်းကိုယ်တိုင်ကတိပြုခဲ့သော်လည်း မြို့နယ်စည်ပင်မှ ပြန်လည်ပိတ်ခိုင်းသောကြောင့် ကျွန်မအနေဖြင့် များစွာနစ်နာခဲ့ရပါသည်။

ဦးဇော်ခိုင်မြင့်မှ တိုက်ခန်းဆောက်လုပ်ခြင်း၊ လူနေထိုင်ခွင့်များကို ကျွန်မဝယ်ယူသည့် ၂၃-၂-၂၀၁၇ရက်မှ (၆)လအကြာတွင် အပြီးဆောက်လုပ်ပေးမည်ဖြစ်ကြောင်း ကတိပြုခဲ့သော်လည်း ယနေ့အချိန်ထိ ပြီးစီးခြင်းလည်းမရှိပါ။ သို့အတွက် ၎င်း၏ပျက်ကွက်မှုများကြောင့် ငွေဆက်လက်မသွင်းခဲ့ခြင်းကို ဦးဇော်ခိုင်မြင့်မှ အဆိုပါတိုက်ခန်းအား ရက်ပိုင်းအတွင်း သတင်းစာကြော်ငြာပြီး ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်း၊ သော့အားလဲခတ်ထားပြီးဖြစ်ကြောင်း အရောင်းအဝယ်ဖြစ်မြောက်ရန် ဆက်သွယ်ပေးသူ ဒေါ်ဥမ္မာအောင်မှတစ်ဆင့် ဖိအားပေးပြောဆိုခဲ့ပါသည်။

ထို့ပြင် အိမ်ခြံမြေအကျိုးဆောင် ဒေါ်ဥမ္မာအောင်မှ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ကျွန်မနေအိမ်သို့ ရောက်ရှိလာပြီး တိုက်ခန်းနှင့်ပတ်သက်၍ ညှိနှိုင်းရန်အတွက်ဟု ပြောဆိုကာ တိုက်ခန်းစာချုပ်ကို လာရောက်ယူဆောင်သွားသည့်အပြင် ၁၀-၁-၂၀၁၈ရက်တွင် အဆိုပါတိုက်ခန်းစာချုပ်အား ပေါင်နှံလိုက်ကြောင်း ပြောဆိုခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဦးဇော်ခိုင်မြင့်မှ ၁၅-၁၂-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြေညာချက်အား ပြန်လည်ရုပ်သိမ်းပေးရန် အသိပေးကြေညာအပ်ပါသည်။ ထို့ပြင် ဒေါ်ဥမ္မာအောင်အနေဖြင့် ကျွန်မထံမှ တိုက်ခန်းစာချုပ်အား လိမ်လည်ရယူသွားပြီး အလွဲသုံးစားလုပ်ခဲ့ခြင်းအား ဥပဒေအရတရားစွဲဆိုသွားမည်ဖြစ်ပါကြောင်းလည်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မေအိမ့်ဒါလီမွန်**
**၁၂/ဒပန(နိုင်)၀၄၅၄၅၆**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၂ယ/၅၄၉၀၇ Honda Dream ND125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမိုးခိုင် ၉/မထလ(နိုင်)၂၄၂၈၆၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာခရိုင်)**

---

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၄၅/မြမာလာရပ်)၊ ဦးပိုင်အမှတ် (၁၆၄-က)၊ မြေယာအမှတ် (164-A)၊ မြေဧရိယာ(၀ဒသမ၀၅၁)ဧကရှိ မြေကွက်အားဒေါ်ဌေးဌေးမြင့်အမည်ဖြင့် ဂရန်စာချုပ်နံပါတ် (၁၄၇/၂၀၁၃/၂၀၁၄)၊ ဂရန်အမှုတွဲအမှတ်(118/2010-2011)အရ ပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ ဒေါ်ဌေးဌေးမြင့်မှာ ၁၈-၅-၂၀၁၅ ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ဌေးဌေးမြင့်၏ ခင်ပွန်းဖြစ်သူ ဦးထွန်းထွန်း ၉/မမန(နိုင်)၀၁၄၂၆၁အမည်ဖြင့် ဂရန်အမည်ပြောင်းဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးထွန်းထွန်း ၉/မမန(နိုင်)၀၁၄၂၆၁**
**အမှတ်(၁၆၄-က)၊ သုတလမ်း၊ မြမာလာရပ်ကွက်**
**ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၂/ပဒေသာရပ်)၊ ဦးပိုင်အမှတ် ၂၀၄၊ မြေယာအမှတ် ၂၀၄၊ မြေဧရိယာ(၀ဒသမ၀၄၆)ဧကရှိ မြေကွက်အား မြို့မြေနေရာချထားပေးရေးကော်မတီ၊ ပြင်ဦးလွင်မြို့ မြေချထားသည့် အမိန့်အမှတ်စဉ် (1626)ဖြင့် ရရှိခဲ့ပါသည်။ အဆိုပါမြေကွက်အား မြေငှားဂရန်သစ်လျှောက်ထားနိုင်ရေး ဦးထွန်းထွန်း ၉/မမန(နိုင်)၀၁၄၂၆၁မှ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးထွန်းထွန်း ၉/မမန(နို) ၀၁၄၂၆၁**
**အမှတ်(၁၆၄-က)၊ သုတလမ်း၊ မြမာလာရပ်ကွက်**
**ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့**




## အမည်ပြောင်း

ရွှေတောင်မြို့၊ သရက်တောရပ်ကွက်၊ ဘီးတန်းလမ်းနေ ဦးမြင့်စိန် ၇/ရတန(နိုင်)၀၀၀၇၄၅၏သမီး အထက(ခွဲ) သရက်တော အဌမတန်း(A)မှ ဆုရည်ဝင်း ၇/ရတန(နိုင်)၁၄၂၈၁၆ အား မကြယ်စင်လင်းဝေဟု ပြောင်းလဲခေါ်ပါရန်။

**မကြယ်စင်လင်းဝေ**

## အမည်ပြောင်း

ရွှေဘိုမြို့၊ D-ပျိုးခင်း ကိုယ်ပိုင်အထက်တန်းကျောင်း သတ္တမတန်းမှ ဦးနန္ဒမောင်မောင် - ဒေါ်အေးအေးမြင့်တို့၏သမီး မမေမြတ်နိုး၏အမည်မှန်မှာ မမေမြတ်နိုးခင် ဖြစ်ပါကြောင်း။

**မမေမြတ်နိုးခင်**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၇) ရေဝေ၊ နဝမတန်း(B)မှ မောင်ထွန်းသစ္စာ အမက(၁၁၆) ကျောက်အိုး၊ ဒုတိယတန်းမှ မစုလဲ့ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝင်း ၉/မထလ(နိုင်)၀၉၃၂၈၉ ဖြစ်ပါသည်။

**ဦးညွန့်ဝင်း**

## ဖခင်အမည်မှန်

စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့ အထက နဝမတန်း (စံပယ်ခန်း)မှ မောင်ဝင်းဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦးသွယ် ၈/စလန(နိုင်)၁၀၁၇၆၁ ဖြစ်ပါကြောင်း။

**ဦးမြင့်ဦးသွယ်**

**မွေးသက္ကရာဇ် အမှန်**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဥသျှစ်ကုန်းရွာနေ ဦးမင်းမင်းသန့် ၈/စလန(နိုင်)၀၈၄၇၂၄၏သား မောင်ကျော်ဇင်သန့်၏ မွေးသက္ကရာဇ် အမှန်မှာ ၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၇)ရက် ၁၀-၅-၂၀၀၄ ဖြစ်ပါသည်။

**ဦးမင်းမင်းသန့်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8M/4179 Shwe Myanmar L/T P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဌေး ၁၃/နဆန(နိုင်)၀၄၄၀၈၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

# ရွှေ့ပြောင်းသွားလာသူများအတွက် DACA စီမံချက်ကို အဆုံးသတ်ရန် ထရန့်၏ ကြိုးပမ်းမှုကို အမေရိကန်တရားသူကြီး တားဆီး




**ဆန်ဖရန်စစ္စကို ဇန်နဝါရီ ၁၀**

ဆန်ဖရန်စစ္စကိုရှိ အမေရိကန်တရားသူကြီးတစ်ဦးသည် မိဘများက အမေရိကန်သို့ တရားမဝင်ခေါ်ဆောင်လာခဲ့သည့် လူငယ်များကို ကာကွယ်ပေးထားသည့် အစီအစဉ်ကို ရုပ်သိမ်းရန် ထရန့်အစိုးရအဖွဲ့၏ ကြိုးပမ်းမှုကို အင်္ဂါနေ့က ခေတ္တတားဆီးခဲ့ကြောင်း သိရသည်။

ထရန့်အစိုးရအဖွဲ့သည် ကလေးသူငယ်များဆိုက်ရောက်မှုကို ခွင့်ပြုပေးသည့် ဆောင်ရွက်ချက် DACA အစီအစဉ်ကို ရုပ်သိမ်းသွားတော့မည်ဖြစ်ကြောင်း စက်တင်ဘာလက ကြေညာခဲ့သည်။ ယင်းဆုံးဖြတ်ချက်သည် ဒီမိုကရက်တစ် ပြည်ထောင်စုရှေ့နေချုပ်များ၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များက များစွာသောဖက်ဒရယ်တရားရုံးများကို စိန်ခေါ်လိုက်သည့် ဆုံးဖြတ်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အမေရိကန် ခရိုင်တရားသူကြီး ဝီလီယမ် အယ်လ်ဆပ်သည် တရားစွဲဆိုမှုများကို ဖြေရှင်းနေချိန်တွင် ယင်းအစီအစဉ် မူလအတိုင်းထားရှိရန် အင်္ဂါနေ့က ဆန်ဖရန်စစ္စကို၌ စီရင်ဆုံးဖြတ်ခဲ့သည်။ ကြားနာစစ်ဆေးဆုံးဖြတ်မှုသည် လူဝင်မှုကြီးကြပ်ရေး ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ ကွန်ဂရက်လွှတ်တော်ခေါင်းဆောင်များနှင့် ထရန့်တို့အကြား နောက်ဆက်တွဲညှိနှိုင်းဆွေးနွေးမှုများကို ပေါ်ပေါက်လာစေနိုင်ကြောင်း သိရသည်။

ယနေ့ချမှတ်လိုက်သည့် အမိန့်သည် ယင်းကိစ္စနှင့်ပတ်သက်သည့် တရားရေးဌာန၏ ရပ်တည်ချက်ကို ပြောင်းလဲသွားစေမည် မဟုတ်ကြောင်း တရားရေးဌာနပြောရေးဆိုခွင့်ရှိသူ ဒီမင်အမ် အိုမာလေးက ပြောကြားသည်။ တရားရေးဌာနသည် ရပ်တည်ချက်ကို ကာကွယ်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

လူငယ် ၇၀၀၀၀ ခန့်တို့သည် DACA အစီအစဉ်အောက်တွင် ပြည်နှင်ခံရခြင်းမှ အကာအကွယ်ပေးထားပြီး တရားဝင်အလုပ်လုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိခဲ့ကြောင်း အယ်လ်ဆပ်၏ ကြားနာစစ်ဆေးမှုတွင် ဖော်ပြခဲ့သည်။ **ရိုက်တာ**

## ကိုရီးယားနှစ်နိုင်ငံ အပြန်အလှန်ဆွေးနွေးမှု သဘောတူညီချက် သုံးခုဖြင့် အောင်မြင်စွာပြီးဆုံးခဲ့

**ဆိုးလ် ဇန်နဝါရီ ၁၀**

မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတို့မှ အဆင့်မြင့်အရာရှိများဆွေးနွေးပွဲသည် သဘောတူညီချက်သုံးခုဖြင့် အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း သိရသည်။ ဝန်ကြီးများအဆင့်ဆွေးနွေးပွဲများကို အင်္ဂါနေ့က နှစ်နိုင်ငံနယ်နိမိတ်ပိုင်းခြားထားသည့် အပစ်အခတ်ရပ်စဲရေးကျေးရွာဖြစ်သည့် ပန်မွန်ဂျုန်၌ ၁၁ နာရီကြာအောင်ပြုလုပ်ခဲ့ကြောင်း သိရသည်။ ပူးတွဲသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်မှာ မြောက်ကိုရီးယားသည် ပြုံချမ်း၌ ကျင်းပမည့် ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲသို့ အားကစားသမားများ၊ အကြီးတန်းအာဏာပိုင်များ၊ အားကစားအသင်းအထောက်အကူပြု ခေါင်းဆောင်များနှင့် ဖျော်ဖြေရေးဆောင်ရွက်မည့် အနုပညာရှင်များကို တောင်ကိုရီးယားသို့ စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

ကိုရီးယားနှစ်နိုင်ငံတို့သည် တင်းမာမှုများကို လျော့ကျစေရန်နှင့် များစွာသော နယ်ပယ်ကဏ္ဍများတွင် အပြန်အလှန်နှီးနှောဖလှယ်မှုများပြုလုပ်ရန် အထောက်အကူဖြစ်စေမည့် စစ်ရေးအရဆွေးနွေးမှုများကိုလည်း လုပ်ဆောင်သွားကြမည်ဖြစ်သည်။ ဖော်ပြချက်တွင် တောင်နှင့်မြောက် နှစ်ဖက်စလုံးတို့သည် ပြည်သူတစ်ရပ်လုံးအနေဖြင့် စကားပြောဆိုဆွေးနွေးမှုမှတစ်ဆင့် နှစ်နိုင်ငံအကြောင်းအရာများအားလုံးကို ဖြေရှင်းသွားရန် ရည်ရွယ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

တောင်ကိုရီးယားသည် ကိုရီးယားစစ်ပွဲကြောင့် ပြိုကွဲခဲ့ရသည့် မိသားစုများ ပြန်လည်ပေါင်းစည်းရေးကို ပြန်လည်စတင်ဆောင်ရွက်သွားရန်အတွက် ပြင်ဆင်မှုများပြုလုပ်ရေး ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကယ်လီဖိုးနီးယားတွင် မြေပြိုကျရာမှ လူ ၁၃ ဦးသေဆုံး

**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၁၀**

ဆောင်းရာသီ လေပြင်းမုန်တိုင်းကျရောက်မှုကြောင့် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်တာဘာဘရာဒေသတွင် ယမန်နေ့က မြေပြိုမှုဖြစ်ပွားခဲ့ရာ လက်ရှိအချိန်တွင် လူပေါင်း ၁၃ ဦးသေဆုံးခဲ့ကြောင်း ဒေသတွင်းရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

မြေပြိုမှုဖြစ်ပွားခဲ့သဖြင့် လက်ရှိအချိန်တွင် လူပေါင်း ၁၃ ဦးသေဆုံးလျက်ရှိကြောင်း ယမန်နေ့က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ဆန်တာဘာဘရာဒေသရဲမှူးက ပြောခဲ့သည်။ ရဲတပ်ဖွဲ့နှင့် အခြားသက်ဆိုင်ရာအဖွဲ့တို့က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အစွမ်းကုန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်လာနိုင်သည်နှင့် သေဆုံးသူအရေအတွက်မှာ ယခင်ထုတ်ပြန်ထားသည်ထက် မြင့်တက်နိုင်ခြေရှိကြောင်း သိရသည်။

မြေပြိုမှုကြောင့် ပျောက်ဆုံးသွားသူများကို လက်ရှိအချိန်တွင် အတည်မပြုနိုင်သေးကြောင်း၊ ပျက်စီးဆုံးရှုံးမှုအခြေအနေကိုသာစာရင်းပြုစုရသေးကြောင်း၊ ဆန်တာဘာဘရာဒေသ မီးသတ်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

မြေပြိုကျသည့်နေရာသို့ အရေးပေါ်ကယ်ဆယ်မှုများ လုပ်ဆောင်နိုင်ရန် စက်ယန္တရားကြီးများကို ပို့ဆောင်ထားပြီး တပ်ဖွဲ့ဝင်များကို စေလွှတ်ထားကြောင်း ကယ်လီဖိုးနီးယားပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

**ဆင်ဟွာ**





# ဘလူချီစတန်ပြည်နယ်လွှတ်တော်အနီး ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ခုနစ်ဦးထက်မနည်းသေဆုံး

**အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၀**

ပါကစ္စတန်အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ် ကွတ်တာမြို့တွင် မကြာသေးမီက ရဲတပ်ဖွဲ့ဝင်များကို ဦးတည်သည့် ဗုံးဖောက်ခွဲမှုတစ်ခု ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အသေခံဗုံးခွဲသမားအပါအဝင် လူပေါင်း ခုနစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း၊ ထို့အပြင် ဒဏ်ရာရရှိသူ ၂၈ ဦးရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဇန်နဝါရီ ၁၀ ရက်က ဖော်ပြခဲ့သည်။

ဗုံးခွဲတိုက်ခိုက်မှုသည် ဘလူချီစတန်ပြည်နယ်လွှတ်တော် အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တိုက်ခိုက်သူသည် မော်တော်ဆိုင်ကယ်ဖြင့် လွှတ်တော်အနီး တာဝန်ထမ်းဆောင်နေသော ရဲကားကို အရှိန်ဖြင့် မောင်းနှင်ဝင်ရောက်ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားချိန်သည် လွှတ်တော် အစည်းအဝေးကျင်းပနေချိန်ဖြစ်ပြီး တိုက်ခိုက်သူမှာ ပထမပိုင်းတွင် လွှတ်တော်ကို တိုက်ခိုက်ရန် ရည်ရွယ်ထားသော်လည်း နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ရဲကားကိုသာ ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လွှတ်တော်ကျင်းပနေစဉ်အတွင်း ရဲအစောင့်များကို ထူထပ်စွာချထားကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုကြောင့် အသေခံတိုက်ခိုက်သူတစ်ဦး၊ ရဲတပ်ဖွဲ့ဝင် ငါးဦးနှင့် အရပ်သားတစ်ဦးသေဆုံးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအနက် ခြောက်ဦးခန့်မှာ အလွန်စိုးရိမ်ရကြောင်း၊ နောက်ပိုင်းတွင် သေဆုံးသူစာရင်းမှာမြင့်တက်လာနိုင်ကြောင်း ကွတ်တာဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

အဆိုပါတိုက်ခိုက်မှုကို ပါကစ္စတန်တာလီဘန်အဖွဲ့အစည်းက လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြခဲ့သည်။

**ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## မြောက်နှင့်တောင်ကိုရီးယား နှစ်နိုင်ငံဆွေးနွေးမှုကို မော်စကို ကြိုဆို

**မော်စကို ဇန်နဝါရီ ၁၀**

မြောက်ကိုရီးယားနှင့် တောင်ကိုရီးယား နှစ်နိုင်ငံတို့ စကားပြောဆိုဆွေးနွေးမှုများ ပြုလုပ်သွားကြမည်ကို ရုရှားနိုင်ငံက ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုခဲ့ကြောင်း ကရင်မလင် ပြောရေးဆိုခွင့်ရှိသူက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

ကျွန်ုပ်တို့က အမှန်တကယ်လိုအပ်သည်ဟု ပြောဆိုခဲ့သည့် စကားပြောဆိုဆွေးနွေးမှု အစစ်အမှန်ပင်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက သတင်းထောက်များနှင့် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားအာဏာပိုင်များနှင့် တောင်ကိုရီးယားရှိ ၎င်းတို့၏ဆွေးနွေးဖက်များသည် အင်္ဂါနေ့တွင် နှစ်နှစ်ကျော်ကြာအတွင်း ပထမဆုံးဖြစ်သည့် ဆွေးနွေးပွဲများကို ကျင်းပလျက်ရှိပြီး စစ်ရေးဆိုင်ရာ တင်းမာမှုများနှင့် လာမည့်လတွင် ကျင်းပမည့် ဆောင်းရာသီ အိုလံပစ်ပွဲတော်ကိစ္စရပ်များကို ဆွေးနွေးနေကြောင်း သိရသည်။

**ရိုက်တာ**

## အစ္စရေးသို့ လာမည့် သီတင်းပတ်တွင် မိုက်ပန့်စ်သွားရောက်မည်

**ဝါရှင်တန် ဇန်နဝါရီ ၁၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် ဆုံးဖြတ်ချက်ချမှတ်လိုက်သည့် အတွက် ပါလက်စတိုင်းပြည်သူများ၏ဆန္ဒပြမှုများ အဆက်မပြတ်ဖြစ်ပွားနေ သည်ဖြစ်ရာ အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်သည် လာမည့်ရက်သတ္တပတ်တွင် အစ္စရေးသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၁၉ မှ ၂၃ ရက်အထိ ကြာမြင့်မည့် မိုက်ပန့်စ်၏ ခရီးစဉ်သွားရောက်မှုသည် အီဂျစ်နှင့် ဂျော်ဒန်နိုင်ငံများသို့ ရောက်ရှိမည်ဖြစ်ကြောင်း အိမ်ဖြူတော်က တနင်္လာနေ့တွင်ပြောကြားခဲ့သည်။

ခရီးစဉ် နောက်ဆုံးရက် နှစ်ရက်ကို အစ္စရေးတွင် ကုန်ဆုံးသွားမည်ဖြစ်ပြီး မိုက်ပန့်စ်သည် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု နှင့်တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းသည် ပါလီမန်လွှတ်တော်တွင် မိန့်ခွန်းပြောဆိုသွားမည်ဖြစ်ကာ ဂျေရုဆလင်ရှိ မြင့်မြတ်သော ဘာသာရေးနယ်မြေဖြစ်သည့် အနောက်ဘက်တံတိုင်းသို့ သွားရောက်လည်ပတ်မည်ဖြစ်သည်ဟုဆိုသည်။ ခရီးစဉ်သည် အမေရိကန်ပြည်ထောင်စုက အစွန်းရောက်ဝါဒကို တိုက်ဖျက်ရေးအတွက် မဟာမိတ်အစ္စရေးနှင့်အတူတကွ လက်တွဲလုပ်ဆောင်သွားရန် ဒေသတွင်း၌ ပေးအပ်ခဲ့သည့်ကတိကို ခိုင်မာလေးနက်စေရန် ရည်ရွယ်လျက် သွားရောက်မည့်ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကာလဝမ်းရောဂါကြောင့် စီးပွားရေးထိခိုက်ယိုယွင်းလာသည့် ဇမ်ဘီယာ

**ကလျာမိုးမြင့်**



ဇမ်ဘီယာနိုင်ငံက အာဏာပိုင်တွေဟာ ကာလဝမ်းရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ဟန့်တားဖို့ လုံလောက်စေမယ့်အစီအမံတွေကို မြန်မြန်ဆန်ဆန်ချမှတ်ဆောင်ရွက်ဖို့ လိုအပ်တဲ့အခြေအနေကို ရောက်ရှိနေပါပြီ။ ကာလကြာရှည်စွာ ဖြစ်ပွားနေခဲ့တဲ့ ကာလဝမ်းရောဂါကပ်ဆိုးက နိုင်ငံရဲ့စီးပွားရေးအလားအလာအပေါ်မှာ မကောင်းတဲ့ အကျိုးဆက်တွေ သက်ရောက်လာစေတော့မှာ ဖြစ်တယ်လို့ ကျွမ်းကျင်သူပညာရှင်တွေက သောကြာနေ့မှာ တွက်ချက်သုံးသပ်ခဲ့ကြပါတယ်။

**ကူးစက်ခံနေရ**

ဇမ်ဘီယာနိုင်ငံမြို့တော် လူဆာကာမှာ ပြီးခဲ့တဲ့နှစ်အောက်တိုဘာလမှာ စတင်ဖြစ်ပွားခဲ့တဲ့ ကာလဝမ်းရောဂါဟာ အခုဆိုရင် နိုင်ငံရဲ့တခြားအစိတ်အပိုင်းတွေကို ကူးစက်ပျံ့နှံ့လာနေပြီဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြတဲ့ စာရင်းအင်းအချက်အလက်တွေအရ ပိုမိုအင်အားကြီးမားလာတဲ့ ကာလဝမ်းရောဂါ ကူးစက်ဖြစ်ပွားမှုဟာ နိုင်ငံတစ်ဝန်းမှာ ၂၁၄၈ ဦးအထိ ကူးစက်ခံနေရကာ မြို့တော်လူဆာကာမှာတင် ၂၀၉၁ ဦးရှိနေခဲ့ပြီး ဒီရောဂါကြောင့် အသက်ဆုံးရှုံးရသူကတော့ ၅၁ ဦးအထိ ရှိခဲ့ပါတယ်။

အစိုးရကတော့ ရောဂါကူးစက်မှုအပေါ် မြန်မြန်ဆန်ဆန် တုံ့ပြန်ဆောင်ရွက်ခဲ့တာပါပဲ။ ဈေးတွေကို ပိတ်လိုက်တယ်။ လမ်းဘေးဈေးရောင်းချတာတွေကို တားဆီးပိတ်ပင်ခဲ့တယ်။ မြို့တွင်းဆီကို လယ်ယာထွက်စားသောက်ကုန်တွေ ပို့ဆောင်နေမှုကို ရပ်နားလိုက်တယ်။ အသင့်စား အစားအစာတချို့မှာလည်း ရောဂါပိုးကူးစက်မှုတွေရှိနေပါတယ်။ ပိတ်ပစ်ခဲ့တဲ့ဈေးတွေထဲမှာ စိုဝီတို ဈေးဟာဆိုရင် လူဆာကာ အလယ်ပိုင်းစီးပွားရေးလုပ်ငန်းစု ခရိုင်တောင်ပိုင်းမှာတည်ရှိနေတဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေကို ဦးဆောင်ဖြန့်ဝေနေတဲ့ ဈေးတစ်ခုဖြစ်ပါတယ်။

**ထိခိုက်နစ်နာ**

မြို့တွင်းက အသေးစားစီးပွားရေးလုပ်ငန်းစုတွေမှာ ပါဝင်လုပ်ကိုင်နေတဲ့ကုန်သည်အများအပြားဟာဆိုရင် ဈေးတွေမှာ ကုန်သွယ်ရောင်းဝယ်ခွင့်မရရှိတော့တဲ့အတွက် ထိခိုက်နစ်နာလာကြပါတယ်။ ပြီးခဲ့တဲ့ကြာသပတေးနေ့က အာဏာပိုင်တွေဟာ လူဆာကာမှာရှိတဲ့ စားသောက်ကုန်အမျိုးအစားအချို့ကို စစ်ဆေးလိုက်တဲ့အခါမှာ အစားအစာတွေထဲမှာ ကာလဝမ်းရောဂါပိုးရှိနေတဲ့ လက္ခဏာတွေ တွေ့ရှိရတဲ့အတွက် ရောင်းချခွင့်မပြုတော့ဘဲ ပိတ်ပင်လိုက်ပါတယ်။

ကာလဝမ်းရောဂါ ဖြစ်ပွားမှုကို ကိုင်တွယ်ဆောင်ရွက်ဖို့ စီမံဆောင်ရွက်ချက်တွေကို အစိုးရက ညွှန်ကြားနေချိန်မှာ ပုဂ္ဂလိက ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းတစ်ခုရဲ့ဥက္ကဋ္ဌ ယူဆပ်ဖ်ဒိုဒီရာက အကယ်၍ စီးပွားရေးလုပ်ငန်းတွေကို နောက်ထပ်အချိန်ကာလများစွာကြာတဲ့အထိ ပိတ်ထားနေရဦးမယ်ဆိုရင်တော့ စီးပွားရေးအလားအလာမကောင်းတော့ဘဲ ထိခိုက်လာလိမ့်မယ်လို့ ပြောခဲ့ပါတယ်။ တကယ်တော့ ဒါဟာ စီးပွားရေးလုပ်ငန်းတွေအတွက်မကောင်းဘူး။ ဘာကြောင့်လဲဆိုတော့ ကုန်သွယ်ရောင်းဝယ်တာတွေလည်း မရှိတော့တဲ့အပြင် ဒီလိုပဲ ဆက်တိုက်ဖြစ်နေဦးမယ်ဆိုရင် နောက်ဆက်တွဲ ဆိုးကျိုးကတော့ လုံးဝကိုရှိနေပြီလို့ ၎င်းက ဆင်ဟွာသို့ ပြောကြားခဲ့ပါတယ်။

**နည်းလမ်းတွေ လုပ်ဆောင်**

တချို့ အိမ်နီးချင်းနိုင်ငံတွေဟာ ကာလဝမ်းရောဂါ ကူးစက်ဖြစ်ပွားနေတာနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေကို ဖော်ပြလာခဲ့တယ်။ ပြီးတော့ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွေမှာ ပါဝင်တဲ့ ဇမ်ဘီယာက ကုန်သွယ်ရောင်းဝယ်သူတွေကို တင်းကျပ်တဲ့ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ အထပ်ထပ်စစ်ဆေးတဲ့ နည်းလမ်းတွေကို လုပ်ဆောင်လာတာကလည်း ဇမ်ဘီယာနိုင်ငံအတွက်မကောင်းဘူးလို့ ၎င်းက ထပ်မံပြောဆိုခဲ့ပါတယ်။

ဒေသဆိုင်ရာ စီးပွားရေးကျွမ်းကျင်သူပညာရှင်တစ်ဦးဖြစ်တဲ့ ချီဘမ်ဘာကန်ယာမာက စီးပွားရေးအရ ဆုတ်ယုတ်ပျက်ပြားမှု ရလဒ်တွေကို ပေါ်ထွက်လာစေနိုင်တဲ့ ကာလဝမ်းရောဂါကို တကယ့်ပဋိပက္ခအခက်အခဲကြီး တစ်ခုလိုမျိုး ကိုင်တွယ်ကုသသင့်တယ်လို့ အကြံပြုထားပါတယ်။ မကြာသေးခင်အချိန်ကပဲ အများပြည်သူ စုဝေးမှုတွေကို ကန့်သတ်ထိန်းချုပ်လာနေတာတွေကနေ ကုန်တိုက်ကြီးတွေဆီမှာ စုဝေးမှုကိုပါ ကန့်သတ်တဲ့အထိ ချဲ့ထွင်လာနိုင်ပါတယ်။ ဒီလိုသာ ဆက်ဖြစ်လာခဲ့ရင် ဇမ်ဘီယာရဲ့ ဘဏ္ဍာရေးဆိုင်ရာ အာဏာပိုင်တွေရဲ့ စားသုံးကုန်နဲ့ ဝန်ဆောင်မှုကနေ စုဆောင်းရရှိတဲ့ အခွန်ပမာဏဟာ ယခုလမှာအနိမ့်ဆုံးဖြစ်လာနိုင်တယ်လို့ ချီဘမ်ယာက ၎င်းရဲ့ ဖေ့စ်ဘုတ်စာမျက်နှာပေါ်မှာ ရေးသားခဲ့ပါတယ်။

**လျှော့တွက်မထားသင့်**

အစိုးရအနေနဲ့ ကာလဝမ်းရောဂါကို ထိန်းချုပ်နိုင်ဖို့အတွက် ကြိုတင်စီစဉ်ထားတဲ့ တခြားသော စီမံချက်တွေကနေ ငွေကြေးအရင်းအမြစ်တွေကိုမဖြစ်မနေ လမ်းကြောင်းပြောင်းခဲ့ရတာဖြစ်လို့ ကာလဝမ်းရောဂါဖြစ်ပွားမှုရဲ့နောက်ဆက်တွဲဆိုးကျိုးတွေကို အထင်သေးပြီး လျှော့တွက်မထားသင့်ဘူးလို့ ချီဘမ်ဘာက သုံးသပ်ခဲ့ပါတယ်။

ကာလဝမ်းရောဂါအသစ်ဖြစ်ပွားခဲ့တဲ့ အရေအတွက် ဘယ်လောက်ရှိတယ်ဆိုတာနဲ့ သေဆုံးမှုတွေ ဘယ်လောက်ရှိခဲ့တယ်ဆိုတဲ့ ကိန်းဂဏန်းအချက်အလက်တွေကိုကြည့်လိုက်မယ်ဆိုရင် ဒီရောဂါဟာ သေးသေးမွှားမွှား ကိစ္စတစ်ခုမဟုတ်ဘူးဆိုတာကို အသေအချာသိနိုင်မှာ ဖြစ်ပါတယ်။

ဒါဟာ ဘေးကင်းပြီး ထိခိုက်မှုမရှိသေးတဲ့ ဈေးကွက်အဖွဲ့အစည်းတွေ အပါအဝင် နိုင်ငံကို ထိခိုက်အောင်လုပ်နေပါတယ်။ အမြန်ဆုံး၊ အထိရောက်ဆုံး၊ စုပေါင်းဆောင်ရွက်မှုနဲ့ ကြံ့ခိုင်တဲ့ နိုင်ငံတော်ရဲ့တုံ့ပြန်ဆောင်ရွက်မှုတွေ လိုအပ်နေတဲ့ကိစ္စဖြစ်တယ်လို့ ချီဘမ်ဘာက အကြံပြုခဲ့ပါတယ်။

**ငွေကြေးဆုံးရှုံးမှုတွေဖြစ်**

ဇမ်ဘီယာအမျိုးသားလယ်သမားများသမဂ္ဂ အတွက်ကတော့ စိုဝီတိုဈေးကို ပိတ်လိုက်ခြင်းဟာ ပူပူနွေးနွေး ကုန်ပစ္စည်းတွေကို နေ့စဉ်ရောင်းချခြင်းအားဖြင့် အသက်မွေးနေကြရတဲ့ လယ်သမားတွေကို ဆိုးဆိုးရွားရွားထိခိုက်စေခဲ့ပါတယ်။ ဒီအဖွဲ့အစည်းရဲ့ ဥက္ကဋ္ဌ ဂျာဗစ်ဇင်ဘာ က အထင်ကရဈေးတစ်ခုကို ပိတ်ပစ်လိုက်တဲ့အတွက် လယ်သမားတွေဟာ ၎င်းတို့ရဲ့ ပူပူနွေးနွေး စားသောက်ကုန် တန်ချိန်ပေါင်းများစွာ မရောင်းရလို့ အလဟဿဖြစ်ခဲ့ရပြီး ငွေကြေးဆုံးရှုံးမှုတွေ ဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်။

ကျွန်ုပ်တို့အနေနဲ့ လယ်သမားတွေ နောက်ထပ်ဆုံးရှုံးနစ်နာမှုတွေ မဖြစ်စေဖို့ ၎င်းတို့ရဲ့ စားသောက်ကုန်တွေကို နံနက် ၆ နာရီကနေ နေ့လယ် ၂ နာရီအထိ ရောင်းချလို့ရနိုင်မယ့် ဈေးနေရာတစ်ခုစီစဉ်ပေးဖို့ အစိုးရကို တောင်းဆိုနေတယ်လို့ ဂျာဗစ်က ပြောပါတယ်။ ကာလဝမ်းရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ဖို့၊ အစိုးရက စီမံချက်တွေ ချမှတ်ဆောင်ရွက်သွားဖို့ ညွှန်ကြားနေချိန်မှာ လယ်သမားအဖွဲ့ချုပ်အနေနဲ့ အစိုးရဟာ ဝင်ငွေနည်းပါးဆုတ်ယုတ်လာနေတဲ့ လယ်သမားတွေရဲ့အခက်အခဲဒုက္ခကိုပါ ထည့်သွင်းစဉ်းစားပေးသင့်တယ်လို့ ခံစားမိနေပါတယ်။

**အမြန်ဆုံးကိုင်တွယ်**

လမ်းတွေပေါ်မှာ ဈေးရောင်းချမှုကိုအမှီပြုနေရတဲ့ ကုန်သည်အချို့ဟာ လမ်းတွေတစ်လျှောက်မှာ ဈေးရောင်းချမှုတွေနဲ့ ဈေးတွေမှာ ကုန်သွယ်ရောင်းဝယ်မှုတွေကို တားမြစ်ပိတ်ပင်လိုက်တာနဲ့ပတ်သက်ပြီး စိုးရိမ်ကြောင့်ကြဖြစ်ရမှုတွေကို ဖော်ပြလာကြပါတယ်။ အစိုးရဟာ ကာလဝမ်းရောဂါ ပြဿနာကို အမြန်ဆုံးကိုင်တွယ်ဆောင်ရွက်ဖို့ လိုနေပါပြီ။

ဘာကြောင့်လဲဆိုတော့ ကျွန်ုပ်တို့ဟာ ဆာလောင်တဲ့ ဝေဒနာကြောင့် သေရတော့မယ်။ ဈေးမရောင်းရ၊ ဈေးမထွက်ရတဲ့အတွက် ကျွန်ုပ်တို့ရဲ့ မိသားစုဝင်တွေမှာလည်း ထိခိုက်ခံစားနေ ကြရပြီလို့ တစ်ပတ်နွမ်း အဝတ်အထည်တွေကို ရောင်းဝယ်နေတဲ့ အာမွတ်စ်ဇင်ဘာက ဖွင့်ဟခဲ့ပါတယ်။ ။

**ကိုးကား-ဆင်ဟွာ**

“ အစိုးရအနေနဲ့ ကာလဝမ်းရောဂါကို ထိန်းချုပ်နိုင်ဖို့အတွက် ကြိုတင်စီစဉ်ထားတဲ့ တခြားသော စီမံချက်တွေကနေ ငွေကြေးအရင်းအမြစ်တွေကို မဖြစ်မနေ လမ်းကြောင်းပြောင်းခဲ့ရတာဖြစ်လို့ ကာလဝမ်းရောဂါဖြစ်ပွားမှုရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကို အထင်သေးပြီး လျှော့တွက်မထားသင့်ဘူးလို့ ချီဘမ်ဘာက သုံးသပ်ခဲ့ ”

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**တိမ်းရှောင်နေသော ကြွေးမြီပေးဆပ်ရသူအား ဖမ်းဆီးနိုင်သည့် အခွင့်အာဏာ**

၃၃၉။ တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်အား ချမှတ်ခြင်းမပြုမီတွင်ဖြစ်စေ၊ ချမှတ်ပြီးနောက်တွင်ဖြစ်စေ မည်သည့်အချိန်တွင်မဆို ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် နိုင်ငံတော်မှ ထွက်ပြေးတိမ်းရှောင်ရန်ရှိကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် တိမ်းရှောင်ရန်ရှိကြောင်း သို့မဟုတ် ကုမ္ပဏီကိစ္စရပ်များနှင့်စပ်လျဉ်း၍ တောင်းခံထားသည့် ငွေပေးချေမှုများမှ ရှောင်လွှဲရန် သို့မဟုတ် စစ်ဆေးမေးမြန်းမှုများမှ ရှောင်ရှားရန်ရည်ရွယ်၍ ၎င်း၏ ပစ္စည်းတစ်ရပ်ရပ်ကိုဖယ်ရှားရန် သို့မဟုတ် ကွယ်ဝှက်ရန်ရှိကြောင်း ယုံကြည်လောက်သောအကြောင်းများ ပေါ်ပေါက်ခဲ့လျှင် ထိုကြွေးမြီပေးဆပ်ရသူကို ဖမ်းဆီးနိုင်သည့်အပြင် ၎င်း၏စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုသိမ်းဆည်းနိုင်သည်။ ကြွေးမြီပေးဆပ်ရသူနှင့် အဆိုပါ စာရွက်စာတမ်း၊ ပစ္စည်းများကို တရားရုံးက အမိန့်ချမှတ်ထားသည့် ကာလအထိ ထိန်းသိမ်းထားနိုင်သည်။

**အခြားစွဲဆိုဆောင်ရွက်သည့်မှုခင်းများကို မထိခိုက်စေခြင်း**

၃၄၀။ ဤဥပဒေအရ တရားရုံးသို့ အပ်နှင်းထားသည့် အခွင့်အာဏာတစ်ရပ်ရပ်သည် ငွေကြေးထည့်ဝင်ရန်တောင်းခံမှု သို့မဟုတ် အခြားငွေကြေးတစ်ရပ်ရပ်အတွက် ကုမ္ပဏီ၏ ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် မြီစားတစ်ဦးဦးအပေါ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပစ္စည်းတစ်ရပ်ရပ်အပေါ်တွင်ဖြစ်စေ စွဲဆိုဆောင်ရွက်သည့်မှုခင်းများနှင့် စပ်လျဉ်း၍ အပ်နှင်းထားသည့် တည်ဆဲအခွင့်အာဏာ တစ်ရပ်ရပ်ကို ကန့်သတ်ခြင်းမရှိစေဘဲ ထပ်ဆင့်၍ ကျင့်သုံးခွင့်ရှိသည့် အခွင့်အာဏာများ ဖြစ်စေရမည်။

**အမိန့်များကို အတည်ပြုခြင်းနှင့် အယူခံခြင်း**

**အမိန့်များကို အတည်ပြုနိုင်သည့် အခွင့်အာဏာ**

၃၄၁။ ဤဥပဒေအရ တရားရုံးတစ်ရုံးရုံးက ချမှတ်နိုင်သည့် အမိန့်အားလုံးကို အဆိုပါ တရားရုံးတွင် ပြုလုပ်သော တရားစွဲဆိုမှုတစ်ရပ်ရပ်၌ အမိန့်ဒီဂရီများကို အတည်ပြုနိုင်သည့် နည်းလမ်းများအတိုင်း အတည်ပြု ဆောင်ရွက်နိုင်သည်။

**တရားရုံးတစ်ခုခုတွင် ချမှတ်သည့်အမိန့်ကို အခြားတရားရုံးများတွင် အတည်ပြုခြင်း**

၃၄၂။ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ တရားရုံးတစ်ခုကချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို နိုင်ငံတော်အတွင်းရှိ မည်သည့်နေရာတွင်မဆို အတည်ပြုနိုင်သည်။ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းတည်နေရာသည် အခြားနေရာတစ်ခုတွင်ရှိခဲ့လျှင် အမိန့်ချမှတ်သည့် တရားရုံးတည်ရှိသည့်နေရာမှအပ အဆိုပါကုမ္ပဏီနှင့်စပ်လျဉ်း၍ စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးက မိမိရုံးတွင်ချမှတ်သည့်အမိန့်တစ်ရပ်အား အတည်ပြုဆောင်ရွက်သကဲ့သို့ သက်ဆိုင်သည့် နည်းလမ်းများနှင့်အညီ အတည်ပြုဆောင်ရွက်ရမည်။

**အခြားတရားရုံးများက အမိန့်ကို အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် လိုက်နာရမည့် အချက်များ**

၃၄၃။ တရားရုံးတစ်ရုံးက ချမှတ်သည့်အမိန့်တစ်ရပ်ကို အခြားတရားရုံးတစ်ရုံး၌ အတည်ပြုရန်ဆောင်ရွက်သည့်အခါ အဆိုပါတရားရုံးအမိန့်၏ မူရင်းမိတ္တူမှန်တစ်စောင်ကို ထိုအမိန့်အား အတည်ပြုဆောင်ရွက်မည့် တရားရုံးရှိသက်ဆိုင်ရာအရာရှိထံသို့ တင်ပြရမည်ဖြစ်ပြီး ထိုသို့ အမိန့်မူရင်းမိတ္တူမှန်အားတင်ပြခြင်းသည် ထိုအမိန့်ကိုချမှတ်ပြီးဖြစ်ကြောင်း လုံလောက်သည့်သက်သေခံချက် ဖြစ်စေရမည်။ ထိုတင်ပြချက်အပေါ်တွင် အတည်ပြုဆောင်ရွက်ရမည့် တရားရုံးသည် အမိန့်အား အတည်ပြုဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို မိမိရုံး၏ အမိန့်အား အတည်ပြုဆောင်ရွက်သကဲ့သို့ အလားတူ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

**အမိန့်များအပေါ် အယူခံဝင်ရောက်ခြင်း**

၃၄၄။ ကုမ္ပဏီတစ်ခုအား ဖျက်သိမ်းသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ တရားရုံးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်အပေါ် ပြန်လည်ကြားနာစေရန် သို့မဟုတ် အယူခံဝင်ရောက်ရန်အတွက် ဆောင်ရွက်မှုများကို အဆိုပါတရားရုံး၏ သာမန်စီရင်ပိုင်ခွင့်အာဏာအတွင်းရှိ မှုခင်းများတွင် ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်များအပေါ် အယူခံဝင်ရောက်နိုင်သည့် နည်းလမ်းများ၊ စည်းကမ်းချက်များနှင့်အညီ ပြုလုပ်ဆောင်ရွက်ရမည်။

**ကုမ္ပဏီအားဆန္ဒအလျောက် ဖျက်သိမ်းခြင်း**

**ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းနိုင်မည့် အခြေအနေများ**

၃၄၅။ အောက်ပါအခြေအနေများတွင် ကုမ္ပဏီတစ်ခုအားဆန္ဒအလျောက် ဖျက်သိမ်းနိုင်သည် -

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ကုမ္ပဏီ၏သက်တမ်းအတွက် သတ်မှတ်ထားသည့်ကာလကုန်ဆုံးလျှင်၊ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီကို ဖျက်သိမ်းနိုင်သည်ဟု ဖော်ပြထားသည့်အခြေအနေများဖြစ်ပေါ်ခဲ့လျှင်၊ ထို့ပြင်ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီအားဆန္ဒအလျောက် ဖျက်သိမ်းမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့လျှင် သို့မဟုတ်

(ခ) ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းမည်ဖြစ်ကြောင်း ကုမ္ပဏီက အထူးဆုံးဖြတ်ချက်ဖြင့် ချမှတ်ဆောင်ရွက်လျှင် သို့မဟုတ်

(ဂ) ကုမ္ပဏီ၏ တာဝန်ရှိမှုများကြောင့် ယင်း၏ စီးပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်မှုမပြုနိုင်ခြင်းနှင့် ကုမ္ပဏီကိုဖျက်သိမ်းရန် တင်ပြခြင်းများကြောင့် ကုမ္ပဏီက အထူးဆုံးဖြတ်ချက်ဖြင့် ချမှတ်ဆောင်ရွက်လျှင် ဤအပိုင်းတွင် သုံးစွဲဖော်ပြထားသည့် "ကုမ္ပဏီအားဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်" ဆိုသည်မှာ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ) တို့အရချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ဆိုလိုသည်။

**ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းမှုစတင်ခြင်း**

၃၄၆။ ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းမှုသည် ကုမ္ပဏီအားဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်အား ချမှတ်သည့်အချိန်မှစတင်သည်ဟု မှတ်ယူရမည်။

**ကုမ္ပဏီ၏ရပ်တည်မှုအပေါ်တွင် ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းခြင်း၏ အကျိုးသက်ရောက်မှု**

၃၄၇။ ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက် ဖျက်သိမ်းသည့်အခါ ကုမ္ပဏီအား ဖျက်သိမ်းသည့်နေ့ရက်မှ စတင်၍ ကုမ္ပဏီ၏အကျိုးအတွက် ဖျက်သိမ်းရာတွင် လိုအပ်သည့် ကိစ္စရပ်မှအပ ယင်း၏စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းမှ ရပ်စဲစေရမည်။ သို့ရာတွင် ကုမ္ပဏီ၏ ကုမ္ပဏီဆိုင်ရာရပ်တည်မှုနှင့် လုပ်ပိုင်ခွင့်များသည် ယင်း၏ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် ကန့်သတ်ချက်တစ်စုံတစ်ရာရှိစေကာမူ ယင်းအား ဖျက်သိမ်းသည်အထိ ဆက်လက်တည်ရှိစေရမည်။

**ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ကို အကြောင်းကြားခြင်း**

၃၄၈။ ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် အထူးဆုံးဖြတ်ချက်တစ်ရပ်ရပ်၏ အကြောင်းကြားစာကို ထိုဆုံးဖြတ်ချက်အား ချမှတ်သည့်နေ့ရက်မှ ၁၀ ရက်အတွင်း နိုင်ငံတော် ပြန်တမ်းနှင့် နိုင်ငံတော်တစ်ဝန်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတို့တွင် ကုမ္ပဏီက ထည့်သွင်းကြေညာ၍ အကြောင်းကြားရမည်။

၃၄၉။ ကုမ္ပဏီသည် ပုဒ်မ ၃၄၈ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်ဖြစ်ပြီး ထိုပျက်ကွက်မှုကို သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သည့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည်လည်း အလားတူ ပြစ်ဒဏ် ထိုက်သင့်စေရမည်။

**ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာခြင်း**

၃၅၀။ (က) ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက်ဖျက်သိမ်းရန် ဆောင်ရွက်ခဲ့လျှင် ကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် ဒါရိုက်တာနှစ်ဦးထက် ပိုမိုပါရှိသော ကုမ္ပဏီဖြစ်လျှင် ဒါရိုက်တာအများစုသည်လည်းကောင်း၊ ဒါရိုက်တာတစ်ဦးတည်းရှိသည့် ကုမ္ပဏီတွင် အဆိုပါ ဒါရိုက်တာသည် လည်းကောင်း ကုမ္ပဏီအားဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ချမှတ်မည့် အစည်းအဝေးအတွက် အကြောင်းကြားစာများ ပေးပို့သည့်နေ့ရက်မတိုင်မီ ကျင်းပပြုလုပ်သည့် ဒါရိုက်တာများ အစည်းအဝေး၌ ကုမ္ပဏီ၏ကိစ္စရပ်များကို အပြည့်အဝ စစ်ဆေးဆောင်ရွက်မှု ပြုလုပ်ပြီးကြောင်း၊ ထိုသို့ပြုလုပ်ပြီးနောက် ကုမ္ပဏီအားဖျက်သိမ်းရန်စတင်သည့်နေ့ရက်မှ သုံးနှစ်ထက်မပိုသော ကာလတစ်ရပ်အတွင်း ကုမ္ပဏီသည်ကြွေးမြီများကို အပြည့်အဝပေးချေနိုင်မည်ဟု ယူဆကြောင်း ကျမ်းကျိန်လွှာတစ်ရပ်ဖြင့် အတည်ပြုထားသည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်နိုင်သည်။

(ခ) အဆိုပါကြေညာချက်ကို ကုမ္ပဏီကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကုမ္ပဏီစာရင်းစစ်များ၏ အစီရင်ခံစာတစ်စောင်ဖြင့် ထောက်ခံတင်ပြရမည်ဖြစ်ပြီး ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့်နေ့ရက်မတိုင်မီ မှတ်ပုံတင်ဆောင်ရွက်ရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြခြင်းမပြုခဲ့လျှင် အဆိုပါကြေညာချက်သည် ဤဥပဒေပါကိစ္စရပ်များအတွက် အကျိုးတစ်စုံတစ်ရာ သက်ရောက်ခြင်းမရှိစေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုလုပ်ပေးပို့သည့် ကြေညာချက်တစ်ရပ်ပါရှိသော ကုမ္ပဏီဖျက်သိမ်းခြင်းကိစ္စရပ်သည် ဤဥပဒေတွင် "ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းခြင်း" ဟု ဖြစ်သည်။ အထက်ဖော်ပြပါအတိုင်း ပြုလုပ်ပေးပို့သည့်ကြေညာချက်တစ်ရပ်ပါရှိခြင်းမရှိသော ကုမ္ပဏီဖျက်သိမ်းခြင်းကိစ္စရပ်သည် ဤဥပဒေတွင်မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းဟု ဖြစ်သည်။

**ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း**

**ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ**

၃၅၁။ ပုဒ်မ ၃၅၂ မှ ၃၅၇ အထိပါပြဋ္ဌာန်းချက်များသည် ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်စေရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများအားခန့်အပ်ခြင်းနှင့် ယင်းတို့၏အခကြေးငွေများကို သတ်မှတ်ခြင်းတို့အတွက် ကုမ္ပဏီ၏လုပ်ပိုင်ခွင့်**

၃၅၂။ (က) အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီသည် ယင်း၏ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများကို ခန့်အပ်ရမည်ဖြစ်ပြီး အဆိုပါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သို့မဟုတ် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိများသို့ပေးရမည့် အခကြေးငွေများကို သတ်မှတ်နိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ပြီးသည့်အခါ ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များအားလုံးသည် အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆက်လက်ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်မှတစ်ပါး ရပ်စဲသွားမည်ဖြစ်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လစ်လပ်နေရာကို ဖြည့်စွက်ခန့်ထားနိုင်သည့် အခွင့်အာဏာ**

၃၅၃။ (က) ကုမ္ပဏီမှ ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် သေဆုံးခြင်း၊နုတ်ထွက်ခြင်း သို့မဟုတ် အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ၎င်း၏နေရာ လစ်လပ်သွားလျှင် ကုမ္ပဏီသည်အထွေထွေအစည်းအဝေးတွင် မြီရှင်များ၏ စီမံဆောင်ရွက်ချက် တစ်ရပ်ရပ်နှင့်အညီ ထိုလစ်လပ်နေရာကို ဖြည့်စွက်ခန့်ထားနိုင်သည်။

(ခ) အဆိုပါ ကိစ္စရပ်အတွက် အထွေထွေအစည်းအဝေးတစ်ရပ်ကို ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးကဖြစ်စေ၊ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိတစ်ဦးထက် ပိုမိုပါရှိသည့် ကိစ္စရပ်ဖြစ်လျှင် ဆက်လက်တာဝန်ယူဆောင်ရွက်သည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိများကဖြစ်စေ ခေါ်ယူကျင်းပနိုင်သည်။

(ဂ) အစည်းအဝေးကို ဤဥပဒေအရဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရဖြစ်စေ သတ်မှတ်ထားသည့်နည်းလမ်း သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦး ကသော်လည်းကောင်း၊ ဆက်လက်တာဝန်ယူဆောင်ရွက်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများက သော်လည်းကောင်း လျှောက်ထားသဖြင့် တရားရုံးက သတ်မှတ်ပေးသည့် နည်းလမ်းဖြင့် ကျင်းပရမည်။

**ကုမ္ပဏီ၏ပစ္စည်းများကို ရောင်းချခြင်းအတွက် အဖိုးစားနားအဖြစ် အစုရှယ်ယာစသည်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လက်ခံနိုင်သည့် လုပ်ပိုင်ခွင့်**

၃၅၄။ (က) ကုမ္ပဏီတစ်ခုသည် ဆန္ဒအလျောက်ဖျက်သိမ်းရန် ရည်ရွယ်ခြင်း သို့မဟုတ် ဆောင်ရွက်ရာတွင်ယင်း၏ စီးပွားရေးလုပ်ငန်း သို့မဟုတ် ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဤဥပဒေအရ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ကုမ္ပဏီဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဤပုဒ်မတွင်လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီဟုခေါ်တွင်မည့် အခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေးရန် သို့မဟုတ် ရောင်းချရန် ရည်ရွယ်လျက်ဆောင်ရွက်ခဲ့လျှင် ဤပုဒ်မတွင် လွှဲပြောင်းပေးအပ်သည့်ကုမ္ပဏီဟု ခေါ်တွင်မည့် လွှဲပြောင်းရောင်းချမည့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိနှင့် သက်ဆိုင်သည့် သာမန်လုပ်ပိုင်ခွင့်ကိုဖြစ်စေ၊ သီးခြားစီစဉ်ဆောင်ရွက်မှုနှင့်သက်ဆိုင်သည့် လုပ်ပိုင်ခွင့် တစ်ရပ်ကိုဖြစ်စေ အပ်နှင်းသည့် အဆိုပါ ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက် တစ်ရပ်အရ ခွင့်ပြုချက်ဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ရောင်းချခြင်း၊ အစုရှယ်ယာများ၊ အာမခံ ပေါ်လစီများ၊ သို့မဟုတ် လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီရှိ အခြား အလားတူ အကျိုးခံစားခွင့်များအတွက်လည်းကောင်း၊ လွှဲပြောင်းပေးအပ်သည့် ကုမ္ပဏီတွင် ပါဝင်သူများသို့ခွဲဝေပေးရန်အတွက်လည်းကောင်း လျော်ကြေး သို့မဟုတ် လျော်ကြေး တစ်စိတ်တစ်ဒေသကို လက်ခံနိုင်သည်၊ သို့မဟုတ် လွှဲပြောင်းပေးအပ်သည့် ကုမ္ပဏီတွင် ပါဝင်သူများကငွေကြေး၊ အစုရှယ်ယာ၊ အာမခံပေါ်လစီ၊ သို့မဟုတ် အခြားအလားတူ အကျိုးခံစားခွင့်၊ သို့မဟုတ် အခြားအရာများကို လက်ခံခြင်းအစား လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီ၏ အကျိုးအမြတ်များကို ရယူဆောင်ရွက်ခြင်း သို့မဟုတ် အခြားအကျိုးခံစားခွင့်များကို လက်ခံခြင်းတို့ကို ပြုလုပ်နိုင်သည့် အခြားစီစဉ်ဆောင်ရွက်မှုတစ်ရပ်ရပ်အား သဘောတူ လက်ခံနိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သည့် ရောင်းချမှု သို့မဟုတ် စီစဉ်မှု တစ်ရပ်ရပ်သည် လွှဲပြောင်းပေးအပ်သည့် ကုမ္ပဏီတွင် ပါဝင်သူများအပေါ် တရားဝင် ဖြစ်စေရမည်။

(ဂ) အထူးဆုံးဖြတ်ချက် ချမှတ်ရာတွင် ထောက်ခံမဲပေးခြင်းမပြုခဲ့သော လွှဲပြောင်းပေးအပ်သည့်ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိထံသို့ လိပ်မူ၍ ၎င်း၏သဘောထားကွဲလွဲမှုကို စာဖြင့်ရေးသားဖော်ပြခဲ့ပြီး အဆိုပါ အထူးဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ခုနစ်ရက်အတွင်း ကုမ္ပဏီ၏မှတ်ပုံတင်ထားသော ရုံးခန်းမှ ပေးပို့ခဲ့လျှင် ၎င်းအနေဖြင့် ဆုံးဖြတ်ချက်အား အတည်ဖြစ်စေရန် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိက ဆောင်ရွက်ခြင်းမပြုစေရန်၊ သို့မဟုတ် ၎င်း၏ အကျိုးခံစားခွင့်များကို သဘောတူညီသည့် တန်ဖိုးဖြင့် သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်သည့် တန်ဖိုးဖြင့် ဝယ်ယူဆောင်ရွက်စေနိုင်သည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီတွင်ပါဝင်သူ၏ အကျိုးခံစားခွင့်များကို ဝယ်ယူရန် ဆုံးဖြတ်ပါက ဝယ်ယူပေးချေမည့် ငွေအား ကုမ္ပဏီဖျက်သိမ်းခြင်း မပြုမီ ပေးချေရမည်ဖြစ်ပြီး အထူးဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိက ဆောင်ရွက်ရမည်။

(င) အထူးဆုံးဖြတ်ချက်တစ်ရပ်သည် ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများအား ခန့်အပ်ရန်အတွက် ချမှတ်သည့် ဆုံးဖြတ်ချက် မတိုင်မီကာလတွင် သို့မဟုတ် တစ်ပြိုင်တည်းအချိန်တွင် ချမှတ်သည့် အကြောင်းကြောင့် ဤပုဒ်မပါကိစ္စရပ်များအတွက် တရားမဝင်ဖြစ်ခြင်း မရှိစေရ။ သို့သော် ကုမ္ပဏီအား ဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ကို တစ်နှစ်အတွင်း ချမှတ်ခဲ့လျှင်ဖြစ်စေ၊တရားရုံး၏ကြီးကြပ်မှုဖြင့် ဖျက်သိမ်းရန်ပြုလုပ်ခဲ့လျှင်ဖြစ်စေ အဆိုပါ အထူးဆုံးဖြတ်ချက်သည် တရားရုံး၏ အတည်ပြုချက်မရှိလျှင် တရားဝင်ခြင်း မရှိစေရ။

(စ) အနုညာတစီရင်ဆုံးဖြတ်ခြင်း ကိစ္စရပ်များအတွက် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေတွင်ကန့်သတ်ထားသည်များမှအပ အဆိုပါ ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤပုဒ်မအရ ဆောင်ရွက်သည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းများအားလုံးနှင့် သက်ဆိုင်စေရမည်။

**နှစ်စဉ် နှစ်ကုန်ဆုံးချိန်၌ အထွေထွေအစည်းအဝေးအား ခေါ်ယူကျင်းပစေရန် ဆောင်ရွက်ရမည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏တာဝန်**

၃၅၅။ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို တစ်နှစ်ကာလထက်ပိုမို၍ ဆက်လက်ဆောင်ရွက်ရသည့်ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပထမ တစ်နှစ်နှင့် နောက်နှစ်တစ်နှစ်စီ ကုန်ဆုံးချိန်၌ သို့မဟုတ် သက်ဆိုင်ရာနှစ်ကုန်ဆုံးပြီးနောက် ရက်ပေါင်း ၉၀ အတွင်း သင့်လျော်သည့်အချိန်၌ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတစ်ရပ်ကိုကျင်းပရန် ဆင့်ဆိုနိုင်ပြီး အစည်းအဝေးတွင်ပြီးခဲ့သည့်နှစ်အတွင်း စာရင်းရှင်းလင်း ဖျက်သိမ်းရေးအတွက် ၎င်း၏ ပြုလုပ်ဆောင်ရွက်မှုများနှင့် စာရင်းရှင်းလင်းဖျက်သိမ်းမှုအခြေအနေနှင့်စပ်လျဉ်း၍ သီးခြားကိစ္စရပ်များပါဝင်သော သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် ပြုစုထားသည့် ရေးသားဖော်ပြချက်တစ်ရပ်ကို ရှင်းလင်းတင်ပြရမည်။

၃၅၆။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၅၅ ပါပြဋ္ဌာန်းချက်များကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်လျှင် ဒဏ်ကြေးငွေကျပ်ငါးသိန်းကို ပေးဆောင်ရမည်။

**အပြီးသတ် အစည်းအဝေးနှင့် ကုမ္ပဏီဖျက်သိမ်းခြင်း**

၃၅၇။ (က) ကုမ္ပဏီ၏ကိစ္စရပ်များကို အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတစ်ရပ်ကို ပြုလုပ်ရမည်ဖြစ်ပြီး ယင်းစာရင်းတွင် မည်သို့စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ဆောင်ရွက်ခဲ့သည်၊ ကုမ္ပဏီ၏ပစ္စည်းများကို မည်သို့စီမံခန့်ခွဲခဲ့သည်တို့ကို ဖော်ပြပါရှိစေရမည်။ ယင်းနောက် အဆိုပါစာရင်းကိုတင်ပြရန်နှင့် ယင်းအတွက် ရှင်းလင်းပြောဆိုရန်အလို့ငှာ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၁၅)

သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာပေါ်၌ လေဆင်နှာမောင်း တိုက်ခတ်မှု အကြိမ်ရေ အများဆုံးနိုင်ငံမှာ အမေရိကန် ပြည်ထောင်စုပင် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု အလယ်ပိုင်းရှိ ပြည်နယ်များကို ဖြတ်သန်း၍ ပြင်းအားအမျိုးမျိုး၊ လေတိုက်နှုန်းအမျိုးမျိုးတို့ဖြင့် တိုက်ခတ်သွားသော လေဆင်နှာမောင်း အရေအတွက်မှာ ထောင်နှင့်ချီ၍ပင် ရှိခဲ့သည်။ ထို့ကြောင့်ပင် လေဆင်နှာမောင်း၏ဒဏ်ကို အကြိမ်ကြိမ်ခံနေရသော အမေရိကန် ပြည်ထောင်စု၌ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်ကာလကတည်းကပင် လေဆင်နှာမောင်းများ ဖွဲ့စည်း ဖြစ်ပေါ်လာပုံ၊ ပြင်းအားပမာဏနှင့် တိုက်ခတ်ရွေ့လျားပုံစသည်တို့ကို နက်နက်နဲနဲလေ့လာကာ သုတေသနပြုခဲ့ကြသည်။

**ဖူဂျီတာစကေး**

သယ်ယူရွှေ့ပြောင်းနိုင်သော မိုးလေဝသ ဆိုင်ရာ ခေတ်မီစက်ကိရိယာများဖြင့် လေဆင်နှာမောင်းကို ထိပ်တိုက်ရင်ဆိုင်ကာ လေ့လာ သုတေသနပြုခဲ့ကြရာ၌ ပညာရှင်အချို့ အသက်ဆုံးရှုံးခဲ့ရခြင်း အပါအဝင် အခက်အခဲပေါင်းများစွာကို ဖြတ်သန်းခဲ့ကြရပြီးနောက် ကြောက်မက်ဖွယ်ကောင်းလှသည့် လေဆင်နှာမောင်း၏ အတွင်းသန္တာန်ကို ဖော်ထုတ်နိုင်ခဲ့သည်။ ထိုမှဆက်စပ်၍ လေဆင်နှာမောင်း၏ လေတိုက်နှုန်းနှင့် ပြင်းအား ပမာဏအတိုင်းအတာကို ချီကာဂိုတက္ကသိုလ် ပါမောက္ခဒေါက်တာဖူဂျီတာက တိုင်းတာ တွက်ချက် ဖော်ထုတ်အသိပေးနိုင်ခဲ့ပြီး ထိုစကေးကို ဖူဂျီတာစကေး (Fujita Scale) ဟုပင် ခေါ်တွင်ခဲ့သည်။

ဖူဂျီတာစကေးအနိမ့်ဆုံးကို F0 ဖြင့်သတ်မှတ်ပြီး အမြင့်ဆုံးကိုမူ F5 ဖြင့်သတ်မှတ်သည်။ F0 အဆင့်သည် လေတိုက်နှုန်းတစ်နာရီလျှင် မိုင် ၄၀ မှ ၇၂ မိုင်အတွင်းရှိပြီး ထိုအဆင့်တွင် သစ်ကိုင်းများ ကျိုးပဲ့ကာ အမြစ်တိမ်သောအပင်များ ပြိုလဲသွားနိုင်သည်။ F1 အဆင့်သည် လေတိုက်နှုန်းတစ်နာရီလျှင် ၇၃ မိုင်မှ ၁၁၂ မိုင်အတွင်းရှိပြီး ထိုအဆင့်တွင် ကျောက်စရစ်မြေ၌ အမြစ်စွဲနေသော သစ်ပင်များ ပြိုလဲနိုင်သလို အဆောက်အအုံ၏ အုတ်မြစ်ကြံ့ခိုင်မှု အားနည်းလျှင်လည်း ပြိုပျက်သွားနိုင်သည်။

F2 အဆင့်သည် လေတိုက်နှုန်း တစ်နာရီလျှင် ၁၁၃ မိုင်မှ ၁၅၇ မိုင်အတွင်းရှိကာ ထိုအဆင့်၌ နေအိမ်အဆောက်အအုံ အမိုးများ ပြုတ်ထွက်လွင့်ပျံသွားနိုင်ပြီး ကြံ့ခိုင်မှုအသင့်အတင့်ရှိသော အဆောက်အအုံများပင် ပြိုကျပျက်စီးသွားနိုင်သည်။ အသင့်အတင့်လေးလံသော ဝတ္ထုပစ္စည်းများလည်း လေထဲမှတစ်ဆင့် ဝေးရာသို့ ပျံဝဲရောက်ရှိသွားနိုင်သည်။ F3အဆင့်ကမူ လေတိုက်နှုန်းတစ်နာရီလျှင် ၁၅၈ မိုင်မှ ၂၀၆ မိုင်အတွင်းရှိပြီး သစ်ပင်အများအပြား အမြစ်ကကျွတ်ထွက်လွင့်ပါခြင်း၊ နေအိမ်အဆောက်အအုံများ အလုံးစုံ ပျက်စီးပြိုလဲခြင်းနှင့် မော်တော်ကားများ လေထဲသို့ လွင့်ပါခြင်းများအထိ ဖြစ်ပေါ်နိုင်သည်။

ဖူဂျီတာစကေး F4 အဆင့်သည် လေတိုက်နှုန်း တစ်နာရီလျှင် ၂၀၇ မိုင်မှမိုင် ၂၆၀ အတွင်းရှိကာ နေအိမ်များနှင့် မော်တော်ကားများကို ဒုံးကျည်ပစ်လွှတ်လိုက်သည့်အလား အလွန်ဝေးရာဆီသို့ ဆွဲငင် ယူဆောင် ပစ်ထုတ်နိုင်စွမ်းရှိပြီး လွင့်စဉ်ရောက်ရှိလာသော ဧရာမဝတ္ထုပစ္စည်း အစိုင်အခဲကြီးများကြောင့်လည်း လူအများအပြားတို့ ထိမှန်ခံရကာ အသက်ဆုံးရှုံးနိုင်ခြေရှိသည်။

ဖူဂျီတာစကေး အမြင့်ဆုံးဖြစ်သော F5 အဆင့်ကမူ လေတိုက်နှုန်း တစ်နာရီလျှင် ၂၆၁ မိုင်မှ ၃၁၈ မိုင်အထိရှိကာ သံမဏိဖြင့်တည်ဆောက်ထားသော အဆောက်အအုံများပင် မြင်မကောင်းလောက်အောင် ပျက်စီးသွားနိုင်သည်။ သာမန် နေအိမ်အဆောက်အအုံတို့ကမူ လေးခွဖြင့်ပစ်လွှတ်လိုက်သည့် လောက်စာလုံးပမာ ဝေးရာသို့ အလုံးလိုက် လွင့်စဉ်မျောပါရောက်ရှိသွားနိုင်သည်။

**ကြိုတင်သတိပေးနိုင်**

လေဆင်နှာမောင်း၏ ဖြစ်တည်လာပုံ သဘောသဘာဝကို သိရှိနားလည် သဘောပေါက်လာသည်နှင့်အမျှ ဘေးအန္တရာယ်ကျရောက်မည့် နေရာဒေသများကို ခေတ်မီနည်းပညာများ အသုံးချကာ မိနစ်အနည်းငယ်မျှ ကြိုတင်သတိပေးလာနိုင်သည်။ သာဓကတစ်ခုအဖြစ် အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမား ပြည်နယ်တွင် ၂၀၀၇ ခုနှစ်၊ မေလအတွင်းက လေဆင်နှာမောင်းမတိုက်ခတ်မီ ၁၃ မိနစ်မျှ ကြိုတင်၍ သတိပေးနိုင်ခဲ့သဖြင့် ပျက်စီးမှုများ ရှိခဲ့သည့်တိုင် လူ့အသက်သေဆုံးရမှုကို များစွာ လျှော့ချပေးနိုင်ခဲ့သည်။



**အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမားပြည်နယ်၌ ၁၉၉၉ ခုနှစ်က ဖြစ်ပွားသည့် လေဆင်နှာမောင်းတိုက်ခတ်မှု**

**လေဆင်နှာမောင်းလေ့လာရေးစီမံကိန်း**

နိုင်ငံတကာမှ သိပ္ပံပညာရှင် ၁၀၀ ကျော်ပါဝင်သော သုတေသန မစ်ရှင်တစ်ခုသည် ကမ္ဘာ့သမိုင်းတွင် အကျယ်ပြန့်ဆုံးသော လေဆင်နှာမောင်း လေ့လာရေးစီမံကိန်းကို ၂၀၁၀ ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့ကြသည်။ ကမ္ဘာပေါ်၌ လေဆင်နှာမောင်း ဖြစ်ပေါ်တိုက်ခတ်မှု အများဆုံးနေရာများဖြစ်သော မစ္စစ္စပီမြစ် အနောက်ဘက်ရှိ မဟာလွင်ပြင်ဒေသနှင့် ရော့ကီးတောင်တန်းအရှေ့ဘက်ရှိ မြက်ခင်းလွင်ပြင်ဒေသတို့၌ သုတေသနဆိုင်ရာ အဆင့်မြင့်နည်းပညာသုံး စက်ပစ္စည်းကိရိယာများကို ဖြန့်ကြက်ချထားခဲ့ကြသည်။

Vortex-2 ဟုအမည်ပေးထားသော အဆိုပါစီမံကိန်းတွင် သယ်ယူရွှေ့ပြောင်းနိုင်သော ရေဒါ ၁၀ ခုကို အသုံးပြုခဲ့ပြီး တိုက်ခတ်နေသော လေဆင်နှာမောင်းအနီးသို့ ချဉ်းကပ်ပျံဝဲ လေ့လာမှတ်တမ်းတင်မည့် မောင်းသူမဲ့ စက်ရုပ်လေယာဉ် ၁၂ စင်းကိုပါ အသုံးချခဲ့ကြသည်။

**စီမံကိန်း၏အကျိုးရလဒ်**

အဆိုပါစီမံကိန်း၏ အကျိုးရလဒ်တစ်ခုအဖြစ် လေစီးကြောင်းနှင့်အပူချိန်တို့ သဟဇာတမဖြစ်ဘဲ ဆန့်ကျင်ဘက် အခြေအနေတစ်ရပ်သို့ ရုတ်ခြည်းကူးပြောင်းသွားပါက မိနစ်ပိုင်းအတွင်းမှာပင် လေဆင်နှာမောင်းတစ်ခု ဖြစ်ပေါ်လာကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။ စတုရန်းမိုင်ပေါင်း ၉၀၀ ကျော်မျှကျယ်ဝန်းသည့် ဒေသအတွင်း၌ သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်နေသော Vortex-2 စီမံကိန်းသည် လေဆင်နှာမောင်း ကြိုတင် သတိပေးနှိုးဆော်ရေးနှင့် လူ့အသက်ကယ်တင်ရေးဆိုင်ရာ အထောက်အကူပြုရလဒ် အများအပြားကို ရရှိလာမည်ဟုမျှော်လင့်ရသည်။

**စိုက်ဆင်းလေပြင်းများ**

လေဆင်နှာမောင်းလောက် အင်အားမပြင်းထန်သော်လည်း မိုးတိမ်တောင်များကိုပင် အခြေပြုကာ ဖြစ်ပေါ်လာသည့် စိုက်ဆင်းလေပြင်းများသည်လည်း ကြောက်မက်ဖွယ်ကောင်းသော သဘာဝဘေးအန္တရာယ်တစ်မျိုး ဖြစ်သည်။ စိုက်ဆင်းလေပြင်းများသည် လေကြောင်းပျံသန်းမှုနှင့် ရေကြောင်းသွားလာမှုတို့အတွက် အထူးပင် သတိပြုကြရမည့် အန္တရာယ်တစ်ရပ်လည်း ဖြစ်သည်။

စိုက်ဆင်းလေပြင်းများသည် အဓိကအားဖြင့် အားကောင်းသောမိုးတိမ်တောင်များ ရွေ့လျားမှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး လေပြင်းတိုက်ခတ်ခြင်းနှင့် လေဖိအား ရုတ်တရက်မြင့်တက်ခြင်းများကို ဖြစ်ပေါ်လာစေသည်။ လေတိုက်နှုန်းတစ်နာရီလျှင် မိုင် ၁၀၀ ကျော်အထိ တိုက်ခတ်နိုင်သော စိုက်ဆင်းလေပြင်းများသည် လေဆင်နှာမောင်းနှင့် မတူကွဲပြားသော တိုက်ခတ်မှုပုံစံမျိုး ရှိနေသည်။

**မတူကွဲပြားသော တိုက်ခတ်မှုပုံစံ**

လေဆင်နှာမောင်း တိုက်ခတ်နေချိန်တွင် လေဖိအား အလွန်အမင်းကျဆင်းကာ လေဖိအားခြားနားမှုကြောင့် ကြီးမားသော အဆောက်အအုံများသည်ပင်လျှင် အလွန်ဝေးကွာသော အရပ်များဆီသို့ လွင့်စဉ်မျောပါသွားနိုင်သည်။ စိုက်ဆင်းလေပြင်း တိုက်ခတ်နေချိန်၌မူ လေဖိအား ရုတ်ခြည်းမြင့်တက်မှုကြောင့် အဆောက်အအုံအချို့ကို လဲပြိုသွားစေနိုင်သည်။

လေဆင်နှာမောင်းဖြစ်ပေါ်ချိန်၌ လေသည် လက်ဝဲရစ်တိုက်ခတ်ပြီး အထက်သို့ ရစ်ခွေတိုက်ခတ်ခြင်းကြောင့် သဲနှင့်ဖုန်မှုန့်များ၊ သစ်ကိုင်း သစ်ခက်များ၊ အကျိုးအပဲ့ အပိုင်းအစများကပါ လိုက်၍ မျောပါရွေ့လျားနေသဖြင့် လေဆင်နှာမောင်း တိုက်ခတ်နေသည်ကို အဝေးကပင် ထင်ရှားစွာမြင်တွေ့နိုင်သည်။ စိုက်ဆင်းလေပြင်း တိုက်ခတ်နေချိန်၌မူ လေပြင်းတိုက်နေခြင်းကိုသာ ခံစားသိရှိနိုင်ပြီး လေတိုက်ခတ်နေသည့် ပုံသဏ္ဌာန်ကို မြင်တွေ့နိုင်ခြင်းမရှိပေ။

လေဆင်နှာမောင်းသည် တိုက်ခတ်ချိန်အားဖြင့် မိနစ် ၃၀ မှ ခြောက်နာရီအထိပင် ရှိနိုင်သော်လည်း၊ စိုက်ဆင်းလေပြင်းကမူ တိုက်ခတ်ချိန် တိုတောင်းပြီး မိနစ်အနည်းငယ်မျှသာ ကြာမြင့်သည်။ လေဆင်နှာမောင်း တိုက်ခတ်ရွေ့လျားရာ လမ်းကြောင်းတစ်လျှောက်တွင် လေဆင်နှာမောင်းသည် တည့်တည့်ရွေ့လျားခြင်း၊ ဝဲဘက်သို့ကွေ့ခြင်း၊ ယာဘက်သို့ကွေ့ခြင်း၊ ကွေ့ဝိုက်ကာ နောက်ပြန်ရွေ့လျားခြင်း စသည်ဖြင့် ဦးတည်ရာဘက် အမျိုးမျိုးရှိသည့်အတွက် လေဆင်နှာမောင်း တိုက်ခတ်ပြီးချိန်တွင် ပျက်စီးသွားသော နေအိမ်အဆောက်အအုံများနှင့် ဝတ္ထုပစ္စည်းကြီးငယ်တို့သည် အရပ်မျက်နှာအမျိုးမျိုးသို့ ဦးတည်ကာ လဲပြိုနေသည်ကို မြင်တွေ့ကြရသည်။

စိုက်ဆင်းလေပြင်းကမူ တိုက်ခတ်ရွေ့လျားရာ လမ်းကြောင်းဖြောင့်ပြီး အရပ်မျက်နှာ တစ်ဖက်တည်းသို့သာ တိုက်ခတ်သည့်အတွက် ပျက်စီးသွားသော အဆောက်အအုံနှင့် ဝတ္ထုပစ္စည်းကြီးငယ်တို့မှာ အရပ်မျက်နှာ တစ်ဖက်တည်းသို့သာ ဦးတည်လဲကျနေသည်ကို တွေ့မြင်ကြရသည်။ စိုက်ဆင်းလေပြင်း၏ ထူးခြားချက်တစ်ရပ်မှာ စတင်တိုက်ခတ်ရာနေရာ၌ သက်ရောက်မှုဧရိယာက ကျဉ်းမြောင်းပြီး တဖြည်းဖြည်း အားပျော့လာသည့်အခါ၌မူ သက်ရောက်မှုဧရိယာက ပို၍ ကျယ်ပြန့်လာခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုရသော် ယပ်တောင်ဖြန့်သကဲ့သို့ တိုက်ခတ်ခြင်းဖြစ်ပြီး၊ ထိုသို့သော သဘောသဘာဝကြောင့်ပင် စိုက်ဆင်းလေပြင်းတိုက်ခတ်ရာ လမ်းကြောင်းတွင် ပျက်စီးသွားသော ဝတ္ထုပစ္စည်းအစုအပုံများမှာ တဖြည်းဖြည်း ပို၍ပြန့်ကားသွားသည်ကို တွေ့မြင်ကြရခြင်းဖြစ်သည်။

**သတိရှိကြရန်လိုအပ်**

မည်သို့ပင်ဆိုစေကာမူ လေဆင်နှာမောင်းနှင့် စိုက်ဆင်းလေပြင်းများကို ဖြစ်ပေါ်လာစေနိုင်သည့် မိုးတိမ်တောင်ကြီးများကို မိမိတို့နေထိုင်ရာဒေသ၏ ကောင်းကင်ယံ၌ မြင်တွေ့ကြရသည်ဆိုပါက သတိရှိကြရန် လိုအပ်သည်။ လေဆင်နှာမောင်း တစ်ကြိမ်နှစ်ကြိမ်မျှ တိုက်ခတ်ဖူးသော ဒေသဖြစ်ပါက အထူးပင် သတိရှိသင့်သည်။ လေဆင်နှာမောင်း၏အန္တရာယ်ကို ကာကွယ်ရန်အတွက် အကောင်းဆုံးသော နည်းလမ်းတစ်ခုမှာ မြေပေါ်အဆောက်အအုံနှင့် တွဲစပ်ခြင်းမရှိဘဲ သီးသန့်တည်ဆောက်ထားသည့် ခိုင်ခံ့တောင့်တင်းသော မြေအောက်ခန်းအတွင်း နေထိုင်ခြင်းပင်ဖြစ်သည်။

မျက်မှောက်ခေတ်၏ ဆောက်လုပ်ရေးနည်းပညာဖြစ်သော ပိုင်တိုင်များကို မြေအောက်သို့ နက်ရှိုင်းစွာ ရိုက်သွင်းသည့်နည်းလမ်းဖြင့် စံချိန်မီစွာ တည်ဆောက်ထားသော အဆောက်အအုံများသည် လေဆင်နှာမောင်း၏ဒဏ်ကို အတိုင်းအတာတစ်ရပ်အထိ ခံနိုင်ရည်ရှိသည်။ အဆောက်အအုံ၏ ပြတင်းတံခါးများနှင့် ဝရန်တာလက်ရန်းများ စသည်တို့က လေဆင်နှာမောင်း၏ လေဝဲဂယက်အတွင်း လွင့်စဉ်မျောပါသွားနိုင်သည့်တိုင် ပိုင်တိုင်ရိုက်သွင်းကာ ဆောက်လုပ်ထားသည့် ပင်မအဆောက်အအုံကြီးအဖို့ မြေမှကျွတ်ထွက် လွင့်ပါသွားရန် အခွင့်အလမ်းမှာ အလွန်နည်းသောကြောင့်ပင် ဖြစ်သည်။

စိုက်ဆင်းလေပြင်း၏အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်သည့်နည်းလမ်းများကမူ အဆောက်အအုံများကို ခိုင်ခံ့တောင့်တင်းအောင် စနစ်တကျဆောက်လုပ်ထားခြင်း၊ ခေါင်မိုးရှိ ဒိုင်း၊ မြားနှင့် အမိုးပြားများကို ကြံ့ခိုင်တောင့်တင်းမှုရှိအောင် တွဲဆက်တပ်ဆင်ထားခြင်း၊ ခိုင်ခံ့တောင့်တင်းသော တံခါးကျည်းပေါင်များနှင့် တံခါးရွက်များကို အသုံးပြုတပ်ဆင်ထားခြင်း စသည်တို့ပင် ဖြစ်ကြပေသည်။

**ကမ်းစပ်နှင့်ရေလှိုင်း**

ကမ္ဘာအရပ်ရပ်ရှိ ပင်လယ်နှင့် သမုဒ္ဒရာရေပြင်များ၊ ပင်လယ်ကမ်းရိုးတန်း ရေတိမ်ပိုင်းနေရာများနှင့် ပင်လယ်ကမ်းစပ်တို့တွင် အချိန်နှင့်အမျှဆိုသလိုပင် လှိုင်းအမျိုးမျိုး ဖြစ်ပေါ်လျက်ရှိနေသည်။ သာမန်အားဖြင့် အမြဲလိုလို တွေ့မြင်နေကျဖြစ်သည့် လှိုင်းအိကလေးများကို လူအများက သတိပြုမိလေ့မရှိကြသော်လည်း အတန်အသင့်ပြင်းထန်သော လေတိုက်ခတ်မှုကြောင့် လှိုင်းဂယက်များ ထကြွဖြစ်ပေါ်လာသည့်အခါမျိုး၌မူ ကမ်းခြေဒေသများ၌ နေထိုင်သူတို့က သတိပြုအလေးထားကာ စောင့်ကြည့်လေ့ရှိကြသည်။

ပင်လယ်ကမ်းစပ်များ၌ ဖြစ်ပေါ်နေသော အသေးစားလှိုင်းများကို ပင်လယ်ကမ်းရိုးတန်း ရေတိမ်ပိုင်း၌ ခုတ်မောင်းသွားလာနေကြသော သင်္ဘောများအနေဖြင့် ဂရုပြုအရေးစိုက်ရန် မလိုအပ်ပေ။ အဘယ်ကြောင့် ဆိုသော် အဆိုပါ လှိုင်းအသေးစားကလေးများသည် ပင်လယ်ရေပြင်၌ ခုတ်မောင်းသွားလာနေကြသော သင်္ဘောများအတွက် ဘေးအန္တရာယ်မရှိသောကြောင့်ပင် ဖြစ်သည်။ သို့ရာတွင် ပြင်းထန်သောလေတိုက်ခတ်မှုကြောင့်၊ တစ်နည်းဆိုရသော် လေပြင်းတိုက်ခတ်နှုန်း မြင့်မားမှုကြောင့် ပင်လယ်ရေပြင်၌ လှိုင်းတံပိုးများ ထကြွဖြစ်ပေါ်လာခဲ့လျှင်မူ သင်္ဘောသားအားလုံးတို့အနေဖြင့် နိုးနိုးကြားကြား လှုပ်လှုပ်ရှားရှား ဖြစ်လာကြတော့သည်။ အကြောင်းမူကား ထိုလှိုင်းတံပိုးများအတွင်း၌ သင်္ဘောကို ကျွမ်းကျင်ပိုင်နိုင်စွာ ထိန်းချုပ်ခြင်း မပြုနိုင်ပါက ပင်လယ်ရေပြင်အတွင်း ချွတ်ချော်တိမ်းမှောက်ကာ နစ်မြုပ်သွားနိုင်သောကြောင့်ပင် ဖြစ်သည်။

**သင်္ဘောနှင့်လှိုင်း**

အကယ်၍ မုန်တိုင်းတိုက်ခတ် ရွေ့လျားမှုကြောင့် ဧရာမလှိုင်းတံပိုးကြီးများ ဖြစ်ပေါ်လာခဲ့လျှင်မူ သင်္ဘောနှင့် လှိုင်းတို့ သူနိုင်ကိုယ်နိုင် အပြိုင်ကြံ့ရသည့် အဖြစ်မျိုးသို့ ချက်ချင်းပင် ရောက်ရှိသွားတော့သည်။ သင်္ဘောသားတို့ကလည်း စစ်ပွဲကြီးတစ်ရပ်သဖွယ် ရှန်းကန်လှုပ်ရှားလျက် သင်္ဘောဝမ်းဗိုက်အောက်သို့ လှိုင်းတံပိုးကြီးများ ဝပ်တွားခယ ခေါင်းလျှိုဝင်သွားရလေအောင် ရှိသမျှသောနည်းလမ်းမျိုးစုံဖြင့် တွန်းလှန် ဖြိုလှဲပစ်ကြရသည်။

ခေတ်မီစက်ကိရိယာများဖြင့် အဆင့်မြင့်မြင့် တည်ဆောက်ထားကြသည့် သင်္ဘောကြီးများပေါ်၌ လိုက်ပါလာသော သင်္ဘောသားတို့၏ ကျွမ်းကျင်မှုနှင့် ဇွဲလုံ့လတို့ကိုပေါင်းစပ်ကာ တွန်းလှန်လိုက်ခြင်းဖြင့် လှိုင်းတံပိုးကြီးများနှင့် ကြုံတွေ့ကြရသည့် အကြိမ်ရေအများစုတို့တွင် သင်္ဘောသားတို့ကသာ အနိုင်ရလေ့ ရှိကြသည်။ သို့ရာတွင် တစ်ခါတစ်ရံ၌မူ လှိုင်းတံပိုးကြီးများကို အနိုင်ယူနိုင်ရန်အတွက် ခုခံတွန်းလှန်ရင်း သင်္ဘောက လှိုင်းကိုအရှုံးပေးရကာ လှိုင်းတံပိုးအောက်သို့ သင်္ဘောရောက်ရှိသွားပြီး နစ်မြုပ်သွားခဲ့ကြရသည်များလည်း ရှိခဲ့သည်။

**နက်နဲလှသည့်သဘောသဘာဝ**

သမုဒ္ဒရာနှင့် ပင်လယ်ပြင်ကြီးများသည် အပြောကျယ်လွန်းလှသည့်အတွက် ခေတ်သစ်သိပ္ပံပညာရပ် မျိုးစုံတို့ဖြင့် စူးစမ်းရှာဖွေ ဖော်ထုတ်လျက်ရှိနေကြသည့်တိုင် ယင်းတို့၏ နက်နဲလှသည့် သဘောသဘာဝတို့ကို အကုန်အစင် မသိရှိနိုင်ကြသေးပေ။ သမုဒ္ဒရာနှင့်ပင်လယ်တို့၏ လျှို့ဝှက်နက်နဲသော သဘောသဘာဝများကြောင့်ပင် နှောင်းအတိတ်ကာလများက ပင်လယ်ရေကြောင်းသွား သင်္ဘောများ၏ သင်္ဘောသားများနှင့် ပင်လယ်ကမ်းခြေဒေသများ၌ အခြေချနေထိုင်သူများကို ဒဏ္ဍာရီဆန်သော ယုံကြည်မှုများဖြင့် သက်ဝင် စွဲလမ်းစေခဲ့သည်။ ။

# ဖွား၊ သေ မှတ်ပုံတင်ခြင်းကို ကရင်ပြည်နယ် မြို့နယ်နှစ်ခုတွင် စတင်ကောက်ယူသွားမည်

**ဘားအံ ဇန်နဝါရီ ၁၀**

ကရင်ပြည်နယ်အတွင်း မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မြို့နယ်နှစ်ခုတွင် စတင်ကောက်ယူသွားမည်ဖြစ်ကြောင်း ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဇန်နဝါရီ ၉ ရက်က ကျင်းပသည့် မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန် ပူပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မိုးအေးက ပြောကြားသည်။

"ကျွန်မတို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ လူဝင်မှုကြီးကြပ်ရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ ပူးပေါင်းပြီးတော့ မြဝတီမြို့နယ်နဲ့ ဘားအံမြို့နယ်မှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ ၇၅ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၉ ခုတို့မှာ ဇန်နဝါရီလကစတင်ပြီး မွေးဖွားမှု သေဆုံးမှု မှတ်ပုံတင်ခြင်းလုပ်ငန်းတွေကို ကောက်ယူသွားမှာဖြစ်ပါတယ်"ဟု မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဘားအံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဘလွင်က အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသူဇာချစ်တင်က မွေးဖွားမှု သေဆုံးမှု မှတ်ပုံတင်ခြင်းစနစ် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မှု၏ အရေးကြီးပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက မြို့နယ် ဖွား၊ သေစာရင်း ကောက်ယူမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဘလွန်းဘတ်အဖွဲ့မှ ဒေါက်တာနန်းဆုဝါက မွေးဖွားမှုနှင့် သေဆုံးမှု စာရင်းများကောက်ယူရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ရပ်ကွက်ကျေးရွာများအတွင်း မွေးဖွားမှု သေဆုံးမှု စာရင်းကောက်ယူခြင်းဖြင့် မြို့နယ်၏ လူဦးရေစာရင်း၊ မွေးဖွား၊ သေဆုံးမှု စာရင်းများကို အတိအကျရရှိမည်ဖြစ်ရာ ရရှိသောအချက်များအပေါ် မူတည်၍ ကျေးလက်ဒေသများ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ရေကောင်းရေသန့်ရရှိရေးစသည့် လိုအပ်ချက်များကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ သိရှိရသည့် လိုအပ်ချက်များအပေါ် မူတည်ပြီး ပြည်သူများအတွက် လိုအပ်ချက်များကို အချိန်တိုအတွင်း ထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ စာရင်းကောက်ယူရန် ပြုလုပ်ခြင်းဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးမှူးက ပြောသည်။

ဘားအံနှင့် မြဝတီမြို့နယ်တွင် ဖွား၊ သေ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများအား သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် စုစုပေါင်းသေဆုံးသူ၏ ၁၆ ရာခိုင်နှုန်းသာလျှင် ဆေးရုံဆေးခန်းများတွင် သေဆုံးနေသည်ကို တွေ့ရပြီး ဘားအံမြို့နယ်အတွင်း ၂၀၁၇ ခုနှစ်က စာရင်းများအရ မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးသေဆုံးမှုသည် ၂၀၀ ခန့်ရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



## ခါကာဘိုရာဇီဒေသ ခရီးသွားလာရေး စီမံအုပ်ချုပ်မှုဆိုင်ရာ ရှင်းလင်းဆွေးနွေး

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ ခါကာဘိုရာဇီဒေသကို သဘာဝအခြေခံခရီးသွားလာရေးအဖြစ် စီမံအုပ်ချုပ်မှုဆိုင်ရာနှင့် စီမံချက်ရေးဆွဲရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ခရီးသွားလုပ်ငန်းရှင်များအား ခရီးသွားလုပ်ငန်းဆိုင်ရာအကြံပေးအဖွဲ့က ရှင်းလင်းဆွေးနွေးပွဲကို ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနောင်ခန်းမ၌ ဇန်နဝါရီ ၈ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းဆွေးပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပူတာအိုရှိ ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ဆောင်မှုအခြေခံသည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသည် အလွယ်ကူဆုံးနှင့် အလျင်မြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ကြောင်း၊ သို့ဖြစ်၍ ခါကာဘိုရာဇီဒေသ သဘာဝအခြေခံခရီးသွားလာရေးလုပ်ငန်းတွင် ဒေသခံပြည်သူများ ပါဝင်စေပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ အားလုံးက ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ခရီးသွားလုပ်ငန်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များဖြစ်သည့် ဒေါက်တာပေါလ်ရော်ဂျာစ်နှင့် ဒေါ်ကြည်ကြည်အေးတို့က ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများ၊ ဆက်စပ်ပါဝင်ပတ်သက်သူများ၊ ဌာနဆိုင်ရာများ ပါဝင်သည့် ခါကာဘိုရာဇီဒေသ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် ပူတာအိုခရိုင် ခရီးသွားလုပ်ငန်းစီမံချက်ရေးဆွဲရန် ကြိုတင်ပြင်ဆင်ခဲ့သည့် လုပ်ငန်းစဉ်များ၊ တွေ့ကြုံနိုင်သော အခက်အခဲများ၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ခြုံငုံသုံးသပ်ခြင်း၊ ပူတာအိုခရိုင်အဆင့် အလုပ်ရုံဆွေးနွေးပွဲများမှ ရလဒ်များနှင့် အကြံပြုချက်များ၊ အဓိက စဉ်းစားသင့်သော အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ကို အသေးစိတ် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာသူများက ဒေသတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်း စီမံချက်ရေးဆွဲရာတွင် တွေ့ကြုံနိုင်သည့် အခက်အခဲများနှင့် စီမံချက်ရေးဆွဲရာတွင် ပါဝင်သင့်သည့်အချက်များကို ဖြည့်စွက်ဆွေးနွေးကြပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံချက်ရေးဆွဲရေးနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

## စဉ့်ကူးမြို့နယ်တွင် EXIM Bank အသေးစား အရင်းအနှီးချေးငွေများ နဝမအကြိမ်မြောက်ပေးအပ်

**စဉ့်ကူး ဇန်နဝါရီ ၁၀**

စဉ့်ကူးမြို့နယ်တွင် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေကြသော သမဝါယမအသင်းများအား နဝမအကြိမ်မြောက် အသေးစားအရင်းအနှီးချေးငွေများပေးအပ်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက စဉ့်ကူးမြို့နယ် သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်နိုင်ဦးနှင့် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်တို့က အမှာစကားများပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမင်းနှင့် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးထွန်းသန်းတို့က သမဝါယမ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သမဝါယမအကျိုးစီးပွားများ တိုးတက်ကောင်းမွန်လာစေရေးတို့တွင် ဦးစီးဌာန၊ မြို့နယ်အသင်းစုနှင့် အခြေခံသမဝါယမအသင်းတို့ တက်ညီလက်ညီ သစ္စာရှိရှိ တစ်ဦးနှင့်တစ်ဦး နားလည်ယုံကြည်စွာ လက်တွဲဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အသင်းများ အဆင့်မြှင့်တင်ရေး၊ သမဝါယမ အနာဂတ်မျှော်မှန်းချက်၊ လုပ်ငန်းများ မှန်ကန်စွာဆောင်ရွက်နိုင်ရေးတို့ကို အသေးစိတ် ရှင်းလင်းပြောကြားပြီး ချေးငွေလုပ်ငန်းကော်မတီမှ ဦးစောမောင်က အသေးစားအရင်းအနှီးချေးငွေ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်နိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်၊ ဦးစီးအရာရှိ ဦးစိုးမင်း၊ မြို့နယ်အသင်းဥက္ကဋ္ဌ ဦးထွန်းသန်းနှင့် တာဝန်ရှိသူများက EXIM Bank ချေးငွေ ကျပ်၃၃၄၀ ဒသမ ၃၈ သန်းကို အခြေခံအသင်း ၁၁၁ သင်းထံပေးအပ်ပြီး အဌမအကြိမ်မြောက် EXIM Bank ချေးငွေကို သတ်မှတ်ရက်အတွင်း ပေးသွင်းနိုင်သည့် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အသင်းသုံးသင်း အပါအဝင် အခြေခံအသင်း ၂၂ သင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို အသီးသီးပေးအပ်ကြသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး မြို့နယ် ၂၄ မြို့နယ်ရှိ အသင်းပေါင်း ၃၄၆၅ သင်းမှ အသင်းသားပေါင်း ၄၁၀၇၉၃ ဦးအား နဝမအကြိမ်မြောက် EXIM Bank ချေးငွေ ကျပ် ၇၁၀၃၉ ဒသမ ၁၆၉ သန်းကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြတ်မော်တင်စေတီတော်မြတ်ကြီး ထီးတော်မတင်မီ လှည့်လည်ပူဇော်ရေး ညှိနှိုင်းဆွေးနွေး

**ဟိုင်းကြီးကျွန်း ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ မဟာမကုဋရုံသီ မြတ်မော်တင်စေတီတော်မြတ်ကြီးတွင် တင်လှူမည့် ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်အသစ်များကို လှည့်လည်ပူဇော်ရေးနှင့်ပတ်သက်၍ ဌာနဆိုင်ရာများနှင့် ဒေသခံများ ဇန်နဝါရီ ၈ ရက်က မြတ်မော်တင်ကျောင်းတိုက်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့အုပ်ချုပ်ရေးမှူးဦးသက်လွင်ဦးက ထီးတော်ကို ဇန်နဝါရီ ၂၄ ရက်တွင် မွန်ပြည်နယ် ကျိုက်ထီးဆောင်းစေတီမှ စတင်ပင့်ဆောင်ပြီး ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ရင်ငွေ့လှုံကာ ၂၆ ရက်တွင် ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးတွင် ရင်ငွေ့လှုံ အပူဇော်ခံမည်ဖြစ်ကြောင်း၊ ၂၈ ရက်တွင် မြတ်မော်တင်စေတီတော်သို့ ပင့်ဆောင်လာပြီး ၂၉ ရက်တွင် မြတ်မော်တင်စွန်းစေတီတော်မှ ကညင်ချောင်းကျေးရွာသို့ ပင့်ဆောင်လှည့်လည်၍ အပူဇော်ခံပြီး ဖေဖော်ဝါရီ ၁ ရက်တွင် ထီးတော်ကို မြတ်မော်တင်စွန်းစေတီ၌ တင်လှူပူဇော်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေးအတွက် ကျိုက်ထီးဆောင်းဆရာတော်၏ ဦးဆောင်မှုနှင့် ဇေကမ္ဘာဦးခင်ရွှေ၏ မတည်လှူဒါန်းမှုဖြင့် ဆောင်ရွက်ကာ ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၂၅ ရက်က ထီးတော်ချခြင်းနှင့် စေတီတော်ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ပြုပြင်မှုများအဖြစ် စေတီတော်မြတ်ကြီး၏ ခေါင်းလောင်းမှောက်မှစတင်၍ ရွှေရောင်စတီးပြားများငုံကာ တည်ထားခဲ့ပြီး စေတီတော်၏ ရင်ပြင်တော်အားထိန်းထားသော မြေထိန်းနံရံကို ဖြိုချကာ အဆိုပါနေရာတွင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းများကို လူအများလာရောက်ကြည့်ရှုနိုင်မည့် ပြခန်းငယ်များ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ စေတီတော်ကြီးအား ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များ ပြန်လည်တင်လှူ ပူဇော်မည့်နေ့တွင် အရံစေတီငယ် ၂၃ ဆူကိုလည်း ထီးတော်များ ပြန်လည်တင်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်မှာ နီးကပ်လာပြီဖြစ်၍ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်ရန် ဟိုင်းကြီးကျွန်းမြို့ရှိ ဒေသခံပြည်သူများကလည်း လုပ်အားဒါန ပါဝင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## လူ့အခွင့်အရေးအကြောင်းသိကောင်းစရာများ ရှင်းလင်းဆွေးနွေး

**ကလေး ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင် ဦးဆောင်သောအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လူ့အခွင့်အရေးအခြေခံသဘောတရားများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းတာဝန်နှင့်ဆောင်ရွက်ချက်များအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၈ ရက်က ကလေးမြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌက လူ့အခွင့်အရေးဆိုင်ရာ အခြေခံအယူအဆ သဘောတရားများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည်တို့ကို ရှင်းလင်းဆွေးနွေးပြီး ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးက လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းကို ဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သော လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့မှ တပ်မတော်သားများ၊ နိုင်ငံရေးပါတီဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်သူများနှင့် မီဒီယာသမားများက သိရှိလိုသည်များကို မေးမြန်းကြပြီး ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ဂျူနိုင်း**

## ပဲတီစိမ်းစိုက်ပျိုးမှုများ စနစ်တကျဖြစ်စေရန် ကွင်းဆင်းရှင်းလင်း

**ကျောက်တန်း ဇန်နဝါရီ ၁၀**

တောင်သူများအနေဖြင့် ပဲတီစိမ်းစိုက်ပျိုးရာတွင် အရည်အသွေးကောင်းသီးနှံများ ထုတ်လုပ်နိုင်ရေး၊ လုပ်သားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အစားအစာ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး စသည်တို့ကို သိရှိဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောက်တန်းမြို့နယ် ကန်ပြောင်ကျေးရွာရှိ GAP စနစ် ပဲတီစိမ်းစိုက်ကွင်းသို့ ဇန်နဝါရီ ၇ ရက်က လာရောက်ကြပြီး တောင်သူများနှင့် ဝန်ထမ်းများအား တွေ့ဆုံဆွေးနွေးခဲ့သည်။ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ ညွှန်ကြားရေးမှူး (စိုက်ပညာ)ဦးမြင့်ဦး၊ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်၊ ခရိုင်ဦးစီးမှူး ဦးစိုးခိုင်တို့ အဖွဲ့က တောင်သူများအား ကွင်းဆင်းတွေ့ဆုံခဲ့ခြင်းဖြစ်ပြီး GAP စနစ်ဖြင့် ပဲတီစိမ်းစိုက်ပျိုးကြသည့် တောင်သူများအနေဖြင့် အဓိကကျသည့် ဓာတုပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲရေး၊ ဓာတ်မြေဩဇာကို မလိုအပ်ဘဲ အသုံးမပြုရန်နှင့် မျှတစွာသုံးစွဲရန်၊ ဓာတုဓာတ်ကြွင်း ကင်းစင်စေရန်အတွက် သဘာဝပိုးသတ်ဆေးများ သုံးစွဲရန် စသည့်နည်းလမ်းများကို ဆွေးနွေးခဲ့ကြောင်းသိရသည်။

**စိုးဝင်း(ကျောက်တန်း)**



# ဆင်ကြို့ရွှေဂူ လိုတရ သာရက္ခန်ဘုရားကြီး နှစ် ၉၀၀ ပြည့် အထိမ်းအမှတ်ပွဲကျင်းပရန် ဆွေးနွေး

**ရေစကြို ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကြူရွာကျေးရွာအုပ်စု ဆင်ကြို့ရွာတွင် အလောင်းစည်သူ မင်းကြီးအား သိကြားမင်း ထုလုပ်ဆက်သသော ဆင်ကြို့ရွှေဂူလိုတရသာရက္ခန်စေတီ တော်မြတ်ကြီး တည်ထားခဲ့ရာ ဂေဇက်ဝင် အနှစ် ၉၀၀ ပြည့် အထိမ်းအမှတ်ပူဇော်ပွဲကြီးကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၈ ရက်က ဆင်ကြို့အရှေ့မဟာဗုဒ္ဓါရာမကျောင်းတိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် ဆင်ကြို့အရှေ့မဟာဗုဒ္ဓါရာမကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော်က ဆင်ကြို့ရွှေဂူ လိုတရ သာရက္ခန်စေတီတော်ကြီး အနှစ် ၉၀၀ ပြည့် ပူဇော်ပွဲကြီး စည်ကားခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းအကြံပေးရန် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် နာယကဆရာတော်ကြီးများအား လျှောက်ထားသည်။ ဆက်လက်၍ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်က ဩဝါဒကထာချီးမြှင့်ပြောကြားသည်။

ထို့နောက် အကြိုညှိနှိုင်းအစည်းအဝေးသို့ ကြွရောက်တော်မူလာသည့် ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များက သာသနာဂေဇက်ဝင် ဆင်ကြို့ရွှေဂူ လိုတရ သာရက္ခန်စေတီတော်ကြီး အနှစ် ၉၀၀ ပြည့် အထိမ်းအမှတ်ပူဇော်ပွဲကြီးကျင်းပရေး ဆွေးနွေးညှိနှိုင်းပြီးနောက် ၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်နေ့တွင် စည်ကားသိုက်မြိုက်ခမ်းနားစွာ ကျင်းပရေးဆုံးဖြတ်ကြသည်။

အဆိုပါ ဆင်ကြို့ရွှေဂူ လိုတရ သာရက္ခန်မြတ်စွာဘုရား သီတင်းသုံးဌာပနာရာ ဆင်ကြို့ရွှေဂူ လိုတရ သာရက္ခန်စေတီတော်ကြီးကို အလောင်းစည်သူမင်းကြီးက သက္ကရာဇ် ၄၇၉ ခုနှစ်က တည်ထားကိုးကွယ်ခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# မဟာရွှေစည်ကြီးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပနိုင်ရေး ဆွေးနွေး

**ကန့်ဘလူ ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့၏ကျက်သရေဆောင် မဟာရွှေစည်ကြီးစေတီတော် (၁၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဇန်နဝါရီ ၈ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက အမှာစကားပြောကြားပြီး စေတီတော်ဂေါပကဥက္ကဋ္ဌ ဦးတင်အေးက နှစ်စဉ်ကျင်းပခဲ့သော ဘုရားပွဲတော်ဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက်ဘုရားပွဲတော်ကာလအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းကော်မတီအသီးသီးကို ဖွဲ့စည်းပြီး ကော်မတီများအလိုက် လုပ်ဆောင်ရမည့်တာဝန်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတီတော်ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ကျောင်းသား ကျောင်းသူကလေးငယ်များ ကာယစာရိတ္တတိုးတက်ရေးအတွက် အားကစားပွဲများကျင်းပ

**ဖြူး ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်အားကစားမှူးနှင့် မြို့နယ်ပညာရေးဌာနတို့၏ ပူးပေါင်း ဆောင်ရွက်မှုတို့ဖြင့် ကျောင်းသား ကျောင်းသူကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းအလိုက် စာသင်ချိန်ရပ်နားချိန်များတွင် အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၈ ရက် မွန်းလွဲပိုင်းက ဖြူးမြို့ မြို့မအနောက်ရပ်ကွက် ၄ လမ်းမြောက်ပိုင်းရှိ အမှတ် - ၁ အခြေခံပညာ မူလွန်ကျောင်းတွင် ဆရာ ဆရာမများ၏ ကြီးကြပ်မှုတို့ဖြင့် ကျောင်းသား ကျောင်းသူ ကငယ်လေးများအဖွဲ့လိုက် ထုပ်ဆီးတိုး အားကစား ပျော်ရွှင်စွာ ကစားနေကြသည်ကို တွေ့ရသည်။

**ဖြူး-မြင့်ဦး**

# ကျောက်မျက်ကဏ္ဍနှင့်ပတ်သက်၍ လွှတ်တော်ကော်မတီနှင့် လူထု တွေ့ဆုံဆွေးနွေး

**မိုးကုတ် ဇန်နဝါရီ ၁၀**



ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီနှင့် မိုးကုတ်မြို့နယ်အတွင်းရှိ ပြည်သူလူထုတို့ တွေ့ဆုံ၍ ကျောက်မျက်ကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲကို ဇန်နဝါရီ ၇ ရက်က မိုးကုတ်မြို့ မြို့မရပ်ကွက်ရှိ မိုးကုတ်မိုတယ်၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးသူရထွန်းက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက ကော်မတီ၏ ဥပဒေပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်သူများအား ချပြရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူများကိုယ်စား ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ထာပွဲ ကျောက်မျက်ကုန်သည်ပွဲစားများ ကျောက်မျက်အကြံပြုကော်မတီမှ ကော်မတီဝင် ဦးစိုးမြင့်က ကျောက်မျက်ဥပဒေကြမ်းနှင့် ပတ်သက်၍ မိမိတို့ဒေသနှင့် ကိုက်ညီမှုရှိသည့် အချက်များနှင့် ပြုပြင်ပြောင်းလဲထည့်သွင်းပေးရန် လိုအပ်ချက်များ၊ လိုလားချက်များကို ဆွေးနွေးတင်ပြခဲ့ပြီး ဆက်လက်၍ မြို့နယ်အတွင်းရှိ တက်ရောက်လာသော အလွှာအသီးသီးမှ ပြည်သူများက ကျောက်မျက်အခွန်ကိစ္စ၊ လုပ်ကွက်မြေနေရာကိစ္စ၊ အလုပ်သမားဆိုင်ရာအခွင့်အရေး၊ လုပ်ငန်းရှင်များအသင်းပြန်လည်ဖွဲ့စည်းပေးရေး၊ ကျောက်မျက်လိုင်စင်ချထားမှု အခြေအနေများ၊ ကျောက်မျက်ဥပဒေသည် ဒေသခံပြည်သူများအတွက် အခြေခံစဉ်းစားပေးသည့် ဥပဒေတစ်ရပ်အဖြစ် ထွက်ပေါ်လာရေးနှင့် လုပ်ငန်းရှင်များအနေဖြင့်လည်း ဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်ရေး စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌက ပြည်သူများ၏ ဆွေးနွေးချက်များအပေါ်အခြေခံကာ ကျောက်မျက်ဥပဒေကြမ်းနှင့်ပတ်သက်၍ ပြင်ဆင်ရန်လျာထားချက်များကို ပြန်လည်ဆွေးနွေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# အိမ်သာများသန့်ရှင်းရေးနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောပြီး လက်တွေ့သရုပ်ပြ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ သုံးပုံနှစ်ပုံ ၇၄ ဒသမ ၃ ရာခိုင်နှုန်းသည် ပိုမိုကောင်းမွန်သော ရေနှင့် မိလ္လာစနစ်များကို လက်လှမ်းမီနေကြပြီဖြစ်သော်လည်း ကျေးလက်နေပြည်သူအများစု ပါဝင်သည့် လူဦးရေ ၁၃ သန်းသည် ကျန်းမာရေးနှင့်ညီညွတ်သည့် မိလ္လာစနစ်များကို လက်လှမ်းမမီဘဲ ရှိနေကြသေးသည်ကို တွေ့ရှိရကြောင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ ထုတ်ပြန်ထားသည့် အသစ်ထွက်ရှိလာသည့် သန်းခေါင်စာရင်းအစီရင်ခံစာအရ သိရသည်။

ထိုလူဦးရေ ၁၃ သန်းအနက် ၁ ဒသမ ၅ သန်းသည် မိလ္လာစနစ်ကို သုံးစွဲနိုင်ကြခြင်းမရှိသည်ကိုလည်း တွေ့ရှိရကြောင်း သိရသည်။ ထို့ကြောင့် သက်ဆိုင်ရာဌာနများနှင့် အခြားအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် မိလ္လာစနစ်များ စနစ်တကျသုံးစွဲတတ်စေရန် ပညာပေးဟောပြောမှုများ ဆောင်ရွက်လျက်ရှိသည်။





ထိုသို့ ဆောင်ရွက်မှုတစ်ရပ်အဖြစ် မေတ္တာနှလုံးသား ပရဟိတအဖွဲ့က နေပြည်တော် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်သို့ ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက လာရောက်၍ အိမ်သာသန့်ရှင်းရေးနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ အိမ်သာသုံးသန့်ရှင်းရေးပစ္စည်းများကို ထိရောက်စွာ အသုံးပြုပုံများကို ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်အစည်းဝေးခန်းမ၌ အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ပရဟိတအဖွဲ့နှင့် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဦးဆောင်၍ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် အဆောင်များမှ ကိုယ်စားပြုကျောင်းသူ ကျောင်းသား ၁၀ ဦးစီ ပါဝင်ပြီး အဖွဲ့များခွဲကာ ကျောင်းဆောင်များ၊ ဌာနများနှင့် အဆောင်များသို့သွားရောက်၍ အိမ်သာသန့်ရှင်းရေး ပညာပေးခြင်းနှင့် လုပ်အားပေးခြင်းများကို လုပ်ဆောင်ခဲ့ကြပြီး သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှု၏ အကျိုးရှိပုံကို ရှင်းလင်းပြောကြားသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မေမိုးသဲ**

# မြေအောက်ရေအသုံးပြု၍ စိုက်ပျိုးထားသည့် ခရမ်းနှင့် ဆလပ်စိုက်ခင်းများ အောင်မြင်

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လဲဂွကျေးရွာမှ ဒေသခံတောင်သူများ ယခုနှစ်တွင် မြေအောက်ရေဖြင့် စိုက်ပျိုးထားသည့် ခရမ်းနှင့် သီးညှပ်ဆလပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါစိုက်ခင်းများမှ ထွက်ရှိသည့် ခရမ်းသီးနှင့် ဆလပ်ရွက်များကို လက်လီလက်ကားရောင်းချမည့် ဈေးသည်များက စိုက်ခင်းအထိ လာရောက်ဝယ်ယူနေကြသဖြင့် စီးပွားရေးအဆင်ပြေနေကြသည်။

"ကျွန်တော်တို့ လဲဂွရွာက တောင်သူတွေဟာ ကိုင်းကျွန်းမြေယာစိုက်ပျိုးရေး လုပ်ငန်းကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပါတယ်၊ သီးနှံစိုက်ပျိုးတဲ့အခါမှာလည်း ကိုယ်တိုင်တူးဖော်ထားတဲ့ မြေအောက်ရေကို အသုံးပြုပြီး စိုက်ပျိုးကြပါတယ်၊ နှစ်တိုင်းပဲ မြေအောက်ရေကို အသုံးပြုပါတယ်"ဟု ခရမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။ လက်ရှိအချိန်တွင် ခရမ်းသီး တစ်ပိဿာလျှင် ကျပ် ၆၀၀ မှ ၇၀၀ အထိ ရရှိနေပြီး ခရမ်းခင်းအတွင်း သီးညှပ်စိုက်ပျိုးသော ဆလပ်ပင်များမှာ တစ်ပိဿာလျှင် ၄၅၀ ကျပ်နှုန်းအထိ ရောင်းချနေရသဖြင့် တောင်သူများ စီးပွားရေးအဆင်ပြေနေကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘုရားပွဲတွင်းမှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**မော်လမြိုင် ဇန်နဝါရီ ၁၀**

မွန်ပြည်နယ်၏ အကျော်ကြားဆုံးပွဲတော် ဝင်းစိန်တောရ ဘုရားပွဲတော်မတိုင်မီ ဝင်းစိန်တောရတည်ရှိသည့် မုဒုံမြို့နယ် ကျောက်တလုံးကျေးရွာ ဝင်းစိန်ဆရာတော် ရုပ်ကလပ်တော် ကိန်းဝပ်စံပယ်ရာ ထာဝရနိဗ္ဗာန်စံကျောင်းရှေ့သို့ မုဒုံမြို့နယ် ဒုရဲမှူး ခင်မောင်ထွန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များ သည် ဇန်နဝါရီ ၈ ရက်က ရောက်ရှိလာပြီး မှုခင်းအသိ ပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ကျောက်တလုံးကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် ကျေးရွာနေပြည်သူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြပြီး ရဲတပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဆောင်ရန်ရှောင်ရန်နှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ လူကုန်ကူးမှုပြစ်မှုပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းဟောပြောခဲ့ကြကြောင်း သိရသည်။

**မော်လမြိုင်(ကိုယ်ပွား)**

# သုံးခွမြို့နယ်၌ ယာဉ်စည်းကမ်း ပညာပေးဟောပြော

**သုံးခွ ဇန်နဝါရီ ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ဘုရားကြီးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၆၁)က ကြီးမှူး၍ ဇန်နဝါရီ ၈ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးမြင့်သိန်းက အမှာစကားပြောကြားပြီး ယာဉ်ထိန်းတပ်ဖွဲ့စု(၆၁)မှ တပ်ဖွဲ့စုမှူး ရဲအုပ်စန်းလွင်နှင့် တပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းပပျောက်စေရေးအတွက် လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

# ဟသ်ာတကိုဖြတ်၍ နတ်မော်မှသည် နိဗ္ဗာန်ဆီသို့

မြင့်စိုး(နတလ)

အသက်အရွယ်ကြောင့်ပဲလား၊ ဒါမှမဟုတ် နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့သော အတိတ်ကို ပြန်လည်တူးဆွ သတိရတမ်းတ စိတ်ကြောင့်ပဲလားဆိုတာကတော့ သိပ်ပြီးကွဲကွဲပြားပြား မရှိလှ။ သို့သော်ငြားလည်း ယခင်ကရောက်ခဲ့ဖူး၊ နေခဲ့ဖူး၊ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အရပ်ဒေသများဆီသို့ မရောက်ရောက်အောင် ပြန်လည်သွားလိုသောစိတ်ဆန္ဒ ချင်ခြင်းတပ်မက်မှုတို့ မကြာမကြာ ဖြစ်ပေါ်နေသည်ကတော့ အမှန်ပင်ဖြစ်၏။ ကြည့်လေ၊ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလဆန်းပိုင်းကပဲ ပြန်မရောက်တာ နှစ်ပေါင်း ၃၀ ကျော်နေပြီဖြစ်သော ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မိုင်းကိုင်မြို့လေး သို့လည်းကောင်း၊ ထိုမှနောက်ကြောင်းပြန်ခေါက်ပြီး လဲချား၊ လွိုင်လင်၊ နမ့်စန်၊ လင်းခေးနှင့် မိုးနဲမြို့များသို့ဖြတ်ကာ သံလွင်မြစ်အား တာစွတ်တိန်းကူးတို့ ဆိပ်မှကူးတို့ဖောင်ဖြင့်ကူး၍ ဟိုမိန်းမြို့လေးသို့လည်းကောင်းသွားခဲ့ပြီးပြီ။ ထိုခရီးစဉ်များမှအပြန် ဒီဇင်ဘာလကုန်ကာနီး ချင်ခြင်းတပ်မက်မှုက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများဆီသို့ မျက်စိလည်လမ်းမှားသွားရော့ထင်။ ကျေးဇူးရှင်မိခင်ကြီး ကွယ်လွန်အနိစ္စရောက်ခဲ့သည့် ၁၉၉၄ ခုနှစ်မှာ နောက်ဆုံးဖြတ်သန်းသွားလာခဲ့သည်ဟုဆိုရမည့် ဟသ်ာတမြို့ တစ်ဖက်ကမ်းက သာရဝေါ်ဘူတာလေး၊ ထိုမှဧရာဝတီမြစ်ကို ကူးတို့သင်္ဘောဖြင့် ကူးပြီးနောက် နေပူပူ၊ လေပူပူ ခြေထောက်အောက်က သဲပူပူတို့ကို အန်တုလျက်ခေါင်းဆေးကျွန်းကြီးကိုဖြတ်ပြီးသကာလ၊ ဟသ်ာတမြို့ဦးကမ်းပေါ်မှာ ဖူးတွေ့ရသော ရွှေပြောင်ပြောင်စေတီလေး၊ ထိုစေတီလေးရှိရာကမ်းသို့ မရောက်မီ တစ်ကြိမ်ဖြတ်လျှင် တံတားဖြတ်သန်းခ ၁၀ ပြားပေးရသောကြောင့် ဆယ်ပြားတံတားဟုအမည်တွင်နေသည့် ဝါးတံတားလေးတစ်ခု ရှိနေပါသေးသည်။ ဒါကလွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်မှာ မြင်တွေ့ခဲ့ရသော မြင်ကွင်းများ။

**ရွှေပြောင်ပြောင်ဘုရား**

အမှန်အတိုင်းဝန်ခံရလျှင် ထိုစဉ်က ရွှေပြောင်ပြောင်ဘုရားဘေးကနေ အခေါက်ပေါင်းများစွာ ဖြတ်ကျော်ဖြစ်ခဲ့ငြား၊ တစ်ကြိမ်တစ်ခါမျှ ဘုရားဝင်းအတွင်းသို့ဝင်၍ ကျကျနန မဖူးဖြစ်ခဲ့ပါ။ ဟသ်ာတမြို့မှ ပြန်လည်ထွက်ခွာမည့် ချက်ပလက်ခေါင်းတိုကားကြီးရှိရာသို့ အပြေးအလွှား သွားရောက်ခဲ့ရသောကြောင့်ပင်။ အားကောင်းမောင်းသန်အရွယ်မို့ နှစ်ကျပ်၊ သုံးကျပ်အကုန်ခံပြီးတော့လည်း ဆိုက်ကားမစီးချင်။ ဟသ်ာတမှ အိုင်သပြုကားဂိတ်ထိ သွားရောက်ရဦးမည်ဖြစ်ရာ အနီးနောက်ဆုံးကားကြီးမီအောင် ကိုယ့်ခြေထောက်ကိုယ်သုံးလျက်သွားခဲ့ သည်ချည်းသာ။ ကားပေါ်မှာ ဖင်တစ်နေရာစာ မရလျှင်လည်း ကားနောက်ပိုင်းအမိုးကိုင်းအား မြဲမြဲကိုင်လျက် နတ်မော်-နိဗ္ဗာန်-ယုံသလင်း-ခမောက်စု လမ်းအတိုင်း အိုင်သပြုထိ သုံးနာရီခန့် ခရီးကို မငြီးမငြူ စီးခဲ့ရဖူးသည်ကိုလည်းမမေ့။ သည့် အတွက်ကြောင့်ပင်လျှင်သည်လမ်း၊ သည်ခရီးကို ယခင်အတိုင်းကြည့်မြင်တိုင်ဘူတာမှ ရထားစီး၍ သွားကြည့်ချင်ပါသော်လည်း ဟသ်ာတမြို့မှ မိတ်ဆွေအချို့က တားကြသည်။ ကားလမ်းတွေ အလွန်ကောင်းနေပြီဖြစ်သောကြောင့် ရထားဖြင့်လာသူ သိပ်မရှိတော့ ဟူ၏။ ခေါင်းဆေးကျွန်းအား နောက်တစ်ကြိမ်ခြေကျင်လျှောက်၍ မဖြတ်ရကာမှနေရော၊ ဟသ်ာတမြို့သို့အရောက် ကားဖြင့်သွား၍ ရွှေပြောင်ပြောင်ဘုရားကို ဖူးဖြစ်အောင်ဖူးမည်ဟု သန္နိဋ္ဌာန်ချထားခဲ့မိသည်။

**တံတားသစ်ကြီးများ**

ထိုသို့စိတ်ပိုင်းဖြတ်ထားပြီးဖြစ်ရာ ယခုတစ်ခေါက်တွင် မွေးရပ်မြေလှော်ကထား အထက၏ မြတ်ဆရာပူဇော်ပွဲကို ပုသိမ်- မုံရွာလမ်းအတိုင်း မသွားတော့ဘဲ ဓနုဖြူမှ ဇလွန်၊ ဇလွန်မှ ဟသ်ာတအထိ ကားဖြင့်သွားခဲ့သည်။ ဇလွန်မြို့ပြည်တော်ပြန် မာန်အောင်မြင်ဘုရားကြီးကို ဖူးမြော်ခွင့်ရခဲ့၍ ကြည်နူးဝမ်းသာ ဖြစ်ရသည်။ ရန်ကုန်နှင့် မဝေးလှသော်ငြား ၁၉၉၇ ခုနှစ်လောက်တွင် မိသားစုနှင့်အတူ ဖူးမြော်ခဲ့ပြီးနောက်ပိုင်း ဇလွန်သို့မရောက်သည်မှာလည်း နှစ်ပေါင်း ၂၀ ကျော်ခဲ့ပြီ။ ညောင်တုန်းမှဓနုဖြူ၊ ဓနုဖြူမှဇလွန်-ဟသ်ာတအထိကားလမ်းတွေက အလွန်ကောင်း နေပါပြီ။ ဗိုလ်မြတ်ထွန်းတံတားကြီး မပေါ်ပေါက်မီက ညောင်တုန်းတွင် ဧရာဝတီမြစ်ကို ဇက်ဖြင့်ကူးရသော အရသာကိုပင် လွမ်းမိသေးတော့။ ယခုဆိုလျှင် ဗိုလ်မြတ်ထွန်းတံတားကြီး သာမကပဲ ဧရာဝတီတံတား (ညောင်တုန်း)တည်းဟူသော ကားရောရထားရော ဖြတ်ကူးနိုင်သည့် တံတားသစ်ကြီးတစ်စင်းကလည်း ပေါ်ပေါက်ခဲ့သည်မှာ ကာလအတန်ကြာခဲ့ပေပြီ။ ထိုတံတားသစ်ကြီးမှဖြတ်၍ ဓနုဖြူသို့ ခရီးဆက်ခဲ့ခြင်းဖြစ်၏။ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ကို စဖြတ်ကတည်းက ဓနုဖြူ မြို့က လိုက်လဲ့စွာကြိုဆိုပါ၏ ဟူသော မြို့ဝင်ဆိုင်းဘုတ်ကို မြင် လိုက်ရသောအခါကနှင့်မှုကို ခွဲခြားသုံးစွဲရန်ရေးသားညွှန်ပြခဲ့သည့် ဆရာကြီးဦးခင်အေး (မောင်ခင်မင် -ဓနုဖြူ) ကျေးဇူးကြောင့်ပဲဖြစ်မည်ဟု အတွေးဝင်မိသေး၏။ ဇလွန်နှင့် ဟသ်ာတမှာလည်း ထိုနည်းနှင်နှင်ပင်။ ကကြီးနှင့်ပဲ သုံးစွဲရေးသားထားကြောင်း တွေ့ရသည်။

**ရွှေစေတီ**

နေပြည်တော်မှ ထွက်လာခဲ့သော ကျွန်တော်၊ ညောင်တုန်း၊ ဓနုဖြူ၊ ဇလွန်အထိ အဆင်ပြေပြေသွားနိုင်ခဲ့သော်လည်း ဟသ်ာတမြို့ထဲလမ်းများကို မမောင်းတတ်တော့ပါ။ဇလွန်လဝက ရုံးတွင် တာဝန်ထမ်းဆောင်နေသော ညီတော်မောင်ကို အကူအညီတောင်း၍ ရွှေပြောင်ပြောင်ဘုရားသို့ အရင်ဆုံးသွားရောက်ဦးခိုက်ခဲ့ပါသည်။ သို့သော်ဘွဲ့တော်အမည်နာမက ရွှေပြောင်ပြောင်ဘုရား မဟုတ်တော့ဘဲ ၁၉၈၄ ခုနှစ်လောက်မှစ၍ ရွှေစေတီဟုပြောင်းလဲထားပြီဖြစ်ကြောင်း ဒေသခံတစ်ဦးက ရှင်းပြခဲ့သည်။ စောစောကကျွန်တော်ပြောခဲ့သည့် ဆယ်ပြားတံတားရော၊ သူ့အနားက ဈေးဆိုင်ခန်း၊ စားသောက်ဆိုင်တန်းတွေရော မရှိတာကြာပြီဖြစ်ကြောင်းလည်း သိလိုက်ရသည်။ မီးခဏခဏလောင်ပြီးနောက်ပိုင်း အားလုံးရှင်းလင်းခဲ့ရသည်ဆို၏။ ရွှေပြောင်ပြောင်ကမ်းနဖူးမှနေ၍ ခေါင်းဆေးကျွန်းကြီးရှိရာသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ တောင်ယာစိုက်ခင်းများဖြင့် စိမ်းစိုလန်းဆန်းနေသည်ကို တွေ့ရသည်။ ဟိုးအဝေးဆီမှာတော့ သာရဝေါ်ဘူတာလေးက တိတ်ဆိတ်ငြိမ်သက်စွာ တည်ရှိနေမည်မှာမလွဲပေ။ ဖြစ်နိုင်လျှင်ငယ်စဉ်က လူရည်ချွန်စာမေးပွဲများ ဖြေဆိုခဲ့ဖူးသောဟသ်ာတမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကြီးရှိရာသို့ အမှတ်တရသွားကြည့်ချင်ပါသေးသည်။ အချိန်မရတော့၍ မရောက်ဖြစ်တော့ပါ။



နတ်မော်ကျေးရွာတွင် ဖူးတွေ့ရသည့် တိလောကဉသျှောင် လျောင်းတော်မူဘုရားကြီး

**ဦးဖိုးကျား၏ မွေးရပ်ဇာတိ**

ဟသ်ာတမြို့မှ နတ်မော်ခရီးသည်လည်းကောင်း၊ နတ်မော်မှ နိဗ္ဗာန်သို့လည်းကောင်း သွားရသည့်ခရီးက မဝေးလှပါ။ မိနစ်အနည်းငယ်သာကားမောင်းလိုက်ရပါသည်။ နတ်မော်ကျေးရွာတွင် ဉာဏ်တော် ၁၆၈ တောင်ရှိ လျောင်းတော်မူ တိလောကဥသျှောင် ရှင်သာလျောင်းဘုရားကြီးအား ဝင်ရောက်ဖူးမြော်ရင်း ကွယ်လွန်သူဇနီးသည်အတွက်ရည်စူး၍ အလှူငွေထည့်ဝင်လှူဒါန်းခဲ့ပါသေးသည်။ နတ်မော်ဆိုသည်ကလည်း ၁၉၇၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ ပြီးနောက် စစ်တက္ကသိုလ်တက်ရောက်ခွင့်ရရေး လျှောက်ထားရန် လျှောက်လွှာယူခဲ့သည့် နယ်မြေခံတပ်ရင်း တည်ရှိရာ ရွာကြီးတစ်ရွာဖြစ်သည်။ ထို့အပြင် စာရေးဆရာကြီး ပါရဂူ၏ ဇာတိမြေ၊ သူဖွင့်လှစ်ပေးခဲ့သော စာကြည့်တိုက်တည်ရှိရာ အရပ်ဒေသတစ်ခုလည်း ဖြစ်နေပေသည်။ ထိုနည်းတူစွာ ရှေ့တွင် ခရီးဆက်ရမည့် နိဗ္ဗာန်ကျေးရွာဆိုသည်မှာလည်း အမျိုးသားပညာဝန် ဦးဖိုးကျား၏ မွေးရပ်ဇာတိဖြစ်ကြောင်း လေ့လာသိရှိရသည်။ ဟာသသရုပ်ဆောင် လူရွှင်တော်များကတော့ နိဗ္ဗာန်ရောက်ချင်လျှင် ဟသ်ာတကိုအရင်သွားဟူသော ပြက်လုံးထုတ်၍ ပြောခဲ့ကြဖူးသည်။ နိဗ္ဗာန်ကိုကျော်လျှင် ရောက်ရှိသွားမည့်နေရာမှာ အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ မွေးရပ်ဇာတိမြေ ယုန်သလင်းကျေးရွာဖြစ်သည်။




အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ ဇာတိမြေ ယုန်သလင်းကျေးရွာ

**အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်**

အဖ ယုန်သလင်းရွာသူကြီး မန်းပေကုန်းနှင့် အမိဒေါ်ပုတို့မှ ၁၉၀၃ ခု၊ အောက်တိုဘာလ ၂၆ ရက်တွင် ဖွားမြင်ခဲ့သည်။ ငယ်စဉ်က ဟသ်ာတမြို့ အေဘီအမ်ကျောင်းတွင် ပညာသင်ကြားခဲ့ကြောင်း၊ ၁၉၃၇ ခုနှစ်တွင် ပုသိမ်မြောက်ပိုင်းဒေသ အမတ်အဖြစ် အရွေးခံရကြောင်း၊ ဖက်ဆစ်တို့ကိုတော်လှန်ခဲ့ရာ၌ ရှုပ်ရှုပ်ချွံချွံဆောင်ရွက်ခဲ့ပြီး ကရင်-ဗမာချစ်ကြည်ရေးကိုလည်း အထူးကြိုးပမ်းတည်ဆောက်ခဲ့ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဝန်ကြီးအဖွဲ့တွင် စက်မှု၊ လက်မှုနှင့် အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးအဖြစ် တာဝန်ယူခဲ့ကြောင်း ယုန်သလင်းကျေးရွာအဝင် လမ်းမကြီးဘေးတွင် ကမ္ပည်းကျောက်စာတိုင် ရေးထိုးဂုဏ်ပြုထားသည်ကို တွေ့ခဲ့ရသည်။ ထိုမှ ခမောက်စုကျေးရွာကိုဖြတ်ပြီး အိုင်သပြုသို့ ရောက်ခဲ့သည်။ ခမောက်စုဆိုသည်မှာလည်း မိမိတို့ ဧရာဝတီတိုင်းသားများ ကြုံဖန်၍ ဂုဏ်ယူကြမည်ဆိုပါက ယူနိုင်သော နိုင်ငံ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ဂိုးသမားလေး မေခင်ယမင်း၏ ဇာတိမြေဖြစ်သည်။ စာရေးသူငယ်စဉ်က အသုတ်မြို့တွင်ကျောင်းတက်နေသော အစ်ကိုများရှိရာသို့ ဦးကြီး၊ ဦးလေးများနှင့်အတူ လိုက်ပါခဲ့စဉ် ဟသ်ာတမှထွက်လာသော ရထားကိုစောင့်၍ ခမောက်စု- ပုသိမ်ရထားလမ်းအတိုင်း အသုတ်မြို့သို့သွားခဲ့ဖူးသော နေရာတစ်ခုဖြစ်သည်။

မရောက်တာကြာပြီဖြစ်သော ခမောက်စုဘူတာလေး ရှိရာသို့ သွားရောက်ကြည့်ရှု ငေးမောခဲ့သေး၏။ တစ်ချိန်က ငဝန်မြစ်ကမ်းဘေးရှိ အိုင်သပြုကျေးရွာလေးတွင် ကားလမ်း ဆုံးခဲ့သော်လည်း ယခုအခါ အိုင်သပြု-လေးမျက်နှာလမ်းနှင့် အိုင်သပြု-ငါးသိုင်းချောင်း လမ်းများကို အဆင့်မြှင့်တင် ဖောက်လုပ်ထားပြီးဖြစ်ရာ လေးမျက်နှာ-အိုင်သပြု-ငါးသိုင်း ချောင်းလမ်းအတိုင်း ပုသိမ်-မုံရွာလမ်းမကြီးသို့ ရောက်ရှိသွားမည်ဖြစ်ပေသည်။ လေးမျက်နှာမြို့လေးသည်လည်း ဟိုတစ်ချိန်ကကဲ့သို့ လမ်းဆုံးမြို့လေး မဟုတ်တော့ပါ။ ။

# မျိုးဆက်သစ်လူငယ်များ၏ အားကစားလှုပ်ရှားမှုအဖြစ် သံဖြူဇရပ်မြို့၌ စုပေါင်းစက်ဘီးစီးပွဲဆင်နွှဲ

**သံဖြူဇရပ် ဇန်နဝါရီ ၁၀**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပငကျေးရွာ အားကစားနှင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကြီးမှူး၍ မျိုးဆက်သစ် လူငယ်များ၏ ကျန်းမာရေးအသိပညာနှင့် အားကစားစိတ်ဓာတ်ရှင်သန်တိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုးထိန်းသိမ်းစောင့်ရှောက်တတ်စေရေး ဦးတည်ချက်ဖြင့် ဒုတိယအကြိမ်မြောက် စုပေါင်းစက်ဘီးစီးပွဲကို ဇန်နဝါရီ ၇ ရက်က ကျင်းပခဲ့သည်။

စုပေါင်းစက်ဘီးစီးပွဲတွင် ပငကျေးရွာ အထက်တန်းကျောင်း အရှေ့မှ စတင်ထွက်ခွာပြီး သံဖြူဇရပ်မြို့ နေသဟာရစစ်သင်္ချိုင်းအထိ အသွားအပြန် ရှစ်မိုင်ခရီးကို စီးနင်းခဲ့ကြကာ မူလတန်းမှ အထက်တန်းအထိ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာအတွင်းမှ လူငယ်များ စုစုပေါင်း အင်အား ၃၅၀ ခန့် ပါဝင်ခဲ့ကြသည်။

စုပေါင်းစက်ဘီးစီးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို သံဖြူဇရပ်မြို့နယ် စက်ဘီးကော်မတီက ပါဝင် ကူညီအားဖြည့်ပေးကြောင်း သိရသည်။

ကျော်ဝင်း(သံဖြူဇရပ်)



# မြန်မာ့စီးပွားရေးဘဏ်မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် SME ချေးငွေအကြောင်း ရှင်းလင်း

**မြိတ် ဇန်နဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ အသေးစား အလတ်စား လုပ်ငန်းရှင်များအား မြန်မာ့စီးပွားရေး ဘဏ်မှ SME ချေးငွေများ ထုတ်ချေးပေးမည့် အစီ အစဉ်ကို လုပ်ငန်းရှင်များသိရှိစေရန် ရည်ရွယ်၍ မြိတ်ခရိုင်ဘဏ်ခွဲ၌ မြန်မာ့စီးပွားရေးဘဏ်မှ အကောင်အထည်ဖော် ဆောင်ရွက်မည့် SME ချေးငွေ အကြောင်း ရှင်းလင်းပွဲကို ဇန်နဝါရီ ၆ ရက်က ကျင်းပခဲ့သည်။

ချေးငွေအကြောင်း ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက အမှာစကား ပြောကြားပြီး မြန်မာ့စီးပွားရေးဘဏ် တိုင်းဒေသကြီးမန်နေဂျာ ဦးထွန်းထွန်းဝင်းက မြန်မာ့စီးပွားရေးဘဏ်မှ အကောင်အထည် ဖော်ဆောင် ရွက်မည့် SME ချေးငွေ အကြောင်းကို အသေးစိတ် ရှင်းလင်းသည်။ ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူတို့က အသေးစား၊ အလတ်စားလုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ CGI အာမခံနှင့် ပတ်သက်သော သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။



မြန်မာ့စီးပွားရေးဘဏ်မှ အကောင်အထည်ဖော် ဆောင်ရွက်မည့် SME ချေးငွေကို ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်ထုတ်ရောင်းဝယ်မှုလုပ်ငန်းများ၊ ပြည်ပပို့ကုန်လုပ်ငန်းများ၊ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ Recycling နှင့် Energy Saving လုပ်ငန်းများ၊ နည်းပညာအခြေခံ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ စသောစီးပွားရေး လုပ်ငန်းများကို ဦးစားပေးလုပ်ငန်းများအဖြစ် သတ်မှတ်၍ ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## ပျိုရွယ်သူကျန်းမာရေးမြှင့်တင်ခြင်းဆိုင်ရာများ အသိပညာပေးဟောပြော

**မြင်းခြံ ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သီတာဝင်းနှင့် အဖွဲ့ဝင်များသည် မြင်းခြံမြို့နယ်ရှိ နတ်ထားကျေးရွာနှင့်ကူရွာ ကျေးရွာသို့ ဇန်နဝါရီ ၇ ရက်က ကွင်းဆင်းသွားရောက်၍ ပျိုရွယ်သူကျန်းမာရေးမြှင့်တင်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းအဖွဲ့သည် နံနက်ပိုင်းတွင် နတ်ထားကျေးရွာသို့ လည်းကောင်း၊ နေ့လယ်ပိုင်းတွင် ကူရွာကျေးရွာသို့လည်းကောင်း သွားရောက်၍ ပျိုရွယ်သူကျန်းမာရေး မြှင့်တင်ခြင်းဆိုင်ရာ အကြောင်းအရာများကို ပညာပေး ဟောပြောဆွေးနွေးခဲ့ကာ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြစ်စေသော အစားအစာများနှင့် ဆေးများ ထောက်ပံ့ပေးခြင်း၊ သားဆက်ခြားခြင်းအတွက် စားဆေးများပေးအပ်ခြင်း၊ သုံးလခံဆေးများ ထိုးပေးခြင်း၊ သားဆက်ခြားခြင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ရွှေဆံတော်နှင့် စကားတောင်စေတီ ဗုဒ္ဓပူဇနိယပွဲတော်တွင် လက်ဝှေ့ပြိုင်ပွဲ၌ လေးနိုင်ငံအထူးစိန်ခေါ်ပွဲများ ပါဝင်မည်

**ရေး ဇန်နဝါရီ ၁၀**

မွန်ပြည်နယ် ရေးမြို့၏ ကျက်သရေဆောင်ဘုရားဖြစ်သည့် ရွှေဆံတော်စေတီနှင့်စကားတောင်စေတီ အကြိမ်(၁၃၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်ရက်အတွင်း ကျင်းပမည့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲတွင် မြန်မာ၊ ထိုင်း၊ အီရန်နှင့် လာအိုနိုင်ငံတို့မှ ချန်ပီယံများ၏ အထူးစိန်ခေါ်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေး ကော်မတီမှ သိရသည်။

အထူးစိန်ခေါ်ပွဲများအဖြစ် ရွှေခါးပတ်ချန်ပီယံ စောဂေါ်မူဒို(မြန်မာ)နှင့် ကီဘင်ဆိုလာမနီ(အီရန်)၊ ရွှေခါးပတ်ချန်ပီယံ မိုက်ရိုင်းလေး(ရွှေဖူး)(မြန်မာ)နှင့် ပုထိုင်း(ထိုင်း)၊ ရွှေရာမာဉ်(မြန်မာ)နှင့် ဒွန်ဆန်ပေါင်(ထိုင်း)၊ ရဲသွေးနီ(တောင်ကလေး)(မြန်မာ)နှင့် ပတ်မွန်ချွန်း(လာအို) တွဲဆိုင်းများ ပါဝင်မည်ဖြစ်ကာ အခြား ပြည်တွင်းကလပ်များမှ လက်ဝှေ့ကျော်များ၏ အထူးစိန်ခေါ်ပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း ကျင်းပရေး ကော်မတီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်ရက်အတွင်း မြန်မာ့ရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပွဲနှင့်အတူ မြန်မာအဆိုတော်များဖြစ်သည့် ရင်ဂို၊ မနော၊ စောလားထော်ဝါ၊ မိုးသောက်၊ သီဟသန်းဝင်း၊ ဆင်ပေါက်၊ ဖြူဖြူကျော်သိန်း စသည့်တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေကြမည်ဖြစ်ကြောင်း၊ ပွဲတော်တွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မွန်ပြည်နယ် ဇာတ်ပွဲနှစ်ပွဲလည်း ပါဝင်ပြီး ပွဲဈေးဆိုင်များ၊ အရောင်းပြခန်းများ၊ ကလေးကစားကွင်းများလည်း ပါဝင်မည်ဖြစ်ကာ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြမည့် ဘုရားဖူး ပြည်သူများ အဆင်ပြေစေရေးအတွက် လုံခြုံရေးအပိုင်းကိုလည်း ပိုမိုတိုးမြှင့်ဆောင် ရွက်ထားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

**နေမျိုးထွန်း(ရေး)**

## သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းများကိုအများပြည်သူသိရှိရန် အသိပေးကြေညာချက်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက် ရှိသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကိုစစ်ဆေးခဲ့ရာအောက်ဖော်ပြပါ အလှကုန်ပစ္စည်းလေးမျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်းစစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန်မသင့်တော်ကြောင်း အသိပေးနှိုးဆော်ထားသည်။

အဆိပ်သင့်ဓာတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊




ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြား ရောဂါများဖြစ်ပွားနိုင်ပါသည်။

အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီ လက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic) အရလုံးဝမပြု လုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ ကျန်းမာရေးဆိုင်ရာဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အသိပေးထားသည်။ **(မြန်မာ့အလင်း)**

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Dr. YANHEE Skin Care Set (Pink Color) | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Hydroquinone (+) Mercury (+) |
| ၂။ | Beauty Sleep Whitening Night Cream | Made in Korea | Mercury (+) |
| ၃။ | Jin Yan Ji Beauty White | Specially formulated by jinyanji laboratories. korea | Mercury (+) |
| ၄။ | 12 တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည် | Specially formulated by yanji laboratories. korea | Mercury (+) |

## အလုပ်အမှုဆောင် ၁၉ ဦးပါဝင်သည့် မကွေး Book Club ကော်မတီ စတင်ဖွဲ့စည်း

**မကွေး ဇန်နဝါရီ ၁၀**

လွတ်လပ်သောစာပေအဖွဲ့အစည်းတစ်ခုဖြစ်သည့် မကွေး Book Club ကော်မတီကို အလုပ်အမှုဆောင် ၁၉ ဦးဖြင့် စတင်ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း မကွေးခရိုင်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre တွင် ဇန်နဝါရီ ၇ ရက်က ပြုလုပ်သည့် အစည်းအဝေးမှ သိရသည်။

“Book Club ကော်မတီကို ၁၉ ဦးနဲ့ဖွဲ့စည်းပြီးဖြစ်လို့ ဒီကော်မတီကဦးဆောင်ပြီး စာပေဖွံ့ဖြိုးရေး လုပ်ငန်းတွေ၊ အခြားလူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်သွားမှာပါ။ ရသစာပေဖွံ့ဖြိုးမှု အားနည်းတဲ့အပေါ်မှာ တကယ်လိုအပ်တဲ့ ကုစားမှုတစ်ခုလို့ မြင်ပါတယ်”ဟု ဒုဥက္ကဋ္ဌ ဆရာနေခြည် (မကွေး)က ပြောသည်။



မကွေး Book Club တွင် နာယကများအဖြစ် ဦးသဇ္ဇန (သာကီနွယ်သွေး)၊ ဆရာ မောင်တင်စိုး(သစ်ရာကောက်)၊ ဆရာနေအောင်နိုင်၊ ဆရာမောင်မွန်မြတ် (ကျေးလက်) နှင့် ဦးဟိန်းထက်၊ အကြံပေးများအဖြစ် ဆရာမောင်ကြင် (သစ်ရာကောက် )၊ ဆရာမောင်တင်ခြုံ၊ ဒေါက်တာကျော်လင်း(ကျော်-မြန်မာစာ)၊ ဒေါက်တာမြင့်စိုး(သင်ကြားရေးဆေးရုံအုပ်)တို့ ပါဝင်ပြီး စာပေရေးရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## ရသစာပေဆွေးနွေးပွဲများ တစ်လလျှင် နှစ်ကြိမ်ပြုလုပ်မည်

**သာစည် ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့၌ ရသစာပေဆွေးနွေးပွဲများကို လစဉ် နှစ်ကြိမ်စီ ကျင်းပပြုလုပ်နိုင်ရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၇ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ကွန်မြူနတီစင်တာခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲတွင် စာရေးဆရာရဲသျှမ်းက ဒေသခံစာရေးဆရာများ၊ စာပေချစ်သူများတွေဆုံပြီး ရသစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လစဉ်စာပေဆွေးနွေးပွဲပြုလုပ်နိုင်ရန် လိုအပ်ကြောင်း၊ စာပေမြတ်နိုးသူများအနေဖြင့် စာအရေးအသားများကို တင်ပြနိုင်ခွင့် အခွင့်အရေးများလည်း ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူအများစုက ဝိုင်းဝန်းဆွေးနွေးကြပြီး သာစည်မြို့၌ ရသစာပေဆွေးနွေးပွဲကို တစ်လလျှင်နှစ်ကြိမ် စနေနေ့များတွင် ကျင်းပသွားရန် ဆုံးဖြတ်အတည်ပြုခဲ့ကြရာ ယခု ဇန်နဝါရီလအတွက် ရသစာပေဆွေးနွေးပွဲကို ဇန်နဝါရီ ၁၃ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

## ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ဖြစ်မြောက်ရေး အလှူငွေ ပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၁၀**

သာကေတမြို့နယ် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ဖြစ်မြောက်ရေးအတွက် အလှူငွေ ပေးအပ်ပွဲကို ဇန်နဝါရီလ ပထမပတ်က မြကန်သာ ပန်းခြံရှိ အဆိုပါ ကြေးရုပ်ထားရှိမည့် ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာဝေဖြိုးအောင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ဒေါ်သက်ထားနွယ်ဝင်း (တိုင်းဒေသကြီးလွှတ်တော်အမှတ် (၂) ကိုယ်စားလှယ်) နှင့် ကော်မတီဝင်များ၊ အလှူရှင်များ တက်ရောက်ကြပြီး သာကေတမြို့နယ် လူမှုကူညီမှုအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့် ဇနီး ဒေါ်မြမြရီတို့အဖွဲ့ဝင်များက ငွေကျပ် ၇၉ သိန်း ပေးအပ်လှူဒါန်းရာ ဒေါ်သက်ထားနွယ်ဝင်းက လက်ခံယူပြီး ဒေါက်တာဝေဖြိုးအောင်က ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

မင်းဓမ္မကုန်းတော်၊ လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)

သာသနာနှစ် ၂၅၆၁

# ၁၇-ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဓမ္မပူဇာသဘင်

ခရစ်နှစ် ၂၀၁၈ ခုနှစ်



**ဒေါက်တာအရှင်ဝိမလ**
သာသနဓဇဓမ္မာစရိယ၊
ဝိနယဝိဒူ M.A(Pali),Ph.D
တရားဟောကြားမည့်နေ့
၂၇-၁-၂၀၁၈
(စနေနေ့)



**ဘဒ္ဒန္တရေဝတ**
**(သာသနာ့ပျိုးခင်း)**
သာသနတက္ကသိုလမဟာဓမ္မာစရိယ
M.A(Buddhism)
တရားဟောကြားမည့်နေ့
၂၈-၁-၂၀၁၈
(တနင်္ဂနွေနေ့)



**ဘဒ္ဒန္တမာလာစာရ**
(ဓမ္မာစရိယ)
ပြည်တွင်းပြည်ပသာသနာပြု
ပဓာနနာယက
တရားဟောကြားမည့်နေ့
၂၉-၁-၂၀၁၈
(တနင်္လာနေ့)

မင်းဓမ္မကုန်းတော် ဓမ္မရင်ပြင်တွင် ညစဉ်(၇း၀၀)နာရီအချိန် တရားအလှူ ပေးဝေခြင်းကို ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

---

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈)ဖြင့် ဒေါက်တာချမ်းငြိမ်း၊ ကိုစောငြိမ်း၊ ကိုလှမျိုး၊ ကိုမင်းသန့်(အောင်မြင်သူဆောက်လုပ်ရေးနှင့် အိမ်ရာမြေဖွံ့ဖြိုးရေးကုမ္ပဏီ)တို့၏မိခင်ကြီး **ဒေါ်သင်းသင်း (အောင်မြင်သူကုမ္ပဏီများအုပ်စု)**အား **သုဓမ္မသီဂီဘွဲ့တံဆိပ်ကို** ထိုက်တန်စွာ ချီးမြှင့်ခဲ့သဖြင့် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အမျိုး၊ ဘာသာ၊ သာသနာနှင့် နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဦးဘအောင်-ဒေါ်မြင့်မြင့် မိသားစု**
**ဖြဟ္မာမင်းသင်္ကန်း၊ မန္တလေးမြို့**

---

# အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်း

၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၄ရက်၊ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင်

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၈ဖြင့်

**ဦးဟံရှင် (ရွှေဝင့်ဝါ-ရတနာရွှေဆိုင်)ကို**

သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရသည့်အတွက် အလွန်ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း၊

ဘာသာ သာသနာအကျိုး ဆတိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးဘိုတင်+ဒေါ်ကြည်ရင် **(သစ္စာရောင်ခြည်-သင်္ကန်းတိုက်)**

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ရွှေလျှံပိုင် ၁၀/မလမ(နိုင်)၂၁၅၆၅၂ ၏ (Passport-M-463840)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၂၆၂၃၀၀**

---

# အစည်းအဝေးဖိတ်ကြားခြင်း

ရန်ကုန်မြို့၊ ရန်ဒေး(ရ်)စွန်နီဝိုဟ်ရာပန်ချာယက်အသင်းသားများ၏ အစည်းအဝေးကို ၂၀၁၈ခုနှစ် ဇန်နဝါရီ ၂၈ရက် (တနင်္ဂနွေနေ့)နံနက် ၉း၃၀ နာရီတိတိတွင် အမှတ်(၁၆၅)၊ရွှေဘုံသာလမ်းရှိ ရန်ဒေးရ်ခန်းမဆောင်တွင် အောက်ဖော်ပြပါ အစီအစဉ်များအတိုင်း ကျင်းပမည်ဖြစ်ပါသည်။

**အစည်းအဝေး အစီအစဉ်များ**

၁။ ၂၀၁၂ခုနှစ် မတ် ၂၅ ရက်က ကျင်းပခဲ့သော အစည်းအဝေးမှတ်တမ်းကို အတည်ပြုရန်။
၂။ ၂၀၁၂ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ခုနှစ် မတ် ၃၁ ရက်အထိ စာရင်းစစ်ပြီး ဘဏ္ဍာရေးရှင်းတမ်းများကို အတည်ပြုရန်။
၃။ အုပ်ချုပ်မှုစည်းမျဉ်းအပိုဒ် ၃၂(က)အရ ကြိုတင် တင်ပြလာသောစာများကို ဖြေကြားရန်။
၄။ အုပ်ချုပ်မှုစည်းမျဉ်းအပိုဒ်(၈)အရ အုပ်ချုပ်မှု ဘဏ္ဍာထိန်းလူကြီး (၅)ဦးအား (၅)နှစ်သက်တမ်းအတွက် ရွေးချယ်တင်မြှောက်ရန်။
၅။ မှတ်ပုံတင်စာရင်းစစ် တစ်ဦး ခန့်ထားရန်။

**အီးစီးအစ္စမေး**
**အုပ်ချုပ်မှုဘဏ္ဍာထိန်းလူကြီး**

**မှတ်ချက်** ။

စာရင်းစစ်ပြီး ဘဏ္ဍာရေးရှင်းတမ်းများကို အစည်းအဝေးမတိုင်မီ ၁၅ရက်ကြိုတင်၍ ဘဏ္ဍာထိန်းအဖွဲ့ရုံးခန်းတွင် အသင်းသားများ ရုံးချိန်အတွင်း စစ်ဆေးကြည့်ရှုနိုင်ရန် ထားရှိပါသည်။ စာရင်းစစ်ပြီး ဘဏ္ဍာရေးရှင်းတမ်းမိတ္တူများနှင့် အစီရင်ခံစာတို့ကိုလည်း ရယူနိုင်ကြပါသည်။

အသင်းသားများမှ ဘဏ္ဍာထိန်းလူကြီးအဖြစ် ပါဝင်ရွေးချယ်ခံရန် ဆန္ဒရှိသူများသည် ဆန္ဒပြုလွှာများကို ရုံးခန်းတွင် ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်ထုတ်ယူဖြည့်ဆည်းတင်သွင်းနိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

လျှောက်လွှာပိတ်ရက် ၁၈-၁-၂၀၁၈ ရက် ညနေ ၄း၀၀ နာရီတိတိ။

---

## မုံရွေး+ကြေးမုံ အထက
## (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

မုံရွာမြို့နယ်၊ မုံရွေး+ကြေးမုံ အထက၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၁-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း ရွှေရတုခန်းမ၌ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ကိုထွန်းတင့်ဝင်း (ရန်ကုန်) ဖုန်း-၀၉-၂၅၄၅၄၇၀၂၅၊ ကိုဝင်းမြင့် ဖုန်း-၀၉-၄၀၀၄၁၄၈၈၂၊ ကိုနိုင်စိုး ဖုန်း-၀၉-၂၅၈၅၈၆၈၇၇ နှင့် ကိုမျိုးသစ် ဖုန်း-၀၉-၃၃၂၀၀၈၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ **အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

---

## လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)
## နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး (၂၀၁၈)၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို (၂၁-၁-၂၀၁၈) တနင်္ဂနွေနေ့ နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီထိ ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ သီရိရတနာခန်းမ၌ ကျင်းပပါမည်။ အသက်(၈၀)နှင့်အထက် အသင်းဝင်/အသင်းဝင်၏မိဘများ၊ ၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရှင်များ၊ဘက်စုံထူးချွန်(လူရည်ချွန်)ဆုရရှိသူများ၊ အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ပါရဂူဘွဲ့(Ph.D) ရရှိသူများ၊ နိုင်ငံတော်မှချီးမြှင့်သည့် ဂုဏ်ထူးဘွဲ့ထူးရရှိသူများအနေဖြင့် ရန်ကုန်မြို့တွင် ဥက္ကဋ္ဌ ဦးရွှေလှိုင် ဖုန်း-၀၉-၉၇၄၀၅၇၂၉၂၊ အတွင်းရေးမှူး ဦးသန်းထွန်း ဖုန်း-၀၉-၄၄၈၀၀၉၆၃၃၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လေး ဖုန်း-၀၉-၅၁၅၅၃၉၉၊ ဘဏ္ဍာရေးမှူး ဦးအမိုင် ဖုန်း-၀၉-၅၀၁၃၄၃၃၊ စာရင်းစစ် ဦးသက်လွင် ဖုန်း-၀၉-၇၈၄၃၁၃၇၅၀၊ အသင်းတိုက်ရုံး ဖုန်း-၀၁-၂၂၂၀၈၈နှင့် လပွတ္တာမြို့တွင် ဌာနအမှူဆောင် ဦးအင်းကက်၊ ဦးမြတ်စိုးတို့ထံ (၁၆-၁-၂၀၁၈)ရက် နောက်ဆုံးထား၍ စာရင်းပေးဆက်သွယ်ကြပါရန်နှင့် အခမ်းအနားသို့ စုံညီစွာတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (အသင်းသားစာရင်းများ မှန်ကန်ရေးအတွက် အသင်းသားအားလုံး ဆက်သွယ်ကြပါရန်လည်း နှိုးဆော်အပ်ပါသည်။)

**အမှုဆောင်အဖွဲ့**
**လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)**

---

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၈ခုနှစ် နှစ်(၇၀)ပြည့် (လွတ်လပ်ရေးနေ့)တွင် **သုဓမ္မမဏိဇောတဓရ** ဘွဲ့ ချီးမြှင့်ခံရသော **ဦးဇော်ဝင်း** ဥက္ကဋ္ဌ ဇော်ထက်ပိုင် အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးအုပ်စု ကုမ္ပဏီလီမိတက်အမှုဆောင်အရာရှိချုပ် စိန်ရွှေထိပ်တန်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အတွက် အလွန်ပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဦးပိုက်တင်-ဒေါ်စီစီနွဲ့**
**နှင်းဝတ်ရည်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

---

# မြတ်ဆရာပူဇော်ကန်တော့ပွဲ
# ဖိတ်ကြားခြင်း

၁၉၆၈/၁၉၇၂ ပညာသင်နှစ်၊ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ မြန်မာစာအဓိက ကျောင်းသူကျောင်းသားများ၏ (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို အောက်ပါအတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** ။ ။၄-၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့)
**အချိန်** ။ ။၀၉း၀၀ နာရီ
**နေရာ** ။ ။တိုက်ကြီးဘုန်းတော်ကြီးကျောင်း
ဗဟိုလမ်း (ရှမ်းလမ်း) (ဆီဆုံလမ်းအနီး) စမ်းချောင်းမြို့နယ်

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ သဒ္ဓမ္မဂရု(ပုသိမ်)ကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဂန္ထကာရက ဝိနယဂရုကဖြစ်တော်မူသော ကျေးဇူးတော်ရှင် ပုသိမ်ဆရာတော် **ဘဒ္ဒန္တပဏ္ဍိတ** မဟာထေရ်မြတ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ၂၀၁၈ ခုနှစ် သာသနာတော်ဆိုင်ရာအမြင့်ဆုံး **အဘိဓဇမဟာရဋ္ဌဂုရု**ဘွဲ့တံဆိပ်တော်အား ဆက်ကပ်လှူဒါန်းခြင်းအတွက် များစွာဝမ်းသာပီတိဖြစ်ပြီး ကြည်ညိုသဒ္ဓါပွားရပါကြောင်းနှင့် ဆရာတော် ကျန်းမာချမ်းသာ သက်တော်ရာကျော်ရှည်လျက် သာသနာအကျိုး၊ လောကအကျိုးကို ဆောင်ရွက်တော်မူနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်ဘုရား။

**သဒ္ဓမ္မဂရုနွယ်ဝင်**
**တပည့်ဒါယကာ ဒါယိကာမများ**
**သဒ္ဓမ္မဂရု(ပုသိမ်)ကျောင်းတိုက်**
**စစ်တွေမြို့**

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၉)၊ မြစပါယ်လမ်း၊ ဝိဇ္ဇောတာရုံစာသင်တိုက်၏ ပဓာနနာယကဆရာတော်၊ အကျင့်သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံတော်မူသော ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး **ဘဒ္ဒန္တဝိဇ္ဇောတ**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် ၃ ရက် (၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက်)တွင် အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၈ ဖြင့် **အဘိဓဇမဟာရဋ္ဌဂုရု**ဘွဲ့တံဆိပ်တော်ကို ထပ်ဆင့်ချီးမြှင့်ကြောင်း သိရပါ၍ ဆရာတော်ကြီး၏ တပည့်ဒါယကာ ဒါယိကာမများက ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ရကြောင်းနှင့် ဆရာတော်ကြီး သက်ရှည်၊ ကျန်းမာ၊ ချမ်းသာစွာဖြင့် ဘာသာ သာသနာအကျိုး ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း တပည့်ဒါယကာ ဒါယိကာမများက ဦးထိပ်ပန်၍ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မုဒုံမြို့နယ်အသင်း (ရန်ကုန်)**
**အသင်းသူ အသင်းသားများ**

# (၄၂)နှစ်ပြည့် မင်္ဂလာဆုတောင်း

